၁၆၂၀၀

mgyoe.com

SAMPLE BOOK



မမိုးမြေ

# ဝတ္ထုရှည် သဘောတရား နှင့် ဝတ္ထုရှည် အတတ်ပညာ

mgyoe.com

mgyoe.com SAMPLE BOOK



မမိုးမြေ

ဝတ္ထုရှည်
သဘောတရား
နှင့်
ဝတ္ထုရှည်
အတတ်ပညာ

K0244

WIN MYINT OO
2018

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ- ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ်- ၂၀၀၉ ခုနှစ်၊ ရွှေကံ့ကော်စာပေ
ဒုတိယအကြိမ်- မတ်လ၊ ၂၀၁၅ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ- ၅၀၀
မျက်နှာဖုံးပုံနှိပ်- အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်- အလင်္ကာဝတ်ရည်ပုံနှိပ်တိုက်(၆၃၂၇)
အမှတ် (၁၃၅)၊ လုံးသွယ် (၁) လမ်း၊၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်။
၀၉ ၄၄၈၀၁၆၂၃၂
မျက်နှာဖုံးပန်းချီ- ဝင်းမြင့်ဦး
တန်ဖိုး- ၁'၈၀၀၀

၈၉၅.၈၃

မမိုးမြေ

ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ / မမိုးမြေ။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၅ ခုနှစ်။
စာမျက်နှာ-၃၈၄၊ ၁၃×၂၀ စင်တီမီတာ။
(၁) ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ

mgyoe.com

mgyoe.com SAMPLE BOOK

# ဝတ္ထုရှည် သဘောတရား
နှင့်
# ဝတ္ထုရှည် အတတ်ပညာ

## မပိုးမြေ

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၉၂၉၁၈၃၇ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| * | အမှာစာ | |
| | **အခန်း ၁** | |
| | ဝတ္ထုရှည် | ၁၇ |
| ၁း၁ | ဝတ္ထုရှည်သဘော | ၁၇ |
| ၁း၂ | ဝတ္ထုရှည်၏ အခန်းကဏ္ဍ | ၂၇ |
| | **အခန်း ၂** | |
| | ရည်ရွယ်ချက် | ၃၄ |
| ၂း၁ | ရည်ရွယ်ချက်သဘော | ၃၄ |
| ၂း၂ | ရည်ရွယ်ချက်နှင့် ဝတ္ထု၏ အခြားအင်္ဂါရပ်များ ဆက်စပ်ပုံ | ၃၅ |
| | **အခန်း ၃** | |
| | ဇာတ်လမ်း | ၃၉ |
| ၃း၁ | ဇာတ်လမ်း၏သဘောနှင့် အခန်းကဏ္ဍ | ၃၉ |
| ၃း၂ | ဇာတ်လမ်း၏ အင်္ဂါရပ်များ | ၅၃ |
| ၃း၃ | ဇာတ်လမ်း၏ သွင်ပြင်လက္ခဏာများ | ၆၀ |
| ၃း၄ | ဇာတ်လမ်းဖန်တီးမှု အတတ်ပညာ | ၆၅ |
| ၃း၄း၁ | အကြောင်းဆက်နည်းကိုသုံးခြင်း | ၆၅ |
| ၃း၄း၂ | အားပြိုင်မှုကိုသုံးခြင်း | ၆၈ |
| ၃း၄း၂း၁ | သဘာဝတရားနှင့်အားပြိုင်ခြင်း | ၇၁ |
| ၃း၄း၂း၂ | အဓိကဇာတ်ဆောင်ကို ဆန့်ကျင်ဘက် ဇာတ်ဆောင်များနှင့် အားပြိုင်စေခြင်း | ၇၁ |
| ၃း၄း၂း၃ | လူ့အဖွဲ့အစည်းနှင့်အားပြိုင်ခြင်း | ၇၆ |
| ၃း၄း၂း၄ | လူတစ်ဦးတည်း၏ အတွင်းစိတ်ချင်းအားပြိုင်ခြင်း | ၇၈ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၃း၄း၂း၅ | ကံကြမ္မာနှင့် အားပြိုင်ခြင်း | ၈၀ |
| ၃း၄း၃ | အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း | ၈၂ |
| ၃း၄း၃း၁ | ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်းအမူအရာကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်း | ၈၄ |
| ၃း၄း၃း၂ | ဇာတ်ကွက်အလိုက် ဇာတ်ဆောင်၏ လှုပ်ရှားဟန် အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်း | ၈၆ |
| ၃း၄း၃း၃ | ဇာတ်ဆောင်၏ ခံစားမှုကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်း | ၈၇ |
| ၃း၄း၃း၄ | ဇာတ်ဆောင်၏ အတွေးစဉ်ကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်း | ၈၉ |
| ၃း၄း၃း၅ | ကာလ၊ ဒေသနောက်ခံကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်း | ၉၁ |
| ၃း၄း၄ | မြှုပ်ကွက်ကိုသုံးခြင်း | ၉၆ |
| ၃း၄း၅ | လှည့်ကွက်ကိုသုံးခြင်း | ၉၇ |
| ၃း၄း၆ | တိုက်ဆိုင်မှုကိုသုံးခြင်း | ၁၀၀ |
| ၃း၄း၇ | တွေ့လွဲနည်းကိုသုံးခြင်း | ၁၀၂ |
| ၃း၄း၈ | ဇာတ်ပျိုးပိုင်းဖန်တီးပုံ | ၁၀၃ |
| ၃း၄း၈း၁ | ကာလ၊ ဒေသနောက်ခံအဖွဲ့နှင့် အစပျိုးခြင်း | ၁၀၃ |
| ၃း၄း၈း၂ | ဇာတ်ဆောင်နှင့် မိတ်ဆက်ပေးခြင်း | ၁၀၅ |
| ၃း၄း၈း၃ | ဇာတ်ဆောင်၏ ခံစားမှု၊ အတွေးအမြင်ဖြင့် အစပျိုးတင်ပြခြင်း | ၁၀၇ |
| ၃း၄း၈း၄ | စာဖတ်သူ၏စိတ်ကို သိလိုစိတ်ထက်သန်စေသော ဇာတ်ဝင်ခန်းနှင့် စတင်ခြင်း | ၁၀၉ |
| ၃း၄း၉ | ဇာတ်ထွတ်ပိုင်း ဖန်တီးပုံ | ၁၁၂ |
| ၃း၄း၉း၁ | အားပြိုင်မှုဖြင့် ဖန်တီးခြင်း | ၁၁၃ |
| ၃း၄း၁၀ | ဇာတ်သိမ်းပိုင်းဖန်တီးပုံ | ၁၂၀ |
| ၃း၄း၁၀း၁ | ဇာတ်ဆောင်၏ခံစားမှု အတွေးအမြင်နှင့် ဇာတ်သိမ်းခြင်း | ၁၂၀ |
| ၃း၄း၁၀း၂ | ကြေကွဲဖွယ်ဖြစ်ရပ်နှင့် ဇာတ်သိမ်းခြင်း | ၁၂၃ |


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၄

| | | |
|---|---|---|
| | ဇာတ်ဆောင် | ၁၂၈ |
| ၄း၁ | ဇာတ်ဆောင်သဘော | ၁၂၈ |
| ၄း၂ | ဇာတ်ဆောင်၏အခန်းကဏ္ဍ | ၁၃၃ |
| ၄း၃ | စာရေးသူနှင့်ဇာတ်ဆောင် | ၁၅၀ |
| ၄း၄ | ဇာတ်ဆောင်နှင့်ဒိဋ္ဌလောက | ၁၆၅ |
| ၄း၅ | ဇာတ်ဆောင်အမျိုးအစားများ | ၁၇၂ |
| ၄း၆ | ဇာတ်ဆောင်စရိုက်ဖော်နည်း | ၁၈၇ |
| ၄း၆း၁ | ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်းနှင့် အမူအရာဖြင့်စရိုက်ဖော်ခြင်း | ၁၈၇ |
| ၄း၆း၂ | ဇာတ်ဆောင်၏ အပြောနှင့်စရိုက်ဖော်ခြင်း | ၁၈၉ |
| ၄း၆း၃ | ဝေဖန်ဆန်းစစ်မှုနှင့်တင်ပြခြင်း | ၁၉၄ |
| ၄း၆း၄ | အခြားဇာတ်ဆောင်များ၏ တုံ့ပြန်မှုနှင့် စရိုက်ဖော်ပြခြင်း | ၁၉၆ |
| ၄း၆း၅ | ဇာတ်ဆောင်၏အပြုအမူ လှုပ်ရှားမှုတို့နှင့် စရိုက်ဖော်ခြင်း | ၁၉၈ |

## အခန်း ၅

| | | |
|---|---|---|
| | ကာလ၊ ဒေသနောက်ခံ | ၂၁၄ |
| ၅း၁ | ကာလ၊ ဒေသနောက်ခံသဘော | ၂၁၄ |
| ၅း၂ | ကာလ၊ ဒေသနောက်ခံအမျိုးအစားများ | ၂၃၇ |
| ၅း၂း၁ | ဩကာသဝန်းကျင်အဖွဲ့ | ၂၃၇ |
| ၅း၂း၂ | လူမှုရေးဝန်းကျင်အဖွဲ့ | ၂၃၉ |
| ၅း၂း၁ | စီးပွားရေးဝန်းကျင်အဖွဲ့ | ၂၄၁ |
| ၅း၂း၄ | နိုင်ငံရေးဝန်းကျင်အဖွဲ့ | ၂၄၂ |
| ၅း၃ | ကာလ၊ ဒေသနောက်ခံအဖွဲ့ဖန်တီးပုံ | ၂၄၃ |
| ၅း၃း၁ | သရုပ်ဖော်အရေးအသားဖြင့် တင်ပြခြင်း | ၂၄၃ |
| ၅း၃း၂ | ဇာတ်ဆောင်၏အပြောဖြင့် ရေးသားတင်ပြခြင်း | ၂၄၄ |
| ၅း၃း၃ | ဇာတ်ဆောင်၏အတွေးဖြင့် တင်ပြခြင်း | ၂၄၅ |

mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၅း၄ | ကာလ၊ ဒေသနောက်ခံ၏ အခန်းကဏ္ဍ | ၂၄၆ |
| ၅း၄း၁ | ကာလ၊ ဒေသနောက်ခံနှင့်ဇာတ်လမ်း | ၂၄၆ |
| ၅း၄း၂ | ကာလ၊ ဒေသနောက်ခံနှင့်ဇာတ်ဆောင် | ၂၄၉ |
| ၅း၄း၂း၁ | ကာလ၊ ဒေသနောက်ခံနှင့် ဇာတ်ဆောင်စရိုက်ဆက်သွယ်မှု | ၂၅၀ |
| ၅း၄း၂း၂ | ကာလ၊ ဒေသနောက်ခံနှင့် ဇာတ်ဆောင်၏စိတ်ခံစားမှု၊ အတွေးဆက်သွယ်မှု | ၂၅၂ |
| ၅း၄း၂း၃ | ကာလ၊ ဒေသနောက်ခံနှင့် ဇာတ်ဆောင်ဘဝသရုပ်ဖော်မှု | ၂၅၅ |


## အခန်း ၆


| | | |
|---|---|---|
| | ပြောစကား | ၂၅၈ |
| ၆း၁ | ပြောစကား၏သဘော | ၂၅၈ |
| ၆း၂ | ပြောစကား၏အခန်းကဏ္ဍ | ၂၇၅ |
| ၆း၃ | ပြောစကားနှင့်ဇာတ်လမ်း | ၂၇၈ |
| ၆း၃း၁ | ဇာတ်လမ်းအပေါ် စိတ်ဝင်စားမှုဖြစ်စေခြင်း | ၂၇၈ |
| ၆း၃း၂ | ဇာတ်လမ်းရွေ့လျားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခြင်း | ၂၈၀ |
| ၆း၄ | ပြောစကားနှင့်ဇာတ်ဆောင် | ၂၈၄ |
| ၆း၄း၁ | ဇာတ်ဆောင်၏ဘဝအနေအထားကို ဖော်ကျူး တင်ပြနိုင်ခြင်း | ၂၈၄ |
| ၆း၄း၂ | ဇာတ်ဆောင်တို့၏စရိုက်ကို ပေါ်လွင်စေခြင်း | ၂၈၆ |
| ၆း၄း၃ | ဇာတ်ဆောင်တို့၏ခံစားမှုနှင့် အတွေးအမြင်ပါဝင်ခြင်း | ၂၉၀ |
| ၆း၄း၄ | အပြန်အလှန်ပြောစကားများတွင် ဇာတ်ဆောင် အသီးသီး၏ စရိုက်အမျိုးမျိုးပေါ်လွင်နေခြင်း | ၂၉၁ |
| ၆း၄း၅ | တစ်ဦးချင်းပြောခြင်းထက် အချေအတင် အပြန်အလှန် အားပြိုင်ပြောဆိုသည့် ပြောစကားမျိုးဖြစ်ခြင်း | ၂၉၃ |
| ၆း၄း၆ | ဒိဋ္ဌလောကရှိ ပြောစကားထက် ပို၍ စိတ်ကို စွဲငြိစေခြင်း | ၂၉၆ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၆း၄း၇ | အသင့်ယူတွဲရှိသည့် ပြောစကားဖြစ်ခြင်း | ၂၉၉ |

**အခန်း ၇**

| | | |
|---|---|---|
| | **ရှထောင့်** | ၃၀၄ |
| ၇း၁ | ရှထောင့်သဘော | ၃၀၄ |
| ၇း၂ | ရှထောင့်အမျိုးအစားများ | ၃၀၆ |
| ၇း၂း၁ | ကန့်သတ်သိရှထောင့် | ၃၀၆ |
| ၇း၂း၂ | ဓမ္မဓိဋ္ဌာန်ရှထောင့် | ၃၁၂ |
| ၇း၂း၃ | ပထမလူရှထောင့် (ဝါ) ကျွန်တော်၊ ကျွန်မရှထောင့် | ၃၁၂ |
| ၇း၂း၄ | တတိယလူရှထောင့် (ဝါ) အားလုံးသိရှထောင့် | ၃၁၆ |

**အခန်း ၈**

| | | |
|---|---|---|
| | **ရေးဟန်** | ၃၂၂ |
| ၈း၁ | ဝတ္ထုနှင့်ရေးဟန် | ၃၂၂ |
| ၈း၂ | ရေးဟန်၏သဘော | ၃၂၅ |
| ၈း၃ | ရေးဟန်အမျိုးအစားများ | ၃၃၂ |
| ၈း၄ | ရေးဟန်နှင့်ဇာတ်လမ်း၊ ဇာတ်ဆောင် | ၃၃၅ |
| ၈း၅ | ဝတ္ထုရှည်တွင်တွေ့ရသော ရေးဟန်အမျိုးအစားများ | ၃၃၇ |
| ၈း၅း၁ | ဝတ္ထုနှင့် ဖြစ်စဉ်ပြအရေးအသားများ | ၃၃၇ |
| ၈း၅း၂ | ဝတ္ထုနှင့် သရုပ်ဖော်အရေးအသား | ၃၄၀ |
| ၈း၅း၃ | ဇာတ်ဝင်ခန်း သရုပ်ဖော်အရေးအသားများ | ၃၅၀ |
| ၈း၅း၄ | ဝတ္ထုနှင့် ဖွင့်ဆိုရှင်းပြအရေးအသားနှင့် ကြောင်းကျိုးပြအရေးအသား | ၃၅၃ |
| ၈း၅း၅ | ဇာတ်ဆောင်၏စရိုက်ကို ပေါ်လွင်စေသည့် အပြောစကားပြေ | ၃၅၆ |
| ၈း၅း၆ | ဝတ္ထုရှည်နှင့် ရသမြောက်ရေးဟန် | ၃၆၁ |
| | ခြုံငုံသုံးသပ်ချက် | ၃၆၉ |
| | နိဂုံး | ၃၇၃ |
| | ကျမ်းကိုးစာရင်း | ၃၇၇ |


■

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## လေ့လာစရာ ကိုးကားစရာ ဝမ်းသာစရာ

ဝတ္ထုသဘောတရား၊ ဝတ္ထုအတတ်ပညာကို စူးစမ်းဖော်ထုတ်သော စာအုပ်စာတမ်းများ၊ ကျမ်းများ မြန်မာစာပေလောကတွင် အတန်အသင့် ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။ ဝတ္ထုလေ့လာရာတွင် ပညာရပ်အဖြစ် စနစ်တကျ လေ့လာနိုင်ရန် ထိုစာအုပ်စာတမ်းများက အထောက်အပံ့ပြုပါသည်။

ထိုစာအုပ်စာတမ်းများတွင် သူရိယကန္တိ၏ 'ဝတ္ထုရေးလိုသော်' သည် အစောဆုံးပေါ်ထွက်လာသောစာအုပ် ဖြစ်သည်ဟု ယူဆရသည်။ သူရိယကန္တိ သည် ဝတ္ထုသဘောတရား အတတ်ပညာများကို ၁၉၃၁ ကျော် ကာလကပင် ဂန္ထလောကမဂ္ဂဇင်း၌ ရေးသားခဲ့သည်။ ၁၉၅၀ ကာလတွင် 'ဝတ္ထုရေးလိုသော်' စာအုပ်ငယ်ထွက်ရာ စာပေလေ့လာသူများအတွက် လေ့လာစရာ ကိုးကားစရာ စာအုပ်တစ်အုပ် ဖြစ်လာသည်။

ဆရာတက်တိုးသည် 'ဘဝနှင့်စာပေ' ခေါင်းစဉ်ဖြင့် ဝတ္ထုသဘော တရားနည်းနာများကို ရှင်းလင်းဖွင့်ဆိုသော ဆောင်းပါးများ ရေးသားသည်။ ကမ္ဘာ့ကျော်ဝတ္ထုများနှင့်လည်း စာဖတ်ပရိသတ်ကို မိတ်ဆက်ပေးသည်။ ဆရာ ဇော်ဂျီသည် ရသစာပေအဖြစ် အရေးပါသော ဝတ္ထု၏အခန်းကဏ္ဍကို ဖော်ထုတ် ရင်း ဝတ္ထုသဘောတရား နည်းနာများကို ဆွေးနွေးသည်။ ဦးတင်မောင် (တက္ကသိုလ် နန္ဒမိတ်) ကလည်း 'စာရေးချင်သောသူများသို့' ခေါင်းစဉ်ဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုသဘောတရား နည်းနာများကို ဆွေးနွေးသည်။ စာပေဗိမာန်အဖွဲ့က ဝတ္ထုရှည်စာတမ်းဖတ်ပွဲ ကျင်းပပြီး ဝတ္ထုရှည်မြင်ကွင်းကို ဖြန့်ကြက်ပြသည်။ အောင်သင်းက 'ဝတ္ထုရေးရာဆောင်းပါးများ' တွင် ဝတ္ထုသဘောတရားနည်းနာများကို ဖွင့်ဆိုသည်။ သတိရသလောက် ဖော်ပြခြင်း ဖြစ်ပါသည်။

ဝတ္ထုသည် လူအကြောင်းကို လူစိတ်ဝင်စားဆုံးပုံစံဖြင့် ရေးဖွဲ့သော ရသစာပေမျိုးဖြစ်သည့်အလျောက် အာနိသင်ထက်မြက်လှသော စာပေမျိုး၊ စာဖတ်ပရိသတ် အကျယ်ပြန့်ဆုံးသော စာပေမျိုးဖြစ်ကြောင်း ယနေ့ လက်ခံနေကြပြီ ဖြစ်သည်။ ဝတ္ထုသည် 'ဖေတော့မောင်တော့' တွေ ရေးထားသော စာမျိုးဖြစ်၍ ဝတ္ထုဖတ်လျှင် ပျက်စီးမည်ဟူသော အယူအဆမျိုး တစ်ချိန်က တွင်ကျယ်ခဲ့ဖူးသော်လည်း ယခု ပျောက်သလောက် ဖြစ်သွားပါပြီ။

အကောင်းဆုံး ဝတ္ထုများကို နှစ်စဉ် ရွေးချယ်၍ ဆုပေးခြင်း၊ ဝတ္ထုသဘောတရား နည်းနာဆိုင်ရာ စာအုပ်စာတမ်းများ၊ ကျမ်းများ ပေါ်ထွက်ခြင်း၊ ဝတ္ထုဝေဖန်ရေး စာပေများ ပေါ်ထွက်ခြင်း၊ တက္ကသိုလ် မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာနများတွင် ဝတ္ထုကို ဘာသာရပ်တစ်ခုအဖြစ် စနစ်တကျ သင်ကြားပို့ချခြင်း၊ ဘွဲ့ကြိုကျမ်းများ၊ မဟာဝိဇ္ဇာ၊ မဟာသုတေသန၊ ပါရဂူဘွဲ့ကျမ်းများ ပြုစုခြင်းတို့သည် ဝတ္ထု၏ အရေးပါသော အခန်းကဏ္ဍကို ဖော်ညွှန်းနေသော သာဓကများ ဖြစ်ပါသည်။

ဤသို့သော အခြေအနေတွင် မမိုးမြေ၏ '**ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ**' စာအုပ် ပေါ်ထွက်လာခြင်းမှာ ဝတ္ထုလေ့လာမှုကို အားဖြည့်လိုက်သော ဆောင်ရွက်ချက်တစ်ရပ် ဖြစ်သည်။

မမိုးမြေသည် တက္ကသိုလ်မြန်မာစာဌာနများတွင် နည်းပြတာဝန်မှ ပါမောက္ခတာဝန်အထိ အဆင့်ဆင့် ထမ်းဆောင်ရင်း ဝတ္ထုများကို သင်ကြားပို့ချခဲ့သူ ဖြစ်သည်။ ကိုယ်တိုင်လည်း ဝတ္ထုများ ရေးဖွဲ့ခဲ့သည်။ ဝတ္ထုသဘောတရားနည်းနာများနှင့် အကျွမ်းတဝင် ရှိသည်။ ဝတ္ထုသဘောတရားနည်းနာများကို သုတေသနပြု၍ ကျမ်းတင်သွင်းပြီး ပါရဂူဘွဲ့ ရယူခဲ့သည်။

'**ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ**' ကျမ်းတွင် ရည်ရွယ်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ ပြောစကား၊ ရှုထောင့်၊ ရေးဟန် ဇာတ်အခန်းများခွဲကာ ကောင်းနိုးရာရာ ဝတ္ထု သာဓကများဖြင့် ပုံဖော်ထားသည်ကို တွေ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK 

ဝတ္ထုသဘောတရား အတတ်ပညာနည်းနာများကို ပညာရပ်တစ်ခု အဖြစ် လေ့လာသူများအတွက် လေ့လာစရာ ကိုးကားစရာစာအုပ် တိုးလာသည်မှာ ဝမ်းသာစရာကောင်းပါသည်။

မောင်ခင်မင် (ဓနုဖြူ)

■

mgyoe.com

mgyoe.com SAMPLE BOOK

## ဝေဒနာနှင့် ပညာ

ဆရာမ မမိုးမြေသည် ငယ်စဉ်ကတည်းက ဝတ္ထုကို နှစ်သက်သည်။ စွဲလမ်းသည်။ အကြိုက်တွေ့လျှင် လက်က မချတမ်း ထမင်းမေ့ ဟင်းမေ့ ဖတ်တတ်သည်ဟု သိရသည်။ ညွှံ့သည်များကိုလည်း ဝတ္ထုအကြောင်း ပြောကာ ညွှံ့ဝတ်ပြုလေ့ ရှိသည်။ ဆရာမသည် ဝတ္ထု အဖတ်များလာသဖြင့် အကြိုက်လည်း ပြောင်းလာသည်။ ဖတ်မိသည့် ဝတ္ထု၏ အားနည်းချက်၊ အားသာချက်များကို ထိတွေ့လာသည်။ တစ်ဆင့် ပြန်ပြောပြချင်လာသည်။ အားမလို အားမရ ဖြစ်သည့်အခါ ကိုယ်တိုင် ဖန်တီးလိုက်ချင်သည်။ သို့နှင့် ဆရာမသည် ဝတ္ထုတို၊ ဝတ္ထုရှည် မြောက်မြားစွာကို ရေးဖွဲ့ဖြစ်ခဲ့ဟန် တူသည်။ မမိုးမြေ ဟူသော ကလောင်အမည်သည် တစ်စထက် တစ်စ ထင်ရှားလာသည်။ အောင်မြင်သော ဝတ္ထုဆရာမအဖြစ် ရပ်တည်လာခဲ့သည်။

ဆရာမသည် တက္ကသိုလ် မြန်မာစာဆရာမတစ်ဦးလည်း ဖြစ်သည်။ တာဝန်အရ မဟာဝိဇ္ဇာတန်း၊ ပါရဂူတန်းများတွင် ခေတ်ဟောင်း၊ ခေတ်သစ်၊ ဂန္ထဝင်၊ မော်ဒန်ဝတ္ထုများ ဆွေးနွေးပို့ချပေးနေသည်။ **ဝေဒနာကို ပညာက ထောက်ပံ့** သဖြင့် မမောတမ်း ကရားရေလွှတ် ဟောပြော ပို့ချသည်။ ကိုယ်တွေ့ အလေ့အလာကို နိုင်ငံတကာ နမူနာများဖြင့် ခွဲခြမ်းစိတ်ဖြာပြသည်။ အဆိုး အကောင်း၊ အကျိုးအကြောင်း ရှင်းပြသည်။ ဝတ္ထုဓာတ်ခွဲခန်းမှူး ရာထူးတာဝန်

mgyoe.com

mgyoe.com SAMPLE BOOK


တိုးသွားသည်ဟု ဆိုနိုင်သည်။ သဘောတရားနှင့် အတတ်ပညာ စုပုံလာသည်။

ယခုစာအုပ်တွင် မြန်မာဝတ္ထုရှည်ကြီးများကို မြည်းစမ်းခွင့် ရနိုင်သည်။ ဝတ္ထုရှည်ကြီးများသည် အဘယ့်ကြောင့် ထိုက်ထိုက်တန်တန် နေရာရသည်ကို သဘောပေါက်လာနိုင်သည်။ အဆင့်မြင့်ပညာ လေ့လာနေသူများအဖို့ LECTURE ကောင်းများ စုဆောင်းပြီးသား ဖြစ်လာမည်။ စာချစ်သူများအတွက် နိုင်ငံတကာ ဝတ္ထုသဘောတရား ဝတ္ထုအတတ်ပညာများနှင့် မြန်မာ့ဝတ္ထု ဂုဏ်ရည်ကို စနစ်တကျ တိုင်းတာလေ့လာခံစားလာနိုင်သည်ဟု ဆိုချင်ပါသည်။

ဆရာမသည် ဝတ္ထုပညာရပ်နှင့် ထိုက်တန်စွာ ပါရဂူဘွဲ့ကို ဆွတ်ခူးခဲ့သူ ဖြစ်ပါသည်။ အလားအလာရှိသော ဝါသနာရှင်များကိုလည်း ယခုစာအုပ်မှ တစ်ဆင့် လက်ယပ်ခေါ်နေပြီဟု ဆိုလိုက်ချင်ပါသည်။

ပါမောက္ခ ဒေါက်တာအောင်ဇော်

၅.၃.၂၀၀၉

■

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း(၁)
## ဝတ္ထုရှည်

### ၁း၁ ဝတ္ထုရှည်သဘော

ယနေ့ စာပေအမျိုးအစား ပုံသဏ္ဍာန်များထဲတွင် လူထုကြားသို့ တိုးဝင်ပျံ့နှံ့မှု အရှိဆုံး၊ လူထုနှင့် ထိတွေ့မှုအရှိဆုံး စာပေမှာ ဝတ္ထုဖြစ်သည်။ ဝတ္ထုရှည်ရော ဝတ္ထုတိုကိုပါ စာဖတ်သူတို့ နှစ်သက် လက်ခံကြသည်။ ဝတ္ထုရှည် သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ စာအုပ်တွင်မူ ဝတ္ထုရှည်၏ သဘောကို သာ တင်ပြသွားမည် ဖြစ်ပါသည်။

နော်ဗယ်လ် (Novel) ခေါ် ကာလပေါ်ဝတ္ထုရှည်အဖွဲ့ ပုံစံသည် အနောက်တိုင်းတွင် ၁၈ ရာစုခန့်၌ စတင် ပေါ်ထွန်းခဲ့ပြီး မြန်မာနိုင်ငံတွင်မူ နှစ်ဆယ်ရာစု ခေတ်ဦးပိုင်းတွင် စတင် ထွန်းကားခဲ့ပါသည်။ နော်ဗယ်လ် ခေါ် ကာလပေါ်ဝတ္ထု၏ ရင်းမြစ်မှာ အီတလီဘာသာစကား နော်ဗယ်လ်လီ (Novelle)မှ လာသည်။ အသစ်အဆန်းဟု အနက်ရသည်။ ဝတ္ထုလတ် ဟုလည်း ဆိုကြသည်။ ကာလပေါ်ဝတ္ထုရှည် ဟုလည်း ခေါ်ဝေါ်ကြသည်။

နော်ဗယ်လ်နှင့် ပတ်သက်၍ အင်စိုက်ကလိုပီးဒီးယား ဘရစ်တန် နီကာ စွယ်စုံကျမ်းတွင် နော်ဗယ်လ်ဟူသော စကားသည် လက်တင်ဘာသာ နိုဗပ်(စ်) (Novus)မှ ဆင်းသက်လာသည်။ အသစ်ဟု အနက်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နော်ဗယ်လ် ဟူသော စကားမှာ အီတလီဘာသာစကား နော်ဗယ်လ်လာ (Novelle) မှတစ်ဆင့် ရရှိခြင်းဖြစ်သည်။ နော်ဗယ်လ်၏ မူရင်းအနက်မှာ ဝတ္ထုတို (Short Story) ဖြစ်သည်။ နော်ဗယ်လာ ခေါ် ဝတ္ထုတိုသည် အစဉ်အလာ ပေါ်ထွန်းခဲ့သော စိတ်ကူးယဉ် ဒဏ္ဍာရီပုံပြင်များမှ တစ်မူထူးခြားစွာ လမ်းခွဲထွက်ခဲ့သော စာပေပုံသဏ္ဍာန် ဖြစ်သည်။ နော်ဗယ်လာဆိုသည့်စကားကို အင်္ဂလိပ်က မွေးစား သုံးစွဲလိုက်သောအခါ နော်ဗယ်လ် ဖြစ်လာသည်။ နော်ဗယ်လ် ခေါ် ကာလပေါ်ဝတ္ထုရှည်တွင် အဓိပ္ပာယ်နှစ်မျိုး သက်ဝင်နေပါသည်။ တစ်မျိုးမှာ ရှေးက ပေါ်ထွန်းခဲ့သော စကားပြေနှင့် ရေးသားထားသည့် စိတ်ကူးယဉ်ထိုးဇာတ် (Short Prose Fiction) ဖြစ်သည်။ တစ်မျိုးမှာ နော်ဗယ်လ်၏ မူရင်းအနက်အတိုင်း အသစ်အဆန်းသဘော၊ သို့မဟုတ် ခေတ်ကာလပေါ် သဘောကို ဆောင်နေခြင်း ဖြစ်ပါသည်။

ဝတ္ထုရှည်၏သဘောနှင့် ပတ်သက်၍ မာကျူရီ ဘော်လ်တန် (Marjorie Boulton) က "The Anatomy of The Novel" စာအုပ်တွင် "The Shorter Oxford English Dictionary" စာအုပ်ပါ ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း ကိုးကား ဖော်ပြထားပါသည်။

'ဝတ္ထုရှည်ဆိုသည်မှာ ဒိဋ္ဌလောကရှိ ဇာတ်ဆောင်နှင့် ဇာတ်ကြောင်း ဖြစ်ရပ်များကို ကိုယ်စားပြု သရုပ်ဖော် တင်ပြထားသည့် စိတ်ကူးဖြင့် ဖန်တီးထားသော၊ ဇာတ်လမ်းပါဝင်သော၊ အသင့်အတင့် ရှည်လျားသော အတိုင်းအတာရှိသည့် ဇာတ်ကြောင်းပြော စကားပြေအဖွဲ့ပုံစံ ဖြစ်သည်'ဟု ဆိုထားသည်။

အဆိုပါ ဖွင့်ဆိုချက်အရဆိုလျှင် ဝတ္ထုရှည်သည် စကားပြေနှင့် ရေးဖွဲ့ထားသည့် ဇာတ်လမ်းပါသော စာပေအဖွဲ့ပုံစံ ဖြစ်သည်။ ဝတ္ထုရှည်၏ ထူးခြားချက်မှာ ဇာတ်လမ်းတွင် ပါဝင်သည့် ဇာတ်ဆောင်များနှင့် ဖြစ်ရပ်များသည် ဒိဋ္ဌလောကကို ကိုယ်စားပြုရခြင်း ဖြစ်သည်။ ဒိဋ္ဌလောကမှ လူတို့၏ စရိုက်သဘာဝ၊ အဖြစ်အပျက်များကို ထင်ဟပ် ရေးဖွဲ့ရမည်။ သို့ရာတွင် စာရေးသူ၏ စိတ်ကူးဖြင့် ဖန်တီးမှုလည်း ပါဝင်ရမည်ဟု ဆိုလိုပါသည်။ ဝတ္ထုရှည်သည် ဒိဋ္ဌလောကနှင့် စိတ်ကူးယဉ်မှုတို့ ပေါင်းစပ်ပါဝင်နေကြောင်း သိရပါသည်။ ဒိဋ္ဌလောကကို ကိုယ်စားပြုသည့်အတွက် စာဖတ်သူတို့အနေနှင့် မိမိဘဝ၊ မိမိပတ်ဝန်းကျင်ကို ပြန်လည်၍ ထင်မြင်ခံစားလာရသည်။ ဒိဋ္ဌလောက ပကတိ

mgyoe.com

mgyoe.com SAMPLE BOOK

အရှိအတိုင်းထက် ပို၍ စိတ်ကူးဖြင့် ဖန်တီးမှုသဘောပါသည့်အတွက် စာဖတ်သူတို့အနေနှင့် နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစား တွေ့မြင်နေရသော လူများ၊ လောကဝန်းကျင်များ ဖြစ်သော်လည်း နှစ်သက် စွဲငြိကြရသည်။ စိတ်လှုပ်ရှား ခံစားကြရသည်။ စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်ပြီးလျှင် ဝတ္ထု၏ အဆုံးတွင် နှစ်သက်ခြင်းရသကို ခံစားကြရပါသည်။ နှစ်သက်ခြင်းရသမှတစ်ဆင့် ဘဝအသိကို ရရှိကြရပါသည်။ စိတ်ကူးဖြင့် ဖန်တီးမှုသည် ရသအကျိုးအတွက် ရည်ရွယ်ဟန် ရှိပါသည်။

ကမ္ဘာကျော် စာရေးဆရာကြီး ဟဲမင်းဝေး (Erniest Hemingway) ရေးသားသော 'ပင်လယ်ပြာနှင့် တံငါအို' ဝတ္ထု (The Old Man and The Sea) အမှာစာတွင် 'စိတ်ကူးယဉ်ချက်ဆိုတာဟာ ကိုယ့်မှာ ရှိပြီးသား အတွေ့အကြုံကနေပြီး တီထွင်ဖန်တီးယူရတာပဲ။ ဖန်တီးယူလို့ ကောင်းကောင်းအောင်မြင်တယ်ဆိုရင် ပြန်ပြီး သတိရတဲ့အချက်ဟာ အဖြစ်မှန်ထက် ပိုပြီး ချီးကျူးဖို့ ကောင်းတာပါ' ဟု ဆိုထားသည်။

ဝတ္ထုသည် ဒိဋ္ဌလောက၏ အတွေ့အကြုံကိုပင် ပို၍ ခံစားမွေ့လျော်ဖွယ်ဖြစ်အောင် စိတ်ကူးဖြင့် ဖြည့်စွက်မွမ်းမံထားသော ရသစာပေအဖွဲ့ပုံစံတစ်မျိုးပင် ဖြစ်သည်။

ပုံစံအားဖြင့် ခင်နှင်းယု၏ 'ပန်းပန်လျက်ပါ' ဝတ္ထုသည် နယ်ပိုင်ဝန်ထောက်ကဲ့သို့သော လွတ်လပ်ရေးခေတ်၏ အထက်တန်းလွှာ လူတန်းစားနှင့် အငြိမ့်သမလေးတို့၏ အချစ်ကို ဇာတ်လမ်းဆင် ဖွဲ့ဆိုထားပါသည်။ လူတန်းစားမတူဘဲ စွဲမိချစ်မိကြခြင်းသည် ဒိဋ္ဌလောကၡ ကြုံတွေ့ရမြဲ ဖြစ်သည်။ လူတန်းစား ကွာဟချက်ကြောင့် ချစ်သူတို့ဘဝတွင် ကွေကွင်းရခြင်းသည်လည်း ဒိဋ္ဌလောက၏ ဖြစ်လေ့ရှိသော ဖြစ်ရပ် ဖြစ်ပါသည်။ အငြိမ့်သမလေး မဇေဒါကို ချစ်သော်လည်း မိမိ၏ဘဝကို မစွန့်စားရဲသည့် အတွင်းစရိုက်သည်လည်း ဤလူ့ဘောင်၌ ပေါပေါများများ တွေ့နိုင်သော လူ့စရိုက် လူ့သဘာဝပင် ဖြစ်ပါသည်။ 'ပန်းပန်လျက်ပါ'တွင် ဇာတ်ဆောင်နှင့် ဖြစ်ရပ်များသည် ဒိဋ္ဌလောကကို ကိုယ်စားပြုနေပါသည်။

စာရေးသူသည် စိတ်ကူးဖြင့် လွမ်းဆွေးစရာ၊ စွဲလမ်းတပ်ငြိစရာဖြစ်အောင် ထပ်ဆင့်ဖြည့်စွက် ဖန်တီးယူပါသည်။ မဇေဒါ၏ ချစ်သူ ကိုစောထွန်းက မီးရောင်အောက်တွင် လူပြက်များနှင့် တွဲ၍ ကနေသည့် ချစ်သူကို

mgyoe.com

mgyoe.com  SAMPLE BOOK 

မကြည့်ရက်ပါဟု ဆိုခဲ့သည်။ မဗေဒါက သုံးနှစ် ကပြီးလျှင် ချစ်သူဆန္ဒအတိုင်း ဖြစ်စေရပါမည်။ အငြိမ့်မကတော့ပါဟု ကတိပေးခဲ့သည်။ ချစ်သူက စွန့်ပစ်ထားခဲ့သော်လည်း ချစ်သူအပေါ် ထားခဲ့သော ကတိကို မဖျက်ဘဲ မီးရောင်အောက်တွင် လူပြက်တွေနှင့် တွဲကရသည့် အငြိမ့်သမဘဝကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုအပိုင်းသည် စာရေးသူ၏ စိတ်ကူးယဉ်မှုအပိုင်း ဖြစ်သည်။ စိတ်ကူးဖြင့် ဖန်တီးမှုကြောင့် ဇာတ်ဆောင် မဗေဒါသည် ဒိဋ္ဌလောကမှ ချစ်သူစွန့်ပစ်ခြင်းခံရသော အငြိမ့်သမများထက် ပို၍ ချစ်စရာ၊ သနားစရာ ကောင်းသွားသည်။ စာဖတ်သူတို့သည် စာရေးသူ၏ စိတ်ကူးလှလှလေးကြောင့် မဗေဒါအပေါ် ကရုဏာသက်ကြရသည်။ ချစ်စရာ၊ သနားစရာကောင်းသော မဗေဒါသည် စာဖတ်သူ၏စိတ်ကို လှုပ်ရှားစေရုံသာမက မေ့မရအောင် စွဲကျန်ရစ်စေပါသည်။

ထို့အပြင် စာရေးသူသည် ကိုစောထွန်း၏ မင်္ဂလာပွဲညတွင် မဗေဒါကို ဖျော်ဖြေစေခဲ့သေးသည်။ ဇာတ်နာသည်ထက် နာကာ မဗေဒါသည် ပို၍ သနားစရာ ကောင်းလာပါသည်။

မိမိအပေါ် သနားလှချေရဲ့ဟု ဆိုလာသော ကိုစောထွန်း၏ သူငယ်ချင်း ကျောင်းဆရာ ကိုကျော်စိန်ကို မိမိအား လက်ထပ်နိုင်မည်လားဟု ရဲဝံ့စွာ မေးလိုက်ခြင်းသည်လည်း စာရေးသူ၏ စိတ်ကူးပင် ဖြစ်နိုင်ပါသည်။

ထိုအမေးကြောင့် မိမိကိုယ်ကိုယ် ညာနေမိသော တက္ကသိုလ်ဆရာ၏ မသိစိတ်၌ ကိန်းအောင်းနေသော လူတန်းစားစရိုက်သည် ပေါ်လွင်လာရသည်။

တစ်ဖက်မှလည်း ကိုစောထွန်း၏ဇနီးသည် မီးမှိန်မှိန်အောက်တွင် ယောက်ျားတကာနှင့် တွဲကနေပုံကို ယှဉ်ပြလိုက်ခြင်းဖြင့် စာရေးသူ တင်ပြလိုသော အတွေးဒဿနများသည် ပို၍ ထင်ရှားလာပါသည်။ ဇာတ်လမ်းသည် ဒိဋ္ဌလောကထက် ပို၍ လွမ်းစရာ၊ ဆွေးစရာ၊ ဆင်ခြင်စရာများ ဖြစ်လာပါသည်။

ထိုဝတ္ထုတွင် ဝတ္ထုရှည်၏ သဘောသဘာဝဖြစ်သည့် ဒိဋ္ဌလောကကို ကိုယ်စားပြုသည့် ဇာတ်ဆောင်နှင့် ဇာတ်လမ်း ဖြစ်ရပ်များလည်း ပါဝင်သည်။ စာရေးသူ၏ စိတ်ကူးဖြင့် ဖန်တီးမှုလည်း ပါသည်။ ထိုသို့ အချိုးညီညီပေါင်းစပ်ခြင်းဖြင့် စာဖတ်သူအနေနှင့် ကိုယ့်ပတ်ဝန်းကျင်ကိုလည်း မြင်ရသည်။ စိတ်လှုပ်ရှားခံစားမှုနှင့်အတူ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့၏ နောက်သို့ လိုက်ပါရင်း ဝတ္ထုအဆုံးတွင် နှစ်သက်ခြင်းရသကိုလည်း ခံစားကြရသည်။ ရသမှတစ်ဆင့်

mgyoe.com

mgyoe.com SAMPLE BOOK

ဘဝအသိကိုလည်း ရရှိခဲ့ကြရပါသည်။

ဝက်စတား၏ New Collegiate Dictionary တွင်မူ ဝတ္ထုရှည်၏ သဘောကို 'လူသားတို့၏ အတွေ့အကြုံများကို အချိတ်အဆက်မိသည့် ဖြစ်ရပ်များနှင့် တင်ပြထားသည့် ရုပ်ထွေးပြီး ရှည်လျားသော စိတ်ကူးဖြင့် တီထွင်ထားသည့် ဖြစ်စဉ်ပြ စကားပြေအဖွဲ့ပုံသဏ္ဌာန် ဖြစ်သည်'[၁] ဟု ဆိုထားကြောင်းကိုလည်း မာကျူရီဘောလ်တန် (Marjorie Boulton) က The Anatomy of The Novel စာအုပ်တွင် ထပ်ဆင့် ကိုးကားတင်ပြခဲ့ပါသည်။

အထက်ပါ ဖွင့်ဆိုချက်အရကြည့်လျှင် ဝတ္ထုရှည်သည် ဇာတ်ကြောင်း ဖြစ်စဉ် တစ်ခုပြီး တစ်ခုကို တင်ပြရေးသားရသည့်အတွက် ဖြစ်စဉ်ပြ စကားပြေအဖွဲ့ ဖြစ်ကြောင်း သိရသည်။ ဝတ္ထုရှည်နှင့် ပတ်သက်၍ ထူးခြားချက်ကို သိလာရပါသည်။ ဝတ္ထုရှည်သည် လူတို့၏ ဘဝအတွေ့အကြုံနှင့် ဖြစ်ရပ်များကို ကိုယ်စားပြု တင်ပြသည်။ စိတ်ကူးဖြင့် ဖြည့်စွက်ဖန်တီးသည် ဟူသော အချက်များကို The Shorter Oxford English Dictionary ၏ ဖွင့်ဆိုချက်တွင် ထိုထက်ပို၍ ဝတ္ထုရှည်၏ သဘောကို သိနိုင်လာပါသည်။

ဝတ္ထုရှည်တွင်ပါဝင်သည့် ဒိဋ္ဌလောက၏ ဖြစ်ရပ်များကို တင်ပြရာတွင် အကြောင်းနှင့်အကျိုး ဆက်စပ်မှုရှိရန်၊ အချိတ်အဆက်မိမိ တင်ပြနိုင်ရန် လိုအပ်ကြောင်း သိလာရပါသည်။ အကြောင်းအရာ ဖြစ်ရပ်တစ်ခုကို အခြေခံပြီး အကျိုးဆက် ဖြစ်ထွန်းလာရမည်။ ထိုနည်းကို သုံး၍ ဖြစ်ရပ်များကို ချိတ်ဆက်ရာတွင် အကျိုးသင့် အကြောင်းသင့်ဖြစ်ရန် လိုအပ်ကြောင်း နားလည်လာရပါသည်။

တစ်ခါတစ်ရံ လူ့ဘဝဖြစ်စဉ်များသည် ရိုးစင်းနေတတ်သည်။ ဝတ္ထုတွင်မူ လူ့ဘဝဖြစ်စဉ်အတိုင်း ရိုးစင်းနေ၍ မရပါ။ စာဖတ်သူ၏စိတ်ကို စည်းရုံးဆွဲဆောင်ရမည်ဖြစ်၍ ကြေကွဲစေရမည်၊ ပျော်ရွှင်စေရမည်။ ရသခံစားမှု အမျိုးမျိုး၊ စိတ်လှုပ်ရှားမှု အမျိုးမျိုးဖြင့် ဝတ္ထုအစမှ အဆုံးတိုင် သိလိုစိတ် ရှင်သန်နေအောင် စည်းရုံးဆွဲဆောင်ရန်မှာ စာရေးသူ၏တာဝန် ဖြစ်သည်။ စာရေးသူသည် ဇာတ်လမ်းအရှိန် မြင့်တက်လာစေရန် ဒိဋ္ဌလောကထက် ရှုပ်ထွေးသော ဖြစ်ရပ်များကို ဖန်တီး၍ ချိတ်ဆက်ပေးရပါသည်။ ဒိဋ္ဌလောက၏

---

[၁] Boulton. 1975, 10.

mgyoe.com

mgyoe.com SAMPLE BOOK

ထူးထွေဆန်းပြားလှသော ဖြစ်ရပ်များထဲမှ အဆန်းကြယ်ဆုံးဖြစ်ရပ်များ၊ စိတ်လှုပ်ရှားဖွယ် အကောင်းဆုံး ဖြစ်ရပ်များကို ချိတ်ဆက်၍ ဇာတ်လမ်းကို ရှုပ်ထွေးစေရပါမည်။

နှစ်ဆယ်ရာစုခေတ်ဦး မြန်မာ့ကာလပေါ် ဝတ္ထုတစ်ပုဒ်ဖြစ်သည့် ဦးလတ်၏ ရွှေပြည်စိုးဝတ္ထုတွင် ခင်ခင်ထားသည် အထိန်းတော်ကြီး ဒေါ်ဝွမ်းတို့နှင့် အတူနေထိုင်ကြသည်။ မိဘများကို တမ်းတ၍ မကြာခဏ ငိုတတ်သည်။ မဟာမြတ်မုနိဘုရားပွဲတွင် မောင်မောင်စိုးနှင့် ခင်ခင်ထားတို့ ဆုံတွေ့ပြီး ချစ်ကြိုက်လုနီးနီး အခြေအနေသို့ ရောက်လာသည်။ ထိုအပိုင်းသည် ဇာတ်ပျိုးပိုင်းဖြစ်သည်။ ဇာတ်တက်ပိုင်းတွင် ဇာတ်လမ်းကို ပိုမိုရှုပ်ထွေးလာအောင် စာရေးသူက စိတ်ကူးအတတ်ပညာဖြင့် ဖန်တီးယူသည်။ တစ်နေ့တွင် အထိန်းတော်ကြီးသည် တောင်ထားဝယ်ဗိုလ်နှင့် မမျှော်လင့်ဘဲ တွေ့ခဲ့ကြသည်။ အလွန်ထိတ်လန့်တုန်လှုပ်စွာနှင့် အိမ်သို့ ပြန်လာပြီးနောက် မနက်သို့ရောက်လျှင် ဤနေရာမှ ပြောင်းရွှေ့ရန် စီစဉ်သည်။ ထိုညတွင် အိမ်မီးလောင်သည်။ ရုတ်တရက် ထွက်ပြေးကြရာ မီးလင်းနေသည့် မသာအိမ်သို့ ခိုဝင်ကြသည်။ ထိုအိမ်သည် ထောင်ထားဝယ်ဗိုလ်၏ မိထွေးအိမ် ဖြစ်နေပြန်သည်။ ဘုန်းတော်ကြီးတစ်ပါး၏ အကူအညီဖြင့် ဘုန်းကြီးကျောင်းသို့ ရောက်ခဲ့ကြသည်။ ထိုစဉ်တွင် ကျောက်ရဲမိဖုရား ရောက်လာသည်။ ခင်ခင်ထား၊ အထိန်းတော်ကြီး ဒေါ်ဝွမ်းတို့ ထွက်ပြေးပျောက်ကွယ်သွားကြပြန်သည်။ မည်သည့်အကြောင်းကြောင့်ဟု မဖော်ပြဘဲ မြှုပ်ကွက်ကိုသုံး၍ ရှုပ်ထွေးသောဖြစ်ရပ်များကို ဆင့်ကဲ ဆင့်ကဲ ချိတ်ဆက်ဖန်တီးပေးခြင်းဖြင့် ဇာတ်လမ်းအပေါ် စဉ်ဆက်မပြတ် သိလိုစိတ် ထက်သန်လာအောင် စည်းရုံးဆွဲဆောင်ထားသည်ကို တွေ့ရပါသည်။

မာကျူရီ ဘောလ်တန်က "The Anatomy of The Novel" စာအုပ်တွင် ဝတ္ထုရှည်၏ သဘောကို -

> 'ခေတ်ရေစီးကြောင်း၌ ဝတ္ထုရှည်သည် သရုပ်မှန်စာပေ ဖြစ်သည်။ ကျွန်ုပ်တို့၏ ဘဝအတွေ့အကြုံကို ပုံကြီးချဲ့ပြခြင်းထက် စိတ်ကူးယဉ်ဆိုသော ယာဉ်ဖြင့် ပို၍ ရောင်စုံဖြာနေသော ကမ္ဘာကြီးသို့ပို့ဆောင်သည်'[၁]

---

[၁] Boulton. 1975, 10.

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ဖွင့်ဆိုထားပါသည်။

ထိုအဆိုအရဆိုလျှင် ဝတ္ထုရှည်သည် ခေတ်ရေစီးကြောင်းနှင့်အတူ မျောပါနေသည်။ ခေတ်နှင့် မကင်းကွာ။ ဝတ္ထုရှည်တွင် ခေတ်အတွေ့အကြုံကို လည်း တွေ့နိုင်မည်။ ခေတ်ကို ထင်ဟပ်ရေးဖွဲ့သောကြောင့် လည်းကောင်း၊ ဒိဋ္ဌလောကကို ထင်ဟပ်ရေးဖွဲ့သောကြောင့် လည်းကောင်း ဝတ္ထုရှည်သည် သရုပ်မှန်စာပေလည်း ဖြစ်သည်။ သို့ရာတွင် စိတ်ကူးနှင့်လည်း ဖွဲ့စည်းပေါင်းစပ် မွမ်းမံထားသည်။ သရုပ်မှန်မှုနှင့် စိတ်ကူးယဉ်မှုကြောင့် ဝတ္ထုသည် ဒိဋ္ဌ လောကကိုလည်း မြင်ရသည်။ မိမိကိုယ်ကိုယ်လည်း မြင်ရသည်။ မိမိပတ်ဝန်း ကျင်ကိုလည်း မြင်ရသည်။ မိမိ ရပ်တည်ရှင်သန်နေသော လောကကမ္ဘာကြီး အကြောင်းကို ပို၍ ပြည့်စုံ ပေါ်လွင်အောင် ခံစားသိမြင်နိုင်သည်။

စာရေးသူ စိတ်ကူးဖြင့် ဖန်တီးပြသော ဒိဋ္ဌလောကသည် သုခ၊ ဒုက္ခ၊ အချစ်၊ အမုန်း အမျိုးစုံ ရောင်စုံဖြာ၍ နေသည်။ ဝတ္ထုထဲမှ အကြောင်း အရာကို ကြုံဖူးသည်။ ဝတ္ထုထဲက လူ့စရိုက်ကို မြင်ဖူးသည်။ ကိုယ်တိုင်လည်း ဖြစ်ခဲ့ဖူးသည်။

သို့ရာတွင် စာရေးသူ၏ စိတ်ကူးဖြင့် ဖန်တီးပြသော ဖြစ်ရပ်များသည် ပို၍ စိတ်လှုပ်ရှားဖွယ် ဖြစ်နေတတ်သည်။ စာရေးဆရာ ရေးဖွဲ့ပြသော အချစ် သည် ပို၍ လှပနေတတ်သည်။ ပို၍ ချိုမြိန်နေတတ်သည်။ ထို့အတူပင် ဝတ္ထုထဲက အမုန်းသည် ပို၍ ပြင်းထန်နေတတ်သည်။ ပို၍ ကြောက်ရွံ့ဖွယ်၊ နာကျင်ဖွယ် ကောင်းနေတတ်သည်။

လူတိုင်းလိုလိုပင် မိုးဦးနေခြည်၏ အလှကို မြင်ဖူးတွေ့ဖူးကြသည်။ မိုးဦးနေခြည်အောက်တွင် ချစ်သူနှင့် လမ်းလျှောက်ဖူးခဲ့နိုင်သည်။ သို့ရာတွင် အမှတ်တရ ရှိခဲ့သည်။ အချိန်တိုက်စားသွားသည်နှင့်အမျှ ပြယ်လွင့်သွားတတ် ကြသည်။ ခင်နှင်းယု၏ 'မလွမ်းသာသည်' ဝတ္ထုထဲမှ ယုနှင့် ကိုကိုအောင်တို့ လမ်းအတူတူလျှောက်၍ ပန်းတွေကို အတူတူ ခံစားခဲ့ကြသော မိုးဦးနေခြည်ကိုမူ စာဖတ်သူတို့ အမှတ်တရ ရရှိနေတတ်သည်။

မိုးဦးနေခြည်အောက်တွင် လမ်းအတူတူလျှောက်၍ ပန်းတွေကို အတူတူ ခံစားနိုင်ခဲ့ကြလျှင် ဘဝတွင် ချစ်သူနှစ်ဦး ဆုံစည်းရလိမ့်မည်ဟူသော ယု၏ယုံကြည်ချက်အကြွေးလေးသည် မေ့ရက်စရာ မရှိပေ။

လူအများစုအနေနှင့် စွယ်တော်ရွက်ကလေးများကို တွေ့ဖူးမြင်ဖူး

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ကြသည်။ သို့ရာတွင် မည်သူမျှ အမှတ်တရ မဖြစ်ခဲ့ကြပါ။ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ 'သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည်ခိုင်' မှ နှစ်လှာပေါင်း တစ်ရွက်ဖြစ်သည့် စွယ်တော်ရွက်ကိုမူ အမှတ်တရ ရှိနေဆဲပင်။

စိတ်ကူးဖြင့် ဖန်တီးထားသော ဝတ္ထုထဲမှ မိုးဦးနေခြည်သည် ပို၍ အမှတ်ရဖွယ် ဖြစ်နေသည်။ဝတ္ထုထဲမှ စွယ်တော်ရွက်သည် ဇာတ်ဆောင်တို့၏ ခံစားမှုနှင့် ပေါင်းဖွဲ့ စိတ်ကူးယဉ်ပြထားသောကြောင့် ပို၍ လွမ်းစရာကောင်းနေသည်။ သဘာဝလောကနှင့် လူသားသည် ဝတ္ထုထဲတွင် ရောင်စုံဖြာ၍ လှချင်တိုင်း လှနေတတ်ပါသည်။ စာဖတ်သူတို့အား နှစ်သက်ဖွယ်လမ်းမှ အမျိုးမျိုးကို ပေးနိုင်ကြပါသည်။ နှစ်သက်ခံစားမှုကို ပေးနိုင်လျှင် ဝတ္ထုဆိုသည့် အနုပညာ ရသပစ္စည်းကို ရသမြောက်သည်ဟု ဆိုနိုင်ပါသည်။ ရသမြောက်ခြင်းကို သရုပ်မှန်ခြင်းဟု ဆိုနိုင်လာပါသည်။

အနုပညာဖန်တီးမှု၌ သရုပ်မှန်ခြင်းနှင့် ပတ်သက်၍ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က 'ခပ်သိမ်းကလျာ ရှုဖွယ်သာတည့်' စာအုပ်တွင် -

'သရုပ်မှန်ခြင်း ဟူသည် ကိုယ်၌က အနုပညာမြောက်ခြင်းကို ခေါ်သည်။ အခြား ဘာမျှ မဟုတ်'[၁]

ဟု လည်းကောင်း၊

'သရုပ်မှန်မှုဆိုသည်မှာ သဘာဝကို ပုံတူကူးပြခြင်းကို မခေါ်၊ အနုပညာမြောက်သော တင်ပြပုံ၊ တင်ပြနည်း တစ်ခုသာ ဖြစ်သည်'[၂]

ဟု လည်းကောင်း ဆိုမိန့်ခဲ့ပါသည်။

'နှစ်ဆယ်ရာစု စာပေသဘောတရားတွင်ကား ချွန်ပေးခြင်း (Shar-pening)၊ တုံးစေခြင်း (Blunting)၊ ခွဲခြားစစ်ယူခွင့်ပြုခြင်း (Sitering) ဟူသော စကားတို့ကို သုံးကြသည်။'

'စာပေ၊ ကဗျာအနုပညာတို့၌ ပေါ်လွင်စေချင်သော အရာတို့ကို သဘာဝမှာ ရှိနေသည်ထက် ချွန်ပေးရသည်။ မပေါ်လွင်စေချင်သော အရာတို့ကိုကား သဘာဝမှာ ရှိနေသည်ထက် တုံးအောင်လုပ်ပေးရသည်။ မလိုရာကို ဖယ်၊ လိုရာကို ပါသွားအောင် ခွဲခြားစစ်ယူမှုစနစ် သုံးရသည်'[၃]

---

၁ ဘုန်းနိုင် (တက္ကသိုလ်) ၁၉၉၄၊ ၂၀၁၊

၂ ယင်း ၂၀၇။

၃ ဘုန်းနိုင် (တက္ကသိုလ်) ၁၉၉၄၊ ၂၀၇။

mgyoe.com

mgyoe.com SAMPLE BOOK

ဟုလည်း ဆိုထားပြန်ပါသည်။

အနုပညာပစ္စည်းဖြစ်သော ဝတ္ထုကို ဖန်တီးရာတွင် အသင့်ယုတ္တိအတွက် ဒိဋ္ဌလောကကို အခြေခံသော်လည်း စာဖတ်သူ၏ စိတ်တွင် ပိုမိုစွဲထင်ခံစားစေလိုသော အရာတို့ကို ဒိဋ္ဌလောကထက်ပို၍ အနုစိတ် ခြယ်မှုန်းရေးဖွဲ့ပေးရသည်။ တစ်ခါတစ်ရံတွင် ဒိဋ္ဌလောက၏ ဖြစ်ရပ်မှန်၊ လူ့သဘာဝမှန် ဖြစ်သော်လည်း ရည်ရွယ်ချက်အရ လည်းကောင်း၊ ရသခံစားမှုအရ လည်းကောင်း မလိုအပ်လျှင် ခပ်မှိန်မှိန် ဖော်ပြရသည့်သဘောများ ဖြစ်ပါသည်။

ဇာတ်ဆောင်သည် ကိုယ်ရေပြားရောဂါသည် ဖြစ်နေလျှင် ရုပ်ရှင်ထဲ၌ သွင်ပြင်သရုပ် ပီပြင်အောင် မိတ်ကပ်ခြယ် ရိုက်ကူးခြင်းဖြင့် ပရိသတ်၏စိတ်ကို မသက်မသာ ဖြစ်စေမည်။ ထိုဇာတ်လမ်းကို ခံစားကြည့်ရှုလိုစိတ် လျော့ပါးစေနိုင်သည်။ ထိုသူ၏သွင်ပြင်ကို အနည်းငယ် ပါးလျစွာ တင်ပြရမည်။ တရုတ် ရုပ်ရှင်ကားတစ်ကားထဲတွင် အဓိကဇာတ်ဆောင် မင်းသားသည် တစ်ဇာတ်လုံးတွင် မျက်နှာတစ်ခြမ်း အမာရွတ် ဖြစ်နေသည်။ ဇာတ်လမ်းအရ အမာရွတ်မှာ မပါမဖြစ် ဖြစ်၍ ထည့်သွင်းထားရသော်လည်း မျက်နှာတစ်ခြမ်းကို မမြင်သာအောင် ဆံပင်ဖြင့် တစ်ဇာတ်လုံး ဖုံးထားခဲ့ပါသည်။

ဆရာဇော်ဂျီကမူ ဝတ္ထုရှည်နှင့် ပတ်သက်၍ ကာလပေါ်ဝတ္ထုဆိုသည်မှာ ဒိဋ္ဌဓမ္မလောကရှိ လူတို့၏ ကိုယ်၊ နှုတ်၊ နှလုံး အမူအရာတို့ကို အသင့်ယုတ္တိရှိသည်ဟု ထင်ရအောင် ဖြစ်စဉ်ပြစကားပြေဖြင့် ရေးဖွဲ့ထားသော စာပေအဖွဲ့ ဖြစ်သည်ဟု မိန့်ခဲ့ပါသည်။

ထို့အပြင် မြန်မာ့ ကာလပေါ်ဝတ္ထု နှစ်မျိုးရှိကြောင်း တင်ပြရာ၌လည်း -

> ဝတ္ထုဆိုသည်မှာ လူ့အကြောင်း၊ လောကအကြောင်းကို ပြန်၍ ရေးထားသောစာမျိုး ဖြစ်သည်။ ဝတ္ထု နှစ်မျိုး ရှိသည်။
>
> (၁) လူ့လောက၌ ကြားမြင်နေရသော သတ္တဝါတို့၊ အဖြစ်အပျက်တို့အကြောင်းကို ဇာတ်လမ်းဆင်၍ (ဝါ) အကြောင်းနှင့်အကျိုးဆက်၍ တကယ့်လောက၊ တကယ့်လူဟု ထင်ရအောင် ရေးသောစာမျိုး ဖြစ်သည်။
>
> (၂) ထိုအကြောင်းတို့ကိုပင် ဇာတ်လမ်းဆင်၍ တထူးတဆန်း၊ အံ့ဘနန်းဖြစ်အောင် ပို၍ ကဲ၍ သဲ၍ ရေးသော စာမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။

ကာလပေါ်ဝတ္ထုမျိုးသည် နှစ်သက် ပျော်ရွှင်မှုအတွက်သာမက သူ့ ပတ်ဝန်းကျင် လောကကို သတိပြုလာတတ်အောင် (ဝါ) ချီးကျူး ထိုက်သည်ကို ချီးကျူးတတ်အောင်လည်း အထောက်အပံ့ပေးနိုင် သည်ဟု ဆိုထားပါသည်။

ဆရာကြီး၏ ဝတ္ထုနှင့် ပတ်သက်သည့် ဖွင့်ဆိုချက်သည် တိုတိုရှင်းရှင်း နှင့် လိုရင်းရောက်ပါသည်။ ကိုယ်၊ နှုတ်၊ နှလုံး၊ အမူအရာဟု ဆိုသည့်အတွက် ဇာတ်ဆောင်စရိုက်သည် ဝတ္ထုတွင် အရေးပါသည့်သဘောသည် ထင်ရှားလာ ပါသည်။ အသင့်ယုတ္တိရှိသည်ဟု ထင်ရအောင်ဆိုသည့် အသုံးက နက်နဲလှပါ သည်။ ဝတ္ထုသည် ဒိဋ္ဌဓမ္မလောက၏ ဖြစ်ရပ်ကို သရုပ်မှန်ဟု ထင်ရအောင် ရေးသည်။ ဒိဋ္ဌဓမ္မလောကရှိ လူတို့၏စရိုက်ကို သရုပ်မှန်ဟု ထင်ရအောင် ခြယ်မှုန်းသည်။ သို့ရာတွင် တိကျသော အစစ်မဟုတ်။ မိတ္တူကူးမှု မဟုတ်။ စာရေးသူ၏ စိတ်ကူးဖြင့် ခြယ်မှုန်းတင်ပြမှုသာ ဖြစ်သည်။ သို့ရာတွင် အနုပညာ ၏ အစွမ်းဖြင့် အသင့်ယုတ္တိရှိသည်။ သရုပ်မှန်သည်ဟု စာဖတ်သူ၏စိတ်တွင် ထင်မြင်လာစေပြီးလျှင် နှစ်သက်ခြင်း ဖြစ်စေသည်။ နှစ်သက်ခြင်းရသမှ တစ်ဆင့် စွဲမြဲခိုင်မာသော ဘဝအသိတစ်ခု ရလာအောင် ဝတ္ထုက ဆောင်ကြဉ်း ပေးသည့်သဘောများ ပါဝင်နေသည်။

ဒဂုန်တာရာကမူ ဝတ္ထုနှင့် ပတ်သက်၍ စာပေသဘောတရား၊ စာပေ ဝေဖန်ရေးစာအုပ်၌-

'ဤနေရာ၌ ဝတ္ထု ဟူသော အနက်ဖွင့်ဆိုချက်အဖြစ် လူတို့ အကြောင်းအရာ၊ အဖြစ်အပျက်ကို ဇာတ်အိမ်တည်၍ ဖွဲ့နွဲ့သော စာပေအမျိုးအစား ဟူသော သဘောမှာ ရှင်းလင်းလာပြီ'ဟု ဆိုထား ပါသည်။[၁]

ဝတ္ထုသည် လူ့အကြောင်းကိုပင် ဇာတ်လမ်းဇာတ်အိမ်ဖြင့် ဖွဲ့ဆိုတင်ပြ သော စာပေဟု ဆိုလိုပါသည်။

ပညာရှင်တို့ ဖွင့်ဆိုခဲ့သော နော်ဗယ်(လ်)ခေါ် ကာလပေါ်ဝတ္ထု၏ သဘောကို ခြုံငုံလေ့လာလိုက်လျှင် ဝတ္ထုရှည်သည် ဒိဋ္ဌလောကရှိ လူတို့၏

---

၁ တာရာ (ဒဂုန်) ၁၉၆၇၊ ၃၁။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်၊ နှုတ်၊ နှလုံး၊ အမူအရာတို့ကို ဇာတ်အိမ်ဖွဲ့၍ သရုပ်ဖော်ရမည်။ သရုပ်ဖော်သော ဇာတ်ဆောင်တို့၏ စရိုက်များကို အကျိုးသင့်၊ အကြောင်းသင့် ဖြစ်အောင် ချိတ်ဆက်မှုများ ပါဝင်ရမည်။ ဒိဋ္ဌလောကကို ထင်ဟပ်သည် ဆိုသော်လည်း စာရေးသူ၏ စိတ်ကူးအတတ်ပညာနှင့် ပေါင်းဖွဲ့ဖန်တီးမှုများ ပါရမည်။ စာဖတ်သူအား ဝတ္ထု အစမှ အဆုံးတိုင် သိလိုစိတ် ဖြစ်ပေါ်စေရမည်။ ဝတ္ထုအဆုံးတွင်မူ နှစ်သက်ခြင်းရသမှ တစ်ဆင့် ဘဝအသိကို ရရှိစေမည့် ဖြစ်စဉ်ပြစကားပြေနှင့် တင်ပြထားသော ရသမြောက်စကားပြေအဖွဲ့ ပုံစံမျိုး ဖြစ်ရမည်ဆိုသော သဘောများကို တွေ့ရှိရပါသည်။

ဝတ္ထုသည် ဒိဋ္ဌလောကနှင့် စာရေးသူ၏ စိတ်ကူးအနုပညာတို့ ပေါင်းစပ်ခြယ်မှုန်းထားသည့် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ ပါဝင်သော ရသ စကားပြေအဖွဲ့ပုံစံ တင်ပြမှုမျိုး ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

## ၁း၂ ဝတ္ထုရှည်၏ အခန်းကဏ္ဍ

၁၈ ရာစုမှစ၍ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သော ဝတ္ထုရှည်၏ အခန်းကဏ္ဍနှင့် အာနိသင်ကို လေ့လာတင်ပြရန် လိုအပ်ပါသည်။ ဝတ္ထုရှည်သည် ရသစာပေ ဖြစ်သည့်အလျောက်-

(၁) စာဖတ်သူတို့အား ခံစားမှု စည်းစိမ်ကို ပေးနိုင်သည်။

ဝတ္ထုသည် နေ့စဉ်နှင့်အမျှ လူ့ဘောင်လောကဌ် ကြုံတွေ့နေရသော ဘဝဖြစ်ရပ်များ၊ လူသားတို့၏ သဘာဝစရိုက်များကို ရေးသားခြင်းဖြစ်သည့်အတွက် လူသားဖြစ်သော စာဖတ်သူတို့အတွက် မထူးဆန်းပေ။ ရိုးအီနေသော အတွေ့အကြုံများသာ ဖြစ်နိုင်သည်။ သို့ရာတွင် ဝတ္ထုထဲက ဖြစ်ရပ်၊ ဝတ္ထုထဲက ဇာတ်ဆောင်၏ ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း စသည့် ခံစားမှုများအနေနှင့် ဖတ်ကြရသောအခါ ခံစားမှုစည်းစိမ် ဖြစ်ကြရသည်။ ဒိဋ္ဌလောကဌ် သုခကို နှစ်သက်သည်။ ဒုက္ခကို မနှစ်သက်ပါ။ ရသစာပေလောကဌ်မူ သုခကိုလည်း နှစ်သက်ရသည်။ ဒုက္ခကိုလည်း နှစ်သက်ရသည်။ ဝေဿန္တရာဇာတ်တော်ကြီး ဝတ္ထုမှ -

'သားသမီးနှင့်အတူ ရှိစဉ်က ဤကျောင်းသခ်မ်းသည် ပွဲသဘင်ကဲ့သို့ ထင်ရသည်။ သားသမီးမရှိသောအခါတွင်မူ ကျောင်းသခ်မ်း

mgyoe.com

mgyoe.com SAMPLE BOOK

သည် သုသာန်တစ်စပြင်ကဲ့သို့ ထင်ရသည်'

ဟူသော သောကအဖွဲ့သည် ဒုက္ခပင် ဖြစ်သော်လည်း စာဖတ်သူတို့ ရင်၌ စွဲငြိနှစ်သက်ကြရသည်။

သခင်ဘသောင်း၏ 'ပန်းသာမစာဥ'ဝတ္ထုမှ ဒုက္ခအတိပြွမ်းသော မစာဥ၏ ရင်နင့်ဖွယ် ခံစားမှုများကိုပင် တရှိုက်ရှိုက် မက်မက် ရင်နင့်ကြေကွဲစွာ ခံစားရင်း နှစ်သက်ကြရသည်။ ဇာတ်ဆောင် မစာဥသည် ရင်ထဲ၌ စွဲကျန်ခဲ့သည်။

'သံနှင့်သွေး' ဝတ္ထုမှ မောင်ညိုနှင့် မောင်နောင်တို့၏ ဓားရေးပြကွက်များသည် သည်းထိတ်ရင်ဖို ဖြစ်သော်လည်း နှစ်သက်ကြရသည်။

ဝတ္ထုနှင့် ပတ်သက်၍ ကျော်အောင် ဘာသာပြန်ဆိုသော 'ဂန္ဓဝင်တစ်ဆယ်'တွင် -

'ဝတ္ထုဆိုသည်မှာ ကျေကျေနပ်နပ်နှင့် နှစ်သိမ့်မှု မပေးနိုင်ခဲ့လျှင် ထိုဝတ္ထုသည် တန်ဖိုးမရှိနိုင်တော့ပြီ'ဟု ဆိုထားပါသည်။ နှစ်သိမ့်မှုပေးနိုင်ခြင်းသည်ပင် ဝတ္ထု၏တန်ဖိုးဟု သတ်မှတ်ခဲ့ပါသည်။

ဝတ္ထုဖတ်ခြင်းဖြင့် ဝတ္ထုပါ ဇာတ်ဆောင်နှင့် စာဖတ်သူသည် တစ်သားတည်းဖြစ်ကာ နှစ်သက်ခြင်း ရသကို ခံစားနိုင်ကြသည့်အတွက် ဝတ္ထုကို နှစ်သက်ရခြင်း ဖြစ်သည်။

(၂) ဝတ္ထုသည် ရသမှတစ်ဆင့် ဘဝအသိကို ရစေသည်။

'ပန်းသာမစာဥ' ဝတ္ထု၏ အဆုံးတွင် ရသမှတစ်ဆင့် ကံကြမ္မာကို အစိုးမရနိုင်သည့် လူ့ဘဝ၊ ကံကြမ္မာ၏ စိုးမိုးခြယ်လှယ်မှုအောက်တွင် ကျင်လည်နေကြသော လူ့ဘဝကို ဆင်ခြင်မိလာသည်။ ကံကြမ္မာကို အစိုးမရသောဘဝတွင် မြဲသည်ဟု ထင်ကာ ဝင့်ဝါမောက်ကြွားနေမိသည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန စရိုက်များကို ဆင်ခြင်မိလာစေပါသည်။

မစန္ဒာ၏ 'ဘဝအိပ်မက် ပန်းအိပ်မက်' ဝတ္ထုအဆုံးတွင် လူ့ဘဝ၌ အသက်ရှင်နေထိုင်စဉ်တွင် အများအကျိုးဆောင်ခြင်း၊ မေတ္တာ၊ ကရုဏာထားခြင်းဖြင့် ဘဝကို အနှစ်သာရရှိရှိ ကုန်ဆုံးလွန်မြောက်စေနိုင်သည် ဟူသော အတွေးအသိကို ရစေပါသည်။

(၃) ဝတ္ထုသည် စာဖတ်သူတို့အား ဘဝအတွေ့အကြုံ၊ နားလည်မှု၊ ခံစားမှုများကို ကြီးမားကျယ်ပြန့်စေသည်။ ထိုအကြောင်းနှင့် ပတ်သက်၍

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထု၏အရေးပါမှုကို W-Biddle / Toby Fulwiler ၏ Reading, Writing and the Study of Literature စာအုပ်တွင် –

'စိတ်ကူးဖြင့် ဖန်တီးထားသော ဝတ္ထုဇာတ်လမ်းသည် ကျွန်ုပ်တို့၏ အသိဉာဏ်၊ အတွေ့အကြုံ၊ နားလည်မှုများနှင့် ခံစားမှု အဆင့်ကို ကြီးမားကျယ် ပြန့်စေသည်'

ဟု ဆိုထားပါသည်။[၁]

ဝတ္ထုထဲတွင် စာဖတ်သူ တစ်ဦးချင်း အနေနှင့် မတွေ့ဖူး၊ မခံစားဖူးသော ဖြစ်ရပ်များ၊ ခံစားမှုများ ပါဝင်သည်။

မာန်မြင့်၏ 'စောင်လေးတစ်ထည်' ဝတ္ထုတွင် ဆင်းရဲလွန်းသောကြောင့် သေဆုံးသွားသော သမီးငယ်တွင် ပတ်ပေးလိုက်ရသည့် စောင်လေးကို နှမြောနေပုံကို ရေးဖွဲ့ထားသည်။ သမီးအပေါ် ရက်စက်လေခြင်းဟု အပြစ်မတင်နိုင်လောက်အောင် ဘဝ၏ဆင်းရဲခြင်းများကို ခြယ်မှုန်းပြထားသည့်အတွက် မိမိ မကြုံဖူးသော ဘဝကို ဝတ္ထုမှတစ်ဆင့် ကြုံတွေ့ကြရပြီးလျှင် အရာရာကို အလွယ်တကူ အပြစ်တင်လိုစိတ်ကို ထိန်းချုပ်နိုင်စွမ်း ရှိလာသည်။ နားလည်နိုင်စွမ်း ရှိလာသည်။ မိမိနှင့် ဘဝချင်း ကွာခြားလှသူတို့အပေါ် စာနာစိတ် ထားတတ်လာသည်။ မေတ္တာ ကရုဏာစိတ် ထားတတ်လာစေပါသည်။

(၄) ဝတ္ထုသည် မိမိဘဝ ပတ်ဝန်းကျင်ကို ပြန်၍ မြင်ယောင်လာစေသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကျော်အောင်၏ ဂန္ထဝင်တစ်ဆယ်၌–

'ဝတ္ထု ဆိုသည်မှာ ကောင်းကင်ဘုံကြီးလိုပင် အဆောင်ဆောင် အခန်းခန်း ရှိလေသည်။ စာရေးဆရာသည် သူနှစ်သက်ရာ အခန်းတစ်ခုခုသို့ သင့်အား ခေါ်ဆောင်သွားလိမ့်မည်။ မဝင်ချင်လည်း ထွက်ခဲ့နိုင်သည်။ သို့သော် သင့်ကို ခေါ်ဆောင်သွားသည့် ပတ်ဝန်းကျင်၏ သဘောကိုကား သိနားလည်ထားရမည်'[၂] ဟု ဆိုထားပါသည်။

ဝတ္ထုဖတ်ခြင်းဖြင့် မိမိဘဝ ပတ်ဝန်းကျင်ကို ကောင်းစွာ နားလည်လာစေနိုင်ပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဆရာဇော်ဂျီက 'စာအုပ်စင်နှင့် ကျွန်တော်' ရသစာတမ်းတွင် –

---

၁ Biddle, 1989, 28.

၂ ကျော်အောင်၊ ၁၉၉၅၊ ၂၂၇။

mgyoe.com

mgyoe.com SAMPLE BOOK

'ကဗျာကောင်း၊ ဝတ္ထုကောင်း၊ ပြဇာတ်ကောင်း စသည်တို့သည် (ဝါ) ရသစာပေကောင်း ဟူသည် သက်ရှိ၊ သက်မဲ့ ပတ်ဝန်းကျင် အပေါ်၌ စာရေးဆရာ၏ စေတနာသက်ရောက်၍ သူ့အမြင်၊ သူ့အကြား၊ သူ့အကြံတို့ကို သူ့စေတနာအလိုက် သရုပ်ဖော်ဖွဲ့ဆို ထားသောစာမျိုး ဖြစ်သည်ဟု ယူဆပါသည်။ တစ်နည်းဆိုရသော် ရသစာပေကောင်းဟူသည် စာရေးသူ၏ စိတ်စေတနာကို ရေးထား သောစာမျိုး ဖြစ်သည်ဟု ဆိုလိုပါသည်ဟု ဆိုမိန့်ခဲ့ပါသည်။'[၁]

စာကောင်းပေကောင်း၏ အာနိသင်နှင့် ပတ်သက်၍ 'ရသစာပေ ကောင်းကို ဖတ်ရလျှင် ပတ်ဝန်းကျင်ကိုလည်း သတိပြုမိလာနိုင်စရာအကြောင်း ရှိပါသည်။ လောဘထွက်သူသည် မိမိ လောဘထွက်သည်ကို သတိပြုမိလျှင်၊ ဒေါသထွက်သူသည် မိမိဒေါသထွက်သည်ကို သတိပြုမိလျှင်၊ မာနတက်သူ သည် မိမိ မာနတက်သည်ကို သတိပြုမိလျှင် ဆင်ခြင်တတ်ခြင်း ရှိလာ၍ လောဘ၊ ဒေါသ၊ မာနတို့၏ အပူအလောင်မှ သက်သာရာ ရနိုင်သည်ဟု ပညာရှိတို့ ဆိုမိန့်ကြပါသည်။

ထိုနည်းတူစွာ ပတ်ဝန်းကျင်ကို သတိပြုမိသူသည် မိမိ၏ ကိုယ်၊ နှုတ်၊ နှလုံးကို သုံးသည့်အခါတိုင်း ဆင်ခြင်တတ်ခြင်း ရှိလာ၍ မိမိတစ်ဦးတည်း ၏ အကျိုးစီးပွားအတွက်သာမက မိမိပတ်ဝန်းကျင်၌ မိမိကဲ့သို့ သုခ၊ ဒုက္ခ အမျိုးမျိုးနှင့် ကျင်လည်နေကြကုန်သော သတ္တဝါခပ်သိမ်း၏ အကျိုးစီးပွား အတွက်လည်း ကြည့်တတ်၊ မြင်တတ်၊ ကရုဏာဖြစ်တတ်လာနိုင်စရာအကြောင်း ရှိသည်'ဟု ထင်ပါသည်ဟု အကျယ်တဝင့် ထပ်ဆင့် တင်ပြခဲ့ပါသည်။

သို့ဖြစ်၍ ဝတ္ထု၏ အခန်းကဏ္ဍတွင်-

(၅) အချက်မှာ မိမိကိုယ်ကိုယ် ဆင်ခြင်နိုင်၍ မိမိနှင့် မိမိပတ်ဝန်း ကျင်ကို ဘဝအမောပြေစေနိုင်သည်ဟု ဆိုရပါမည်။

ဝတ္ထု၏ အခန်းကဏ္ဍ၊ အာနိသင်နှင့် ပတ်သက်၍ မာကျူရီ ဘော်လ်တန်ကလည်း The Anatamy of The Novel စာအုပ်တွင် -

'ဝတ္ထုကောင်းကို ဖတ်ခြင်းသည် ကျွန်ုပ်တို့၏ နားလည်မှုကို ကြီးမားလာစေသော နည်းလမ်းတစ်ခု ဖြစ်သည်။ ထို့ကြောင့်

၁ ဓော်ကျီး၊ ဆရာ၊ ၁၉၇၈၊ ၂၅၃၊

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်ုပ်တို့အနေနှင့် မဖြစ်နိုင်သည်တို့ကို အလျင်အမြန် စိတ်ထဲမှ ဖယ်ထုတ်ခြင်း မပြုသင့်ပေ'[၁] ဟု ဆိုထားပါသည်။

ထိုအဆိုအရ ဝတ္ထု၏ အခန်းကဏ္ဍ အရေးပါပုံနှင့် အာနိသင် ထက်မြက်ပုံတို့မှာ ထင်ရှားလှပါသည်။ အသင့်ယုတ္တိမရှိဟု ဆိုနိုင်သော အချက်များထဲမှပင် ဘဝအသိရရှိနိုင်သည်ဟု ယူဆနိုင်ပါသည်။

ဝတ္ထုဖတ်ခြင်း၏ အကျိုးအာနိသင်နှင့် ပတ်သက်၍ ကျော်အောင်၏ 'ဂန္ထဝင်တစ်ဆယ်'၌ -

> 'ဝတ္ထု ဆိုသည်မှာ တစ်စုံတစ်ရာ ညွှန်ကြားသည့်ကျမ်း မဟုတ်၊ ဝတ္ထုသည် နီတိကျမ်းမဟုတ်၊ ဝတ္ထုဖတ်ခြင်းသည် ဆင်ခြင်တိုင်းထွာသည့်ဉာဏ် တိုးတက်ဖွံ့ဖြိုးစေရန် စိတ်ပြောင်း စိတ်လွှဲလုပ်ငန်း တစ်ခု ဖြစ်သည်'[၂]

ဟု ဖော်ပြထားပြန်ပါသည်။

ဝတ္ထုသည် ရသစာပေ၏ သဘော သဘာဝအတိုင်း တိုက်ရိုက် ညွှန်ကြားခြင်း မပြုသော်လည်း ဇာတ်လမ်း၊ ဇာတ်ဆောင်တို့အပေါ်၌ စိတ်လှုပ်ရှား ခံစားမှုအမျိုးမျိုး ဖြစ်ပေါ်စေပြီးလျှင် ဇာတ်လမ်းအဆုံးတွင် စာရေးသူက ပေးလိုသော ဘဝအသိကို အလိုလို နားလည်ကြရမြဲ ဖြစ်သည်။

ဝတ္ထုဖတ်ခြင်းဖြင့် ဘဝနှင့် ပတ်သက်သည့်ခံစားမှု၊ ဘဝအတွေး၊ ဘဝအသိများ တိုးပွား ရင့်ကျက်လာနိုင်ပါသည်။ စာဖတ်သူ၌ အသိဉာဏ် တိုးတက် ဖွံ့ဖြိုးစေခြင်း၊ ရင့်ကျက်စေခြင်းလုပ်ငန်းသည် ဝတ္ထု၏ရပ်တည်မှု အခန်းကဏ္ဍတစ်ခု ဖြစ်သကဲ့သို့ ဝတ္ထုမှရသော အာနိသင်လည်း ဖြစ်ပါသည်။

ဆင်ခြင်တိုင်းတာသည့်ဉာဏ် တိုးတက်ဖွံ့ဖြိုးစေသည် ဆိုရာ၌ ဝတ္ထုဖတ်ခြင်းဖြင့် ဝတ္ထုရေးသူ၏ စိတ်ကူးနောက်သို့ လိုက်ရင်း မိမိဘက်မှလည်း ရှေ့ဆက်မည့် ဇာတ်လမ်းအလားအလာကို မှန်းဆကြည့်သော အလေ့အကျင့်များ ရှိနိုင်ပါသည်။ စာဖတ်သူအပိုင်းမှလည်း ဝတ္ထုရေးသူနှင့် စိတ်ကူးချင်း အားပြိုင်ကာ ဖြစ်နိုင်ဘသည့် အလားအလာကို မှန်းဆရာမှ ဉာဏ်ရည်ဖွံ့ဖြိုးလာနိုင်ပါသည်။ ကိုယ်တွေ့ မဟုတ်သည့်တိုင် စာတွေ့၊ စိတ်အတွေ့အကြုံအမျိုးမျိုးဖြင့်

---

၁ Boulton, 1975, 73.

၂ ကျော်အောင်၊ ၁၉၉၁၊ ၆၆။

mgyboe.com SAMPLE BOOK

ဆင်ခြင်တုံတရားများ တိုးပွားလာစေရန် ဝတ္ထုက စွမ်းဆောင်ပေးပါသည်။

ဝတ္ထုသည် လောဘ၊ ဒေါသ၊ မောဟ၊ မာနစိတ်တို့၏ ဆိုးကျိုးများကို ဝတ္ထုပါ ဇာတ်ဆောင်တို့ဖြင့် နိမိတ်ပုံပြု၍ ထင်သာမြင်သာအောင် တင်ပြပေးနိုင်စွမ်း ရှိသည်။ မိမိ၌ လောဘ၊ ဒေါသ၊ မောဟ၊ မာနတို့ ရှိဖူးသော်လည်း မိမိ၏အတ္တစရိုက်ကြောင့် အမှန်ကို မမြင်နိုင်၊ မဆင်ခြင်နိုင်ခဲ့သော စာဖတ်သူသည် မိမိမဟုတ်သော အခြားဇာတ်ဆောင်တစ်ဦး၏ လောဘ၊ ဒေါသ၊ မောဟ၊ မာနများအဖြစ် တွေ့ရသောအခါ မုန်းတီးစက်ဆုပ်ဖွယ် စိတ်အမူအရာများအဖြစ် အမှန်အတိုင်း မြင်လာရာမှ ဆင်ခြင်နိုင်လာသည့်။ စိတ်အမူအရာ ပြောင်းလဲလာအောင် ဝတ္ထုက ပြုပြင်ပေးနိုင်ပါသည်။

ထို့ကြောင့် ဝတ္ထု၏ အခန်းကဏ္ဍ (၆) အဖြစ် လူ့စိတ် လူ့သဘောထားကိုလည်း ပြုပြင်ပြောင်းလဲပေးနိုင်သည်ဟု ဆိုရပါမည်။

ဂျွန်ပက် (John Peck) နှင့် မာတင်ကွိုင်း (Martin Coyle) ရေးသားသော Literary Terms and Criticism စာအုပ်တွင် -

'ဝတ္ထုရေးဆရာသည် လူ့အဖွဲ့အစည်းနှင့် တစ်ဦးချင်း၏ ဆက်စပ်မှုကို ဆန်းစစ်လေ့လာသည်။ ပဋိပက္ခများကို ဖော်ပြသည်။ ထို့နောက် ဇာတ်လမ်းအဆုံးတွင် ဇာတ်ဆောင်၏အနိုင်၊ အရှုံး ဖြစ်ရပ်ကို သာဓကပြု၍ လူသားများအနေနှင့် လူ့အဖွဲ့အစည်းနှင့် အဆင်ပြေချောမွေ့အောင် မည်သို့ နေထိုင်ကျင့်ကြံသင့်ကြောင်း လမ်းပြပေးသည်'ဟု ဖော်ပြထားပါသည်။

ဝတ္ထုသည် လူ့အကြောင်းကို ရေးသော်လည်း အကြောင်းမဲ့ရေးသည် မဟုတ်။ ဖျော်ဖြေရေး ရည်ရွယ်ချက်သက်သက်ဖြင့်လည်း ရေးသည်မဟုတ်။ သာမန်အားဖြင့်ကြည့်လျှင် ဝတ္ထုပါ ဇာတ်ဆောင်တို့၏ ပုဂ္ဂလိကစရိုက်၊ ပုဂ္ဂလိကဖြစ်ရပ်များကို ဇာတ်လမ်းဆင် တင်ပြထားခြင်း ဖြစ်သော်လည်း ပုဂ္ဂလိကစရိုက်၊ ပုဂ္ဂလိကဖြစ်ရပ်များသည် ယေဘုယျသဘောဆောင်သည်ကို တွေ့ရသည်။ ဝတ္ထုပါဇာတ်ဆောင်၏ စရိုက်နှင့် ဖြစ်ရပ်များသည် လူ့အဖွဲ့အစည်းတွင် တွေ့ရလေ့ရှိသော စရိုက်များ၊ ဖြစ်ရပ်များ ဖြစ်နေတတ်သည့်အတွက် စာဖတ်သူတို့အနေနှင့် အလွယ်တကူ နားလည်ခံစားနိုင်သည်။ ဇာတ်ဆောင်များနှင့် တစ်သားတည်းကျလာနိုင်သည်။ မိမိအတွေ့အကြုံ၊ မိမိခံစားမှုအဖြစ် စိမ့်ဝင်ခံစားကာ ကိုယ်ချင်းစာစိတ် ထားလာနိုင်သည်။ ဇာတ်ဆောင်တို့၏ ဘဝပြဿနာကို

mgyboe.com

mgyoe.com SAMPLE BOOK

မိမိပြဿနာအဖြစ် ထင်မှတ်ကာ အဖြေကိုရှာလာကြသည်။ ပြဿနာ၏ အဖြေကို ဝတ္ထုက လမ်းညွှန်မှုပြုလျှင် ရသဖြင့် စိမ့်ဝင်နစ်မျောနေသော စာဖတ်သူ အနေနှင့် အလွယ်တကူ လက်ခံလိုက်ကြပါသည်။ ထိုနည်းဖြင့် လူ့အဖွဲ့အစည်းနှင့် လူသား၏ ပဋိပက္ခများ ဖြေရှင်းရန် နည်းလမ်းများကို ဝတ္ထုမှတစ်ဆင့် ရရှိလာတတ်ပါသည်။

မစန္ဒာ၏ 'ဘဝအိပ်မက်၊ ပန်းအိပ်မက်'မှ ဦးဘပွားသည် မိမိ၏ မာနနှင့် အတ္တစရိုက်ကြောင့် လူ့အဖွဲ့အစည်းနှင့် အဆင်မပြေဖြစ်ကာ အထီးကျန်နေသူ ဖြစ်သည်။ ပစ္စည်းဥစ္စာပြည့်စုံသော်လည်း မေတ္တာရေခန်းခြောက်သည့် ကန္တာရဆန်သော ဘဝတွင် အနှစ်သာရကင်းမဲ့စွာ ရှင်သန်နေရဆဲ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကင်ဆာရောဂါကိုလည်း ခံစားနေခဲ့ရသည်။ ဝတ္ထုရေးသူသည် ဦးဘပွားနှင့် လူ့အဖွဲ့အစည်း အဆင်မပြေမှုကို ဇာတ်လမ်းဖန်တီးမှု အတတ်ပညာသုံး၍ အဆင်ပြေချောမွေ့လာအောင် ပြုပြင်ပြောင်းလဲပေးသည်။ ဦးဘပွားကို သူနေသော ကန်ထရိုက်တိုက်အတွင်းရှိ မိသားစုများနှင့် ဆက်စပ်ပေးသည်။ ဇာတ်သိမ်းတွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ရသော်လည်း မကွယ်လွန်မီတွင် နွေးထွေးသော မေတ္တာအရိပ်ကို ခိုလှုံခွင့်ရခဲ့သည်။ ဘဝ၏ အနှစ်သာရကို ရှာဖွေတွေ့ရှိ၍ သွားခဲ့ပေသည်။

ထိုနည်းဖြင့် စာရေးသူသည် ဦးဘပွားဆိုသည့် ဇာတ်ဆောင်ကို ဗဟိုပြုကာ အခြားဇာတ်ဆောင်များ ခြံရံလျက် ဇာတ်လမ်းဆင်ယှသည်။ အဆုံးတွင် လူ့ဘဝ၌ လူ့အဖွဲ့အစည်းနှင့် အဆင်ပြေချောမွေ့စွာ နေထိုင်နည်းနှင့် ရခဲလှသော လူ့ဘဝတွင် ဘဝကို အဓိပ္ပာယ်ရှိရှိ ပြုမူနေထိုင်သွားသင့်သည် ဟူသော အတွေးအသိကို ပေးနိုင်ခဲ့ပါသည်။

ထို့ကြောင့် ဝတ္ထု၏ အခန်းကဏ္ဍ အမှတ် (၇) အဖြစ် လူ့အဖွဲ့အစည်းနှင့် အဆင်ပြေချောမွေ့အောင် နေထိုင်နည်းကို ဝတ္ထုက ပေးအပ်သည်ဟု ဆိုရပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း(၂)
# ရည်ရွယ်ချက်

## ၂း၁ ရည်ရွယ်ချက်သဘော

မည်သည့်စာပေအမျိုးအစားတွင်မဆို ရည်ရွယ်ချက်သည် အရေးပါသည်။ သုတစာပေ ရေးသားရာ၌ မိမိ အသိပေး တင်ပြလိုသော ရည်ရွယ်ချက်အပေါ်တွင် မူတည်၍ အချက်အလက်များကို စုစည်းတင်ပြရသည်။ အချက်အလက်ပြည့်စုံမှု၊ အရေးအသား ရှင်းလင်းတိကျမှုတို့သည် ရည်ရွယ်ချက်သို့ ရောက်အောင် ရေးသားရာတွင် အရေးပါသည်။ သုတစာပေရေးသူသည် မိမိရည်ရွယ်ချက်ကို တိုက်ရိုက်ညွှန်ကြားနိုင်သည်။ ရသစာပေရေးသူ အနေနှင့်မူ ရည်ရွယ်ချက်ကို တိုက်ရိုက်ညွှန်ကြားခြင်းဖြင့် စာဖတ်သူအား အနှောင့်အယှက်ဖြစ်စေသည်။ စာဖတ်သူ၏ အတွေးနှင့် ခံစားမှုကို စာရေးသူက လိုက်၍ ကန့်သတ်ပေးရာရောက်သည်။ ကဗျာလေးတစ်ပုဒ်ပင် ဖြစ်လင့်ကစား အာရုံခံစားမှုနှင့် အတွေးအမြင် ထက်မြက်သည့် စာဖတ်သူသည် စာရေးဆရာ တင်ပြလိုသော ရည်ရွယ်ချက်ထက် ပို၍ တွေးမြင်ခံစားနိုင်စွမ်း ရှိကြသည်။ ကဗျာ၏အလှ၊ ကဗျာ၏ခံစားမှု၊ ကဗျာအတွေးတို့သည် စာဖတ်သူ အနအရင့်ကိုလိုက်၍ သူ့အလိုလို ကန့်သတ်သွားသည်။ စာဖတ်သူ တစ်ဦးတည်းပင်လျှင် ငယ်စဉ်က ထိုကဗျာကို ကြိုက်ပုံ၊ ခံစားပုံ၊ တွေးမြင်ပုံနှင့် အသက်အရွယ်ကြီးရင့်လာသောအခါတွင် ကြိုက်ပုံ၊ ခံစားပုံ၊ တွေးမြင်ပုံတို့ မတူနိုင်တော့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

တိုးတက်ပြောင်းလဲသွားနိုင်ပါသည်။ ကဗျာရေးသူ၏ ရည်ရွယ်ချက်နှင့်လည်း တူချင်မှ တူပါမည်။

ရသစာပေသည် လွတ်လပ်ခြင်း၊ သိမ်မွေ့ခြင်း၊ ကျယ်ပြန့်နက်ရှိုင်းခြင်းသဘောတို့ ပါဝင်သည်။ စိတ်ကူးယဉ်စာပေပီပီ စာရေးသူ၏ စိတ်ကူးကို စာဖတ်သူထံသို့ ကူးစက်ရောက်ရှိလာအောင် ပို့ဆောင်ရသော ရသစာပေဖန်တီးမှု အတတ်ပညာမှာလည်း အဆုံးမဲ့ ကျယ်ပြန့် နက်ရှိုင်းလှပါသည်။

ရသစာပေဖြစ်သော ဝတ္ထုသည် လူ့ဘောင်လူ့အဖွဲ့အစည်း တစ်ခုလုံးကို ကိုယ်စားပြု ရေးဖွဲ့ရသောကြောင့် ပို၍ သိမ်မွေ့နက်နဲလှပါသည်။ ဝတ္ထုရေးသူသည် လောကကို စိတ်ဝင်စားသူ ဖြစ်ရပါမည်။ လူ့သဘော လူ့သဘာဝအမျိုးမျိုးကို နားလည်ကျွမ်းကျင်သူ ဖြစ်သင့်ပါသည်။ လူ့ဘောင်ကို ရှုမြင်သုံးသပ်ရာ၌ အကောင်းမြင်တတ်ရန်နှင့် စေတနာထားတတ်ရန်လည်း လိုအပ်ပါလိမ့်မည်။

ထိုသို့သော စိတ်ကောင်း စေတနာကောင်းများကို အခြေခံ၍ လူ့အဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံရာမှ ဘဝအတွေ့အကြုံ၊ ခံစားမှုများ၊ စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ပေမည်။ ထိုအတွေ့အကြုံ၊ ခံစားမှုတို့မှတစ်ဆင့် ဘဝအသိအမြင် တစ်ခုခုကို ရခဲ့ပေမည်။ ထိုအသိအမြင်ကို စာဖတ်သူတို့အား ထပ်ဆင့်ဖြန့်ဝေလိုသော စေတနာ ရည်ရွယ်ချက် ဖြစ်ပေါ်လာပေလိမ့်မည်။

ဝတ္ထုရေးသူသည် စာဖတ်သူတို့၏စိတ်ကို စည်းရုံးခေါ်ဆောင်၍ မိမိ၏ လောကအမြင်ကို ဖြန့်ဝေခြင်း ဖြစ်သောကြောင့် စာရေးသူ၌ လွန်စွာ တာဝန်ကြီးပါသည်။ စာရေးသူ၏ လောကအမြင်သည် မှန်ကန်ရန် လိုအပ်သကဲ့သို့ ထက်မြက်ရန်လည်း လိုအပ်ပါသည်။

ဝတ္ထုရေးသူသည် ရသစာပေဖန်တီးမှု အတတ်ပညာဖြင့် ခံစားမှု၊ အတွေးအသိများကို ဖြန့်ဝေရာ၌ စာဖတ်သူတို့၌ မှန်ကန်သော အတွေးအသိ ရအောင် စွမ်းဆောင်နိုင်ရမည် ဖြစ်ပါသည်။ စာရေးသူ၏ စေတနာရည်ရွယ်ချက်သည် ဝတ္ထုတွင် အခြေခံကျပါသည်။

## ၂း၂ ရည်ရွယ်ချက်နှင့် ဝတ္ထု၏ အခြားအင်္ဂါရပ်များဆက်စပ်ပုံ

စာရေးသူသည် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် ရည်ရွယ်ချက်ကို ပေါ်လွင်စေမည့် ဇာတ်လမ်းကို ရွေးချယ်ရပါသည်။ ထို့နောက်

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်လမ်းနှင့် လိုက်ဖက်မည့် ဇာတ်ဆောင်တို့ကို ရွေးချယ်ပြီးလျှင် ဇာတ်လမ်းနှင့် အံဝင်ခွင်ကျဖြစ်အောင် နေရာချထားရပါသည်။ ဇာတ်လမ်းနှင့် ဇာတ်ဆောင်တို့သည် အပြန်အလှန် ထောက်ကူပံ့ပိုးပေးရပါသည်။ ဇာတ်လမ်းကို ရည်ရွယ်ချက်အလိုက်သာ ဖန်တီးယူရပါသည်။ ဇာတ်ဆောင်များမှာလည်း ရည်ရွယ်ချက်ကို ပေါ်အောင် သရုပ်ဖော်ပေးမည့် ဇာတ်ဆောင်များကိုသာ ရွေးချယ်ဖန်တီးယူရပါသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့သည် အဆင်ပြေ ညီညွတ်စွာ ပူးပေါင်းစေ၍ ရည်ရွယ်ချက်သို့အရောက် ပို့ဆောင်ပေးရပါသည်။

တစ်ခါတစ်ရံတွင် စာရေးသူသည် လူ့အဖွဲ့အစည်းအတွင်းသို့ တိုးဝင်လှုပ်ရှားရင်း ထူးခြားသော လူ့စရိုက်အမျိုးမျိုးကို တွေ့ခဲ့ကြုံခဲ့နိုင်ပါသည်။ ထိုစရိုက်ကို အခြေခံ၍ ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ဖန်တီးယူခြင်းမျိုးလည်း ရှိနိုင်ပါသည်။ ထူးခြားသော စရိုက်အပေါ်၌ အခြေခံ၍ လောကအမြင် တစ်ခုခုကို တွေးမိရာမှ ထိုအမြင်၊ ထိုစရိုက်တို့နှင့် လိုက်ဖက်သည့် ဝတ္ထုဇာတ်လမ်းကို ဖန်တီးယူခြင်းမျိုးလည်း ရှိနိုင်ပါသည်။ တစ်ခါတစ်ရံတွင် စာရေးသူသည် သူ့ပတ်ဝန်းကျင်မှ ဖြစ်ရပ်ကလေး တစ်ခုအပေါ် အာရုံစူးစိုက်မိရာမှ အတွေးအမြင်တစ်ခု ရခဲ့ပေမည်။ ထိုဖြစ်ရပ်ကလေးကို ဇာတ်လမ်းဆင်ကာ ဝတ္ထုအဖြစ် ဖန်တီးယူခြင်းမျိုးလည်း ရှိနိုင်ပါသည်။ အချို့ဝတ္ထုများကို ဖန်တီးရာ၌ ကာလ၊ ဒေသနောက်ခံကို ဦးစွာတွေ့ရှိပြီးမှ ထိုကာလ၊ ဒေသနောက်ခံပေါ်တွင် မူတည်၍ စာရေးသူ တင်ပြလိုသော စေတနာရည်ရွယ်ချက်ကို ရွေးချယ်ပါမည်။ စေတနာ ရည်ရွယ်ချက်နှင့် ကာလဒေသနောက်ခံသည် တစ်သားတည်းကျနေပြီးမှ ကာလ၊ ဒေသနောက်ခံနှင့် လိုက်ဖက်ညီညွတ်ပြီးလျှင် ရည်ရွယ်ချက် ပေါ်လွင်စေမည့် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို ရွေးချယ်ဖန်တီးယူသည့် သဘောမျိုးကိုလည်း တွေ့ရတတ်ပါသည်။

ထိုသဘောမျိုးကို အထူးသဖြင့် သမိုင်းနောက်ခံဝတ္ထုရှည်များတွင် တွေ့ရတတ်ပါသည်။ သိန်းဖေမြင့်၏ 'အရှေ့က နေဝန်းထွက်သည့်ပမာ' ဝတ္ထုကို ကြည့်လျှင် အမျိုးသားရေးလှုပ်ရှားမှုများ နိုးကြားတက်ကြွခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးကာလကို နောက်ခံအဖြစ် ရွေးချယ်ထားပါသည်။ လွတ်လပ်ရေးခေတ်တွင် မြန်မာတို့အနေနှင့် နယ်ချဲ့ကို ဆန့်ကျင်တော်လှန်စဉ်က စုပေါင်းညီညွတ်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို အမှတ်ရကြစေရန်နှင့် အမျိုးမာန် ဇာတိမာန်ကို ဆက်၍ ထိန်းထားကြစေရန် ရည်ရွယ်ခဲ့ဟန် တူသည်။

စာရေးသူအနေနှင့် ခေတ်အတွေ့အကြုံပေါ် မူတည်၍ ရည်ရွယ်ချက်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ပေါ်လာနိုင်သည်။ ရည်ရွယ်ချက်နှင့် လိုက်ဖက်သည့် ကာလ၊ ဒေသနောက်ခံကို ရွေးချယ်ပြီးမှ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို ဖန်တီးယူခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ သမိုင်းနောက်ခံဝတ္ထုများ၌ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ထက် ရည်ရွယ်ချက်နှင့် ကာလ၊ ဒေသနောက်ခံသည် ရှေးဦးစွာ ပေါက်ပွားလာနိုင်ပါသည်။

ဇာတိမာန်ကို နိုးကြားလာစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားရာတွင် ထိုရည်ရွယ်ချက်ကို ပေါ်လွင်စေသည့် သမိုင်းခေတ်တစ်ခေတ် (ဝါ) သမိုင်းကာလတစ်ခုကို ရှေးဦးစွာ ရွေးချယ်ရပေလိမ့်မည်။ ထိုမှတစ်ဆင့် ရည်ရွယ်ချက်၊ နောက်ခံတို့နှင့် လိုက်ဖက်သည့် ဇာတ်လမ်း၊ ဇာတ်ဆောင်ကို ရွေးချယ် ဖန်တီးယူပေလိမ့်မည်။

အချို့ ဝတ္ထုများတွင်မူ ဇာတိမာန် နိုးကြားစေရန် ရည်ရွယ်ချက်ကို ဦးတည်ထားပြီး သမိုင်းတွင် ထင်ရှားခဲ့သည့် မျိုးချစ်အာဇာနည်တစ်ဦးဦးကို အဓိက ဇာတ်ဆောင်အဖြစ် ရည်မှန်းပြီးမှ ဇာတ်အိမ်တည်ဆောက် ယူသည့် သဘောမျိုးကိုလည်း တွေ့ရပါသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ 'နတ်သျှင်နောင်'၊ 'တပင်ရွှေထီး'၊ 'ဗညားနွဲ့'၊ နန္ဒ၏ 'ဒေါင်းလံချီချီသွေးနီနီ'၊ 'သံနှင့်သွေး' ဝတ္ထုများသည် ထိုသဘောမျိုး ဖြစ်နိုင်ခြေ ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ဝတ္ထုတွင် ရည်ရွယ်ချက်သည် အဓိက ကျပါသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလ၊ ဒေသနောက်ခံ၊ ပြောစကားတို့သည် ရည်ရွယ်ချက်ကို ပေါ်လွင်စေရန် စုပေါင်း၍ တညီတညွတ်တည်း ပို့ဆောင်ပေးကြရပါသည်။ ရည်ရွယ်ချက်သည် စာရေးသူ၏ လောကအတွေ့အကြုံ၊ ခေတ်အတွေ့အကြုံမှ ပေါက်ပွားလာသော စေတနာ ဖြစ်ပါသည်။ လောကအမြင် ဖြစ်ပါသည်။ ရည်ရွယ်ချက်တွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး၊ စိတ်နေသဘောထားတို့ ကိန်းအောင်းနေပါသည်။ ရည်ရွယ်ချက်သည် တည့်မတ်မှန်ကန်ရပါမည်။ လောကသစ္စာ ဖြစ်ရပါမည်။ စာဖတ်သူ၏ အသိဉာဏ်ကို လင်းပွင့်စေရပါမည်။ စာဖတ်သူ၏ စိတ်ကို ပြုပြင်နိုင်သည်အထိ ထက်မြက်ရပါမည်။ ရည်ရွယ်ချက်၏ မြင့်မားမှု၊ ကျယ်ပြန့်နက်ရှိုင်းမှုအပေါ်တွင် မူတည်၍ ဝတ္ထု၏ အခြားအင်္ဂါအစိတ်အပိုင်းများဖြစ်သော ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလ၊ ဒေသနောက်ခံ၊ ပြောစကားတို့ကို စုစည်းတည်ဆောက်ယူရမည် ဖြစ်ပါသည်။ စာရေးသူသည် ရည်ရွယ်ချက်အလိုက် သူ၏ ဝတ္ထုအဆင့်အတန်းကို ထိန်းသိမ်းပဲ့ကိုင် ရေးသားရမည် ဖြစ်ပါသည်။ စာဖတ်သူသည် ဝတ္ထုအဆုံး

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ရည်ရွယ်ချက်ကို အလိုလို ရှာဖွေတွေ့ရှိသွားပြီးလျှင် ဝတ္ထု၏တန်ဖိုးကို ဆုံးဖြတ်မည် ဖြစ်ပါသည်။

ရည်ရွယ်ချက်ကို အများအားဖြင့် စာရေးသူသည် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ထက် ရှေးဦးစွာ ရှာဖွေတွေ့ရှိနိုင်ခြေ ရှိပါသည်။ စာဖတ်သူ အနေနှင့်မူ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလ၊ ဒေသနောက်ခံ၊ ပြောစကားတို့ဖြင့် ဖွဲ့စည်းထားသော ဝတ္ထုဆိုသည့် စိတ်ကူးယဉ်ပေါ်တွင် လိုက်ပါရင်း ခရီးဆုံးတွင် စာရေးသူ၏ ရည်ရွယ်ချက်ကို တွေ့ရမည် ဖြစ်ပါသည်။ နှစ်သက်ခြင်းနှင့်အတူ စာဖတ်သူ၏ စိတ်၌ စွဲမြဲခိုင်မာစွာ ကျန်ရစ်စေနိုင်သည့် စာဖတ်သူ၏ အတွေးအသိကို တိုးတက်စေနိုင်မည့် ရည်ရွယ်ချက်မျိုး ဖြစ်သင့်ပါသည်။

ဝတ္ထုရှည်တွင် ရည်ရွယ်ချက်သည် ဦးဆောင် ဖြစ်ပါသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလ၊ ဒေသနောက်ခံ၊ ပြောစကားတို့သည် ရည်ရွယ်ချက်၏ ဦးဆောင်မှုနောက်သို့ တညီတညွတ်တည်း လိုက်ပါပံ့ပိုးပေးသည့် ဝတ္ထု၏အင်္ဂါအစိတ်အပိုင်းများ ဖြစ်ပါသည်။ ယင်းကို ရသစာပေဖန်တီးမှု လုပ်ငန်း၏ စည်းလုံးညီညွတ်မှု (Unity) ဟု ဆိုနိုင်ပါသည်။

NTC's Dictionary of Literary Terms စာအုပ်တွင် ထိုအကြောင်းနှင့်ပတ်သက်၍ –

> 'ယင်း၏ လုပ်ငန်းများသည် တစ်ခုတည်းသော ခံစားချက် သို့မဟုတ် အကျိုးသက်ရောက်မှုအပေါ် မူတည်၍ အတူတကွ ဖန်တီးထားလျှင် စည်းရုံးညီညွတ်မှု ရှိသည်ဟု ဆိုသည်။ အစိတ်အပိုင်း တစ်စုံတစ်ခုသည် ပြောင်းလဲခြင်း (ဝါ) ရွေ့လျားခြင်း ဖြစ်ခဲ့လျှင် စည်းရုံးမှု ပျက်ပြားသည်။ စည်းရုံးမှု၏ အခြေခံမှာ ဇာတ်လမ်း၊ ဇာတ်ဆောင် စရိုက်ဖော်ခြင်း၊ ရည်ရွယ်ချက်၊ စိတ်ကူး၊ သင်္ကေတတို့ ဖြစ်နိုင်သည်'[၁]ဟု ဆိုထားပါသည်။

ရည်ရွယ်ချက်တစ်ခုတည်းပေါ်၌ မူတည်၍ ဝတ္ထု၏ အခြားသော အစိတ်အပိုင်းများ တညီတညွတ်တည်း ပူးပေါင်းရွေ့လျားသွားရမည်ကို ဆိုလိုဟန် ရှိပါသည်။

■

---

၁ Morner & Raush, 1998.

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)
# ဇာတ်လမ်း

## ၃း၁ ဇာတ်လမ်း၏သဘောနှင့် အခန်းကဏ္ဍ

ရသစာပေအဖွဲ့ပုံစံ အမျိုးမျိုးရှိသည့်အနက် ဝတ္ထုသည် စာဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်သော အရည်အသွေး အထက်မြက်ဆုံး ဖြစ်ရသည့် အကြောင်းရင်းများထဲတွင် ဇာတ်လမ်း၏ အခန်းကဏ္ဍသည် အဓိက ကျပါသည်။ လူသားတို့သည် စာပေအရေးအသား မပေါ်ထွန်းမီကာလကပင် ပုံပြင်များကို နှစ်ခြိုက်စွဲလမ်းခဲ့ကြသည်။ ပုံပြင်များသည် လူ့စရိုက်၊ လူ့သဘာဝ အမျိုးမျိုးနှင့် ထိုစရိုက်များပေါ်တွင် မူတည်၍ ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက် အမျိုးမျိုးတို့၏ နိမိတ်ပုံများ ဖြစ်သည်။ ပုံပြင်ပါ ဇာတ်ဆောင်များနှင့် ဖြစ်ရပ်များသည် လူ့ဘောင်လောက၏ နိမိတ်ပုံများဖြစ်သည်။ နိမိတ်ပုံများမှတစ်ဆင့် လောကအကြောင်း၊ လူ့အကြောင်းကို နားလည်လာကြရသည်။

အလွန်ငယ်ရွယ်သေးသော ကလေးငယ်များပင် ပုံပြင်များကိုနှစ်သက်စွဲလမ်းကြသည်။ ပုံပြင်များမှတစ်ဆင့် သူတို့ မသိသေးသော လောကကြီး အကြောင်းကို စူးစမ်း ရှာဖွေကြသည်။ ပုံပြင်များကို စွဲလမ်းသော လူသား၏ သဘာဝအပေါ်အခြေခံ၍ ဇာတ်လမ်းပါသော ဝတ္ထုကိုလည်း နှစ်ခြိုက်ကြခြင်း ဖြစ်ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုမှ ဇာတ်လမ်းသည် ပုံပြင်မှ ဇာတ်လမ်းထက် ပို၍ ဒိဋ္ဌလောကနှင့် နီးစပ်သည်။ ဒိဋ္ဌလောကကို ထင်ယောင်မြင်ယောင် ဖြစ်စေသည်။ ပုံပြင်ထက် ပို၍ အသင့်ယုတ္တိ ရှိလာသည့်အတွက် ဝတ္ထုဇာတ်လမ်းမှရသော ဘဝအသိသည် ပို၍ ခိုင်မာသည်။ စာဖတ်သူအတွက် အကျိုးသက်ရောက်မှု အားကောင်းစေပါသည်။

ဇာတ်လမ်းနှင့်ပတ်သက်၍ ဂျယ်ရမီဟော်သွန်က Studying the Novel an Introduction စာအုပ်တွင် -

'ဇာတ်လမ်းဆိုသည်မှာ ဖြစ်ရပ်နှင့် လှုပ်ရှားမှုများကို အစီအစဉ်တကျ စီစဉ်ထားမှု ဖြစ်သည်။ ထိုကဲ့သို့ စည်းရုံး ညီညွတ်စွာ စီစဉ်ထားသော ဇာတ်လမ်း ဖြစ်စဉ်မျိုးကို ဒိဋ္ဌလောကမှာထက် ဝတ္ထုထဲတွင် ပို၍ တွေ့နိုင်သည်'[၁] ဟု ဖွင့်ဆိုထားပါသည်။

အဆိုပါ ဖွင့်ဆိုချက်အရ ကြည့်လျှင် ဝတ္ထုသည် ဒိဋ္ဌဓမ္မ လူ့လောက၏ ဖြစ်ရပ်များကို ဇာတ်လမ်းဆင်ထားသည် ဆိုသော်လည်း ဒိဋ္ဌဓမ္မလောကရှိ လူတစ်ယောက်၏ ဖြစ်ရပ်နှင့် တိတိကျကျ မတူနိုင်ပေ။ ဝတ္ထုပါဖြစ်ရပ်များကို တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိနှင့် ရည်ရွယ်ချက်သို့ အရောက်ပို့ဆောင်ထားသည့် သဘော ပါဝင်သည်။ လူ့ဘဝဖြစ်စဉ်အတိုင်း မရေးဘဲ တစ်ခုနှင့် တစ်ခု အဆက်အစပ်ရှိသည့် ဖြစ်ရပ်များကို စနစ်တကျ ရွေးချယ်ချိတ်ဆက်ထားသည့် စီစဉ်မှုမျိုး ဖြစ်နိုင်ပါသည်။ ဖြစ်ရပ်များကို စီစဉ်တင်ပြရာ၌ ဝတ္ထုနှင့် ဒိဋ္ဌလောက ကွဲပြားမှုရှိသည့်သဘောကို နားလည်လာရပါသည်။ ဒိဋ္ဌလောကတွင် လူတစ်ယောက်၏ ဖြစ်စဉ်ဇာတ်ကြောင်းသာ ရှိနိုင်ပါသည်။ ဝတ္ထုတွင်မူ လူတစ်ယောက်၏ ဘဝဇာတ်ကြောင်းတွင် ပါဝင်သည့် ဖြစ်ရပ်တိုင်းကိုမထည့်ဘဲ လိုအပ်သည့်ဖြစ်ရပ်၊ စာဖတ်သူ၏စိတ်ကို လှုပ်ရှားစေမည့် ဖြစ်ရပ်၊ ရည်ရွယ်ချက်ကို အထောက်အကူပြုမည့် ဖြစ်ရပ်များကိုသာ ရွေးချယ် စီစဉ်ချိတ်ဆက်သည့်သဘောဟု သိလာရပါသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ဂျယ်ရမီဟော်သွန်က ဇာတ်ကြောင်းနှင့် ဇာတ်လမ်း၏ ကွဲပြားခြားနားပုံကို -

'ဇာတ်ကြောင်းဆိုသည်မှာ ဖြစ်ရပ်များကို အချိန်ကာလ အစဉ်အတိုင်း စဉ်ထားသောဖြစ်စဉ် ဖြစ်သည်။ ဇာတ်လမ်းတွင်မူ

၁ Howthorn, 1986, 53.

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ရပ်များသည် ကြောင်းကျိုးဆက်စပ်မှုကိုသာ အလေးထားသည်'[၁] ဟုဆိုထားပါသည်။

ဇာတ်လမ်းတွင် ကြောင်းကျိုးဆက်စပ်မှုသဘော၏ အခန်းကဏ္ဍကို တွေ့လာရပါသည်။ လူတစ်ယောက်၏ ဖြစ်ရပ်များထဲမှ အရေးပါသည့်ဖြစ်ရပ်များကို ရွေးချယ်စီစဥ်မှုတွင် အကြောင်းနှင့်အကျိုး ဆက်စပ်မှုသည် အရေးပါသည့် ဇာတ်လမ်းဖန်တီးမှုသဘောအဖြစ် တွေ့လာရပါသည်။ ဝတ္ထုပါဖြစ်စဥ်သည် အစီအစဥ်အတိုင်း ဖြစ်ချင်မှ ဖြစ်တတ်ပါသည်။ သို့ရာတွင် ကြောင်းကျိုးဆက်စပ်မှုသဘောသည် မရှိမဖြစ် ပါဝင်ရပါသည်။

ခင်နှင်းယု၏ 'မြကြာဖြူ'ဝတ္ထုတွင် လူ့ဘဝဖြစ်စဥ် (ဝါ) ဇာတ်ကြောင်းအတိုင်း ရေးလျှင် ရှယ်လီ ခေါ် မြကြာဖြူ၊ တူးတူးနှင့် လင်းရွှေအောင်တို့၏ တက္ကသိုလ်တွင် ဆုံစည်းမှုမှ စရမည်ဖြစ်ပါသည်။ ရှယ်လီသည် တူးတူး၏ချစ်သူ ဆရာဝန်လောင်း လင်းရွှေအောင်ကို မိမိဘက်ပါအောင် ဖြားယောင်း၍ လက်ထပ်ယူခဲ့ကြသည်။ ဒေါက်တာလင်းရွှေအောင် ဆရာဝန်ဖြစ်လာပြီး ရှယ်လီနှင့် သမီးနှစ်ယောက် ရခဲ့သည်။ ရှမ်းပြည်နယ်ဘက်တွင် တာဝန်ကျရာ၌ လင်းရွှေအောင် အိမ်ထောင်ရေးဖောက်ပြန်မှုများ ဖြစ်ခဲ့သည်။ ရှယ်လီသည် အိမ်ထောင်သည်ဘဝတွင် လင်သား၏ ဖောက်ပြန်မှုအတွက် စိတ်ပျက်အားငယ်နေရသည်။ ထိုအချိန်တွင် ညှိခံပွဲတစ်ခု၌ တူးတူး ခေါ် မခင်သိုက်နှင့် ပြန်၍ ဆုံစည်းကြသည်။ တူးတူးသည် တိုင်းမင်းကြီးကတော်ဖြစ်နေသည်။ တိုင်းမင်းကြီးကတော်ဘဝနှင့် တူးတူးကို ပြန်တွေ့ရသောအခါ ရှယ်လီသည် မိမိဘဝကို မိမိပြန်တွေး၍ စိတ်ကြေကွဲခံစားရသည့် အခန်းမှ ဝတ္ထုဇာတ်လမ်းကို စထားသည်။ ပြီးခဲ့သော ဖြစ်ရပ်များကို နောက်ကြောင်းပြန်အနေနှင့် တင်ပြထားသည်။

ဇာတ်လမ်းသဘောအရ ကြည့်လျှင် တူးတူးသည် ရှုံးနိမ့်ခဲ့ရသူဖြစ်သည်။ ရှယ်လီသည် မတရားသောနည်းဖြင့် အောင်နိုင်သူဖြစ်သည်။ စာဖတ်သူအနေနှင့် တူးတူး၏ ရှုံးနိမ့်မှုအပေါ် ကရုဏာသက်ကြမည်။ တူးတူး၏ အသစ်တစ်ဖန် အောင်မြင်မှုကို အားပေးလိုကြမည်။ မိမိ စွန့်ပစ်ခဲ့သော ချစ်သူကို တိုင်းမင်းကြီးကတော်အဖြစ် ပြန်လည် ဆုံတွေ့လိုက်ရသည့် လင်းရွှေအောင်၏ အနေအထားကိုလည်း ကြည့်လို မြင်လိုကြသည်။ တူးတူး၏ တုံ့ပြန်မှု၊ ရှယ်လီ

[၁] Howthorn, 1986, 53.

mgyoe.com

mgyoe.com SAMPLE BOOK

၏ဆက်ဆံမှုတို့ကိုလည်း စိတ်အားထက်သန်နေကြသည်။ ထိုအခန်းသည် ဇာတ်လမ်းသဘောအရ ကြည့်လျှင် စိတ်ဝင်စားဖွယ်ကောင်းသောအခန်း ဖြစ်သည်။ ဇာတ်ကြောင်း၏ ဖြစ်စဉ်အတိုင်း ကြည့်လျှင် ရှယ်လီ၏ စရိုက်ဆိုးများကို တွေ့လာခဲ့သော စာဖတ်သူအနေနှင့် တူးတူး၏အောင်ပွဲ၊ ချစ်သူနှစ်ဦး၏ ပြန်လည်တွေ့ဆုံပွဲကို စိတ်လှုပ်ရှားစွာဖြင့် မျှော်လင့်ကြမည်ပင်။

ထိုသဘောကို နားလည်သော ဝတ္ထုရေးသူသည် ပရိသတ် စိတ်အဝင်စားဆုံးအခန်းမှ စ၍ ဖွင့်ခဲ့သည်ဟု ဆိုရပါမည်။ ဇာတ်လမ်းအစတွင် တူးတူးနှင့် ဆုံတွေ့မှုအပေါ် ပြန်၍ တွေးနေသော ရှယ်လီ၏ ခံစားမှုဖြင့် အစပျိုးထားပါသည်။ ရှယ်လီ၏ နောက်ကြောင်းပြန်အတွေးနှင့် တစ်ဆက်တည်း တူးတူးနှင့် ပြန်လည်ဆုံတွေ့ခန်းကို တင်ပြလိုက်ပါသည်။

ဝတ္ထုဇာတ်လမ်း ဖန်တီးရာတွင် ဖြစ်စဉ်အတိုင်းမဟုတ်ဘဲ စိတ်ဝင်စားဖွယ်အကောင်းဆုံး အခန်းမှ စတင် တင်ဆက်ကာ ပရိသတ်၏ စိတ်နှလုံးကို တိမ်းညွတ်လာအောင် ဆွဲဆောင်ယူမှုမြဲ ဖြစ်ပါသည်။ ထိုအခြေအနေအရပ်ရပ်မှတစ်ဆင့် အတိတ်ဇာတ်လမ်းဖြစ်စဉ်ကို ချိတ်ဆက်တင်ပြသည်။ တူးတူး၏ ရှယ်လီအပေါ် ခင်မင်စွာ တုံ့ပြန်မှုကို ဇာတ်ကွက်တွင် ထည့်သွင်းလိုက်သည်။ ထိုဆက်ဆံရေးကို အကြောင်းပြု၍ ရှယ်လီသည် တူးတူးမှတစ်ဆင့် ခင်ပွန်းသည် တိုင်းမင်းကြီးကို အကူအညီတောင်းကာ လင်းရွှေအောင်၏ နယ်ပြောင်းရေးကို စီစဉ်ခဲ့သည်။ လင်းရွှေအောင်သည် တူးတူးကို ဗိုက်ခွဲကုသပေးရသည်။ ထိုအကြောင်းပေါ် အခြေခံ၍ ရှယ်လီသည် လင်းရွှေအောင် နိုင်ငံခြားသို့ သွားခွင့်ရအောင် ကြိုးပမ်းနိုင်ခဲ့သည်။ အဖြစ်အပျက်များသည် အဖြစ်အပျက်တစ်ခုအပေါ် အကြောင်းခံ၍ အကျိုးဆက်များ ဆက်လက် ဖြစ်ထွန်းစေခြင်းဖြင့် ဇာတ်လမ်းသည် ရှေ့သို့ ရွေ့လျားလာစေသည်။ လင်းရွှေအောင်သည် နိုင်ငံခြားသို့ သွားစဉ် ရှယ်လီတို့မိသားစုကို အဆက်အသွယ်ဖြတ်ခဲ့သည်။ ထိုနည်းဖြင့် လင်မဲ့မိန်းမဘဝတွင် သားသမီးနှစ်ယောက်အတွက် ရှယ်လီဘဝကို ရုန်းကန်လှုပ်ရှားခဲ့ရပုံများကို ဇာတ်ကွက်များအဖြစ် ဆက်လက် တင်ပြခဲ့သည်။ ရှယ်လီ၏ မိခင်ကောင်းပီသသော စရိုက် အပြောင်းအလဲဆီသို့ ရောက်အောင် ဇာတ်လမ်းဖြစ်ရပ်များကို အကြောင်းနှင့်အကျိုး ဆက်စပ်ချိတ်ဆက်၍ ဖန်တီးတင်ပြထားပါသည်။

ဇာတ်လမ်းနှင့်ပတ်သက်၍ NTC's Dictionary of Literary Terms

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ကက်သရင်းမိုနာနှင့် ရက်ရှပ်က -

'ဇာတ်လမ်း ဆိုသည်မှာ မိမိ ဖြစ်စေလိုသော အကျိုးသက်ရောက်မှုရှိစေရန် (ဝါ) ရည်ရွယ်ချက်သို့ ရောက်စေရန် စာရေးဆရာက ဇာတ်ကွက်များကို စနစ်တကျ စီစဉ်မှုဖြစ်စဉ် ဖြစ်သည်။ အချိတ်အဆက်မိသော ဖြစ်ရပ်များကို ရွေးချယ်၍ ထွက်ပေါ်လာသော အကျိုးဆက်များကိုလည်း စနစ်တကျ ရွေးချယ်စီစဉ်သည်။ တစ်နည်းအားဖြင့်ဆိုသော် အားပြိုင်မှု ဖြစ်ပေါ်စေရန်နှင့် အားပြိုင်မှုအရှိန်ကျဆင်းစေရန် စာရေးသူ ၏ ဖြစ်ရပ်များကို ရွေးချယ်စီစဉ်မှုသည် ဇာတ်လမ်းဖြစ်သည်'[၁]ဟု ဖွင့်ဆိုတင်ပြထားပါသည်။

အဆိုပါ ဖွင့်ဆိုချက်အရ ကြည့်လျှင် ဇာတ်လမ်းသည် လူ့လောကရှိ ဖြစ်ရပ်များကို ပြန်၍ ရေးသည်ဆိုသော်လည်း ဝတ္ထုနှင့် ဒိဋ္ဌလောက၏ အကွာအဝေးကို တွေ့ရပါသည်။ လူတစ်ယောက်၏ တကယ် ဘဝဖြစ်စဉ်တွင် အစီအစဉ်မရှိ ဖြစ်ချင်သလို ဖြစ်နေတတ်သည်။ ဝတ္ထုထဲမှ ဇာတ်ဆောင်များ၏ ဘဝဖြစ်စဉ်များကို တင်ပြသော ဇာတ်လမ်းတွင်မူ စနစ်တကျ ရွေးချယ်စီစဉ်မှုသဘော ပါဝင်သည်။ ဘဝ၏ ဖြစ်ရပ်များထဲမှ အဆန်းကြယ်ဆုံးနှင့် အရှုပ်ထွေးဆုံး၊ အခက်ခဲဆုံး ဖြစ်ရပ်များကို ရွေးချယ်၍ စာဖတ်သူကို စိတ်လှုပ်ရှားခံစားမှုများ ဖြစ်ပေါ်စေသည်။ သိလိုစိတ် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေအောင် စည်းရုံးဆွဲဆောင်သည်။ လူ့ဘဝဖြစ်စဉ်တွင် ပါဝင်တတ်သည့် အရေးမပါသော ဖြစ်ရပ်များကို ချန်ထားခဲ့သည်။

ဝတ္ထုဇာတ်လမ်းတွင် စာဖတ်သူ၏စိတ်၌ သိလိုစိတ် ထက်သန်လာစေရန် အားထုတ်ရာတွင် ဇာတ်လမ်း၏ အင်္ဂါရပ်များဖြစ်သည့် ဇာတ်ပျိုး (Exposition)၊ ဇာတ်တက် (Complication)၊ ဇာတ်ထွတ် (Climax)၊ ဇာတ်ဆင်း၊ ဇာတ်သိမ်း (Denouement) တို့ကို စီစဉ်အကွက်ချယူသည်။ ဇာတ်တက်ပိုင်းတွင် သိလိုစိတ်အရှိန် မြင့်တက်လာစေရန် ဇာတ်ဆောင်တို့၏ အားပြိုင်မှုကို ဇာတ်လမ်း၏ လိုအပ်ချက်အရ ဖန်တီးပေးရသည်။ အားပြိုင်မှု အရှိန် အတက်၊ အကျပေါ် မူတည်၍ ဇာတ်လမ်း၏ အင်္ဂါရပ်များကို စီစဉ်ရွေးချယ်မှုသည် အရေးပါသည်။ ဖြစ်ရပ်များသည် အံ့သြဖွယ်၊ ထိတ်လန့်ဖွယ်၊ ကြေကွဲဖွယ်၊

၁ Morner & Raush, 1998, 167.

mgyoe.com

mgyoe.com SAMPLE BOOK

ပျော်ရွှင်ကြည်နူးဖွယ် စိတ်ခံစားမှု အမျိုးမျိုးကို ပေးနိုင်ရမည်။ ဇာတ်လမ်းဖြစ်ရပ်များသည် ခက်ခဲ ရှုပ်ထွေးနေရမည်။ သို့မှသာ စာဖတ်သူအနေနှင့် သိလိုစိတ် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေပေမည်။

အားပြိုင်မှု အနိမ့်၊ အမြင့်၊ အတက်၊ အကျ ဖြစ်ရန်လည်း ဖြစ်ရပ်များကို ရွေးချယ်စီစဉ်ရမည်။ ဖြစ်ရပ်များသည် အကြောင်းနှင့်အကျိုး ဆက်စပ်မှု ရှိရမည်။ အကျိုးသင့်၊ အကြောင်းသင့်လည်း ဖြစ်ရမည်။

ဇာတ်လမ်းအနေနှင့် ဆွဲဆောင်မှု ရှိစေရန်အတွက် အံ့သြဆန်းကြယ် စိတ်လှုပ်ရှားဖွယ် ဖြစ်ရပ်များကို ရွေးချယ် ချိတ်ဆက်ယူရာတွင် လူတစ်ဦးတစ်ယောက်တည်း၏ ဖြစ်ရပ် မဖြစ်နိုင်ပါ။ လူအများ၏ ဖြစ်ရပ်များထဲမှ ထူးခြား၍ စိတ်ဝင်စားဖွယ် အကောင်းဆုံးဖြစ်ရပ်များကို ရွေးချယ်၍ စုပေါင်းချိတ်ဆက်ယူခြင်းသာ ဖြစ်ပါသည်။

ဘဝသရုပ်ဖော်ဝတ္ထုများတွင် ဇာတ်လမ်းဟူ၍ ထူးထူးဆန်းဆန်း မရှိပါ။ စာရေးသူ ရွေးချယ်တင်ပြလိုသည့် လူတန်းစားတို့၏ ဓလေ့စရိုက်များ၊ ဘဝလုပ်ငန်းခွင်များ၊ ဘဝဒုက္ခများ၊ ဘဝရုန်းကန်လှုပ်ရှားမှုများကို ချိတ်ဆက်တင်ပြခြင်းသည်သာ ဇာတ်လမ်း ဖြစ်ပါသည်။

မောင်ထင်၏ 'ငဘ'ဝတ္ထုတွင် ဂျပန်ခေတ်၌ ငဘ ကြုံတွေ့ရသော ဘဝဒုက္ခများသည် လယ်သမားတစ်ဦးတစ်ယောက် ကြုံတွေ့ရသော ဘဝဖြစ်စဉ် မဟုတ်ပေ။ လယ်သမားအများစု ကြုံတွေ့ရသော ဘဝဒုက္ခများထဲမှ စာဖတ်သူတို့၏စိတ်ကို ယူကျုံးဆွဲဆောင်စေနိုင်မည့် ဖြစ်ရပ်များကို ရွေးချယ်၍ ငဘ၏ ဘဝဇာတ်လမ်းအဖြစ် ဖန်တီးထားခြင်း ဖြစ်ပါသည်။

ထိုသဘောနှင့်ပတ်သက်၍ မောင်ထင်၏ 'ကမ္ဘာ့စာပေအညွှန်း' စာအုပ်တွင် ကမ္ဘာကျော် စာရေးဆရာကြီး မိုပါဆွန်း၏ ဇာတ်လမ်းဖန်တီးပုံကို-

> 'မိုပါဆွန်းသည် အရိုးခံဇာတ်လမ်းကို တိုတိုနှင့် အဓိပ္ပာယ်ပေါက်အောင် ရေးသည်။ ဖော်မပြလျှင် မပြီးသော အကြောင်းအရာတို့ကိုသာလျှင် အထူးပြု၍ ဖော်ပြသည်။ ဇာတ်ကောင်တစ်ဦး၏ စရိုက်ကို သရုပ်ဖော်မှ ဇာတ်လမ်း ထင်းခနဲ မြင်နိုင်မည်ဟုဆို၍ ထိုဇာတ်ကောင်၏ ထူးခြားသော အချက်အလက်တို့ကို ဖွဲ့ဆိုသည်။ ဇာတ်လမ်း၏ နောက်ခံကိုလည်း အကြမ်းအားဖြင့် တစ်ချက်၊ နှစ်ချက်မျှသာ ခြယ်သည်'ဟု ဖော်ပြထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်လမ်းကောင်းဖြစ်ရန် ဖြစ်ရပ်ရွေးချယ်တင်ပြမှုသည် အရေးပါကြောင်း တွေ့လာရပါသည်။

ဒဂုန်တာရာက 'စာပေသဘောတရား စာပေဝေဖန်ရေး' စာအုပ်တွင် -

> 'ဝတ္ထုထဲမှ ပါမောက္ခဟူသော ဇာတ်ကောင်တစ်ကောင်သည် တကယ့် လူ့ဘဝရှိ ပါမောက္ခများကို စုပေါင်း၍ထားခြင်းပင် ဖြစ်ပေသည်'[၁] ဟု လည်းကောင်း၊
>
> 'ဂေါ်ကီသည် အလုပ်သမားဘဝကို ရေးရာ၌ စိတ်ကူးမှ တစ်ဆင့် ဖန်တီး၍ ရေးသောကြောင့် ဖြစ်လေသည်။ ဂေါ်ကီ၏ ဝတ္ထုထဲမှ အလုပ်သမားသည် သူ မြင်တွေ့သိရှိခဲ့ရသော အလုပ်သမားများစွာ၏ အနေအထိုင်၊ အပြောအဆို၊ အတွေးအခေါ်တို့ကို သုံးသပ်ပြီး စုပေါင်း၍ သူ၏စိတ်ကူးဖြင့် ပြုလုပ်သော အလုပ်သမား (ဝါ) စိတ်ကူးအလုပ်သမား ဖြစ်လေသည်'[၂] ဟု လည်းကောင်း တင်ပြထားပါသည်။

ဇာတ်လမ်းဖန်တီးမှုတွင်လည်း လူအများစု၏ ဖြစ်ရပ်များထဲမှ စိတ်ဝင်စားဖွယ် အကောင်းဆုံး ဖြစ်ရပ်များကို စုပေါင်းရွေးချယ် ချိတ်ဆက်၍ စိတ်လှုပ်ရှား ခံစားမှုအမျိုးမျိုးဖြစ်အောင် ဖန်တီးယူကာ စာဖတ်သူ၏စိတ်ကို ဇာတ်လမ်းဖြင့် ဆွဲဆောင်ယူပါသည်။

ဇာတ်လမ်းနှင့် ပတ်သက်၍ A Student's Guide to Literature စာအုပ်တွင် စီကာတာ ကောင်းဝဲလ်က -

> 'ဇာတ်လမ်းဆိုသည်မှာ ဖြစ်ရပ်များကို ကြောင်းကျိုးဆက်စပ်ထားခြင်း ဖြစ်ပါသည်။ ဖြစ်ရပ်တစ်ခုစီသည် ပြီးခဲ့သော ဖြစ်ရပ်များ၏ အကျိုးဆက် ဖြစ်သည်။ ဖြစ်ရပ်များ၏ ဖြစ်ပေါ်မှုသည် ဖြစ်နိုင်ခြေရှိမှုနှင့် လိုအပ်မှုဆိုသည့် စည်းမျဉ်းဥပဒေအရ ဖြစ်ပေါ်ရသည်။ ထို့နောက် ဆက်လက်ဖြစ်ပေါ်သော ဖြစ်ရပ်များသည်လည်း စည်းမျဉ်းဥပဒေအတိုင်းပင် ဖြစ်သည်။ ထိုသို့သော ကြောင်းကျိုးဆက်စပ်မှုအရ ပထမဆုံးဖြစ်ရပ်သာ ဖြစ်ပေါ်ရသော အကြောင်းရင်း

---

၁ တာရာ (ဒဂုန်)၊ ၁၉၆၇၊ ၃၁။

၂ ယင်း ၈၄။

mgyoe.com

mgyoe.com SAMPLE BOOK

မရှိပေ။ နောက်ဆုံးဖြစ်ရပ်သည်သာ အခြားဖြစ်ရပ် ဖြစ်ပေါ်ရန် ဦးဆောင်ခြင်း မရှိပေ"[၁] ဟု ဆိုထားပါသည်။

အထက်ပါ အဆိုအမိန့်တွင် ဝတ္ထုဇာတ်လမ်း ဖန်တီးရာ၌ ကြောင်းကျိုးဆက်စပ်မှု၏ အခန်းကဏ္ဍကို အလေးပေး တင်ပြထားပါသည်။

ဇာတ်လမ်းအတွက် ဇာတ်ဆောင်တို့၏ ဖြစ်ရပ်များ (ဝါ) ဇာတ်ကွက်များကို စီစဉ်ချိတ်ဆက်ရာ၌ ဇာတ်လမ်း၏ လိုအပ်ချက်အရသာ ဖြစ်ရမည်။ ဇာတ်လမ်းအတွက် အရေးပါသောဖြစ်ရပ်များ (ဝါ) ဇာတ်ကွက်များကို မထည့်သွင်းသင့်ပေ။ ဇာတ်လမ်းသည် မလိုအပ်သော ဖြစ်ရပ်များကြောင့် ဇာတ်မျော ဖြစ်သွားနိုင်သည်။ မလိုအပ်သော ဖြစ်ရပ်များ ပါဝင်စေခြင်းဖြင့် ဇာတ်လမ်း၏ ဘောင်အပြင်သို့ ရောက်ကာ တိမ်းချော်သွားနိုင်သည်။ ဖြစ်ရပ်များကို ချိတ်ဆက်ရာ၌ ဝတ္ထုအစ၏ ရှေ့၌သာ အကြောင်းခံဖြစ်ရပ်မပါဘဲ ထား၍ရသည်။ ရှေ့အခန်းတိုင်းတွင် ဖြစ်ရပ်၏အကြောင်းခံ ရှိရမည်။ ဒုတိယဇာတ်ကွက် (ဝါ) ဖြစ်ရပ်သည် ပထမဇာတ်ကွက်၏ အကျိုးဆက် ဖြစ်သည်။ တတိယဇာတ်ကွက်၏ အကြောင်းရင်း ဖြစ်သည်။ တတိယဇာတ်ကွက်သည် ဒုတိယဇာတ်ကွက်၏ အကျိုးဆက် ဖြစ်သည်။

'မောင်ရင်မောင်၊ မမယ်မ' ဝတ္ထု၏ ဇာတ်ပျိုးပိုင်းတွင် လှေကြီးတစ်စင်းသည် မြင်ကွန်းအရပ်၌ ဆိုက်ကပ်လာသည်။ လှေပိုင်ရှင် ဦးဖိုးအို၊ ဦးဖိုးအို၏ မွေးစားသား မောင်ရင်မောင်၊ လှေဦးစီး မောင်မြတ်သာတို့ ပါလာသည်။ မောင်ရင်မောင်၏ချစ်သူ မမယ်မကို မောင်မြတ်သာသည် ချစ်ကြိုက်နေခဲ့သည်။ ယခုတစ်ခေါက် ခရီးမှ ပြန်လျှင် မောင်ရင်မောင်နှင့် မမယ်မတို့ လက်ထပ်ကြမည် ဖြစ်သည်။ မြင်ကွန်းသို့ လှေဆိုက်စဉ် ပြည့်ရှင်မင်းကို ပုန်ကန်ရန် ကြံစည်နေသော မင်းသားတစ်ပါး၏ လူများက နန်းတွင်းရှိ မိမိတို့လူများထံ ပို့ပေးရန် စာတစ်စောင်ကို ဦးဖိုးအိုအား လာ၍ ပေးခဲ့သည်။ ထိုဖြစ်ရပ်ကို မောင်မြတ်သာ မြင်သွားခဲ့သည်။ ဦးဖိုးအိုသည် ထိုညတွင် ကပ်ရောဂါဖြင့် ရုတ်တရက် သေဆုံးခဲ့ရာ ထိုစာသည် မောင်ရင်မောင်ထံသို့ ရောက်ရှိခဲ့သည်။ ထိုဖြစ်ရပ်သည် ပထမ ဇာတ်ကွက်ဖြစ်သည်။

အထက်ပါ ဖြစ်ရပ်များကို အခြေခံ၍ ဒုတိယဇာတ်ကွက်တွင်

---

၁ Colwell, 1968, 3.

mgyoe.com

mgyoe.com SAMPLE BOOK

လက်ထပ်သည့်ညဌ် မောင်ရင်မောင်အား ရာဇဝတ်သားအဖြစ် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ တတိယဇာတ်ကွက်တွင် ထောင်ထဲ၌ ဖခင်ရင်း ဦးပေါ်လာနှင့် တွေ့ရှိခဲ့သည်။ သားအဖမှန်းသိကာ ရတနာသိုက်နေရာကို ညွှန်ပြခဲ့သည်။ မောင်ရင်မောင်အား ဆေးပညာ၊ မျက်လှည့်ပညာများကို သင်ပေးခဲ့သည်။ မိမိ သေဆုံးသောအခါ ရေထဲသို့ ပစ်ချမည့်အလောင်းနှင့် လူလဲလှယ်၍ အလောင်းထည့်ထားသည့် အိတ်ထဲသို့ ဝင်နေရန်၊ အလောင်းထည့်ထားသည့် အိတ်အမှတ်နှင့် ပစ်ချသောအခါတွင် ဓားဖြင့် ဖောက်ထွက်၍ ထွက်ပြေးရန် ဦးပေါ်လာက အကြံပေးခဲ့သည်။

တတိယဇာတ်ကွက်တွင် ဦးပေါ်လာ သေဆုံးပြီး ဦးပေါ်လာ၏ အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်းဖြင့် မောင်ရင်မောင် ထောင်မှ လွတ်မြောက်ခဲ့သည်။ ဒုတိယဇာတ်ကွက်ပါ ဖြစ်ရပ်များသည် တတိယဇာတ်ကွက်ပါ ဖြစ်ရပ်များ ဖြစ်ပေါ်စေမည့် အကြောင်းရင်းများ ဖြစ်သည်။ ထိုသို့ အကြောင်းရင်းကို အခြေပြု၍ တတိယဇာတ်ကွက်ကို ချိတ်ဆက်ဖန်တီးယူလိုက်သောအခါ မောင်ရင်မောင်၏ လွတ်မြောက်ခြင်းသည် အကျိုးသင့်၊ အကြောင်းသင့် ဖြစ်သွားသည်။ အသင့်ယုတ္တိရှိသည်ဟု လက်ခံလာနိုင်သည်။ တတိယဇာတ်ကွက်သည် ဒုတိယဇာတ်ကွက်၏ အကျိုးဆက် ဖြစ်သည်။

စတုတ္ထဇာတ်ကွက်တွင် မောင်ရင်မောင်သည် မြစ်၏တစ်ဖက်ကမ်းသို့ အရောက်ကူး၍ သွားရာ မမယ်မနှင့် မောင်မြတ်သာတို့၏ မင်္ဂလာဆောင်မှ ဆိုင်းသံကို ကြားရသည်။ ပဥ္စမဇာတ်ကွက်တွင် မိမိဇာတိမှ စွန့်ခွာ၍ ထွက်ပြေးပုန်းရှောင်လာရာတွင် တောင်ဖီလာဆရာတော်၏ ခမည်းတော် ဦးဖြူတုတ်ကို ဆေးကုသပေးခဲ့သည်။ စတုတ္ထဇာတ်ကွက်တွင် မမယ်မ လက်ထပ်သွားခြင်းကြောင့် မောင်ရင်မောင် စွန့်ခွာလာခြင်းသည် အကြောင်းရင်း ဖြစ်သည်။ ထိုအကြောင်းရင်း၏ အကျိုးဆက်အဖြစ် ပဥ္စမဇာတ်ကွက်တွင် တောင်ဖီလာဆရာတော်နှင့် သိကျွမ်းကာ ဦးဖြူတုတ်ကို ဆေးကုသခွင့် ရခဲ့သည်။ ဆဋ္ဌမဇာတ်ကွက်တွင် မောင်ရင်မောင်အား ရွှေဘိုမြို့ဝန်၏ လူများက လာရောက်ဖမ်းဆီးသွားခဲ့သည်။ အမှန်မှာ ရွှေဘိုမြို့ဝန်၏သမီး မစောတင် နာမကျန်းဖြစ်နေသည့်အတွက် တောင်ဖီလာဆရာတော်ထံမှ တစ်ဆင့် မောင်ရင်မောင်၏ အကြောင်းကို ကြားသိရသောကြောင့် ဆေးကုသရန် ခေါ်ခဲ့ခြင်း ဖြစ်သည်။ ဆဋ္ဌမဇာတ်ကွက် ဖြစ်ပေါ်ရန်အတွက် ပဥ္စမဇာတ်ကွက်သည် အကြောင်းခံ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။ ဆဋ္ဌမဇာတ်ကွက်သည် ဇာတ်ဆောင်၏ ဘဝတစ်ဆစ်ချိုး ပြောင်းလဲစေသည့် ဇာတ်ကွက် ဖြစ်သည်။

မောင်ရင်မောင်နှင့် မမယ်မတို့ အချစ်ဇာတ် လမ်း အဆုံးသတ်ပြီးနောက် စာဖတ်သူ၏ အာရုံကို မောင်ရင်မောင်နှင့် မစောတင်ထံသို့ အာရုံပြောင်းစေပြီးလျှင် ဇာတ်ရှိန်ကို မြှင့်တင်ရန် ကြိုးစားသည့် ဇာတ်တက်ပိုင်းဖြစ်သည်။

ဆေးကုသပေးရာမှ ကျန်းမာလာသော မစောတင်သည် မောင်ရင်မောင့်အပေါ် သံယောဇဉ် ဖြစ်လာခဲ့သည်။ မိဘများကလည်း မောင်ရင်မောင်ကို မစောတင်နှင့် ထိမ်းမြားစေလိုသည်။ ရာဇဝတ်သားဘဝဖြင့် တိမ်းရှောင်နေရသောဘဝဖြစ်၍ မစောတင်ကို လက်မထပ်လိုသော မောင်ရင်မောင်သည် မိဘများအား လက်ထပ်ရန်ကိစ္စကို ပြန်ပြောပါဦးမည်ဟု ဆိုကာ ထိုနေရာမှ ထွက်ခွာလာခဲ့သည်။

ဂျိမ်း(စ်)လုကျော်သည် ဇာတ်ကွက်များ ရှေ့နှင့်နောက် အကြောင်းနှင့်အကျိုးဆက်တို့ကို အကျိုးသင့်၊ အကြောင်းသင့်ဖြစ်အောင် ဖြစ်ရပ်များကို စိတ်ကူးဖြင့် ဖန်တီး၍ ချိတ်ဆက်ယူနိုင်ခဲ့သည့်အတွက် မောင်ရင်မောင်နှင့် မစောတင် ပြန်တွေ့သည့်အခန်း၊ မစောတင် ကပ်ရောဂါဖြင့် သေဆုံးသည့်အခန်း၊ မောင်မြတ်သာ အမှားကို သိမြင်ပြီး သေဆုံးသည့်အခန်းများပါသည့် ဇာတ်ထွတ်ပိုင်းဆီသို့ ရောက်အောင် စာဖတ်သူ၏ သိလိုစိတ်ကို စဉ်ဆက်မပြတ် ရှင်သန်နေအောင် စည်းရုံးဆွဲဆောင်နိုင်ခဲ့ပါသည်။ ဖြစ်ရပ်တစ်ခုနှင့်တစ်ခုသည် အကြောင်းနှင့်အကျိုး အဆင်ပြေပြေ ဆက်စပ်နေသည့်အတွက် ဇာတ်တက်ပိုင်းသည် အားကောင်းနေပြီးလျှင် စာဖတ်သူ၏ စိတ်အာရုံကို ဖမ်းစားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဇာတ်ဆင်းပိုင်းတွင်မူ မောင်ရင်မောင်သည် မင်းပြောင်းမင်းလွှဲတွင် ရာဇဝတ်ဘေးမှ ကင်းလွတ်ခွင့်ရခဲ့ပြီး မိမိဇာတိသို့ ပြန်လာခဲ့သည်။ မမယ်မနှင့်ပြန်တွေ့ပြီး ပေါင်းဖက်မိခြင်းဖြင့် ပရိသတ် အမောပြေစေသည့် ဇာတ်သိမ်းကိုဖန်တီးယူထားပါသည်။ ဇာတ်သိမ်းပိုင်း ဖြစ်ရပ်အဆုံးတွင်မူ မည်သည့်ဖြစ်ရပ်မျှ မပါရှိတော့ပေ။ မောင်ရင်မောင်၊ မမယ်မဝတ္ထုသည် ဝတ္ထုရှည်တို့၏ ဇာတ်လမ်းဖန်တီးမှု အတတ်ပညာအတိုင်း အကြောင်းဆက်နည်းကို ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးချထားသည်ကို တွေ့ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်လမ်းနှင့်ပတ်သက်၍ အစ အလယ် အဆုံး ညီညွတ်မှု၊ စည်းရုံးမှု ရှိသင့်ပုံကို A Student's Guide to Literature စာအုပ်တွင် -

'သေချာစွာ ဖန်တီးထားသော ဇာတ်လမ်းတွင် ဇာတ်လမ်း၏ အစသည် အလယ်၏အကြောင်း ဖြစ်သည်။ အလယ်သည် အစ၏ အကျိုးဆက် ဖြစ်၍ အဆုံး၏အကြောင်း ဖြစ်သည်။ အဆုံးသည် အလယ်၏အကျိုးဆက် ဖြစ်သည်ဟု ဆိုထားပါသည်'[၁]

John Peck and Martin Coyle ရေးသားသော Literary Terms and Criticism စာအုပ်တွင်မူ ဇာတ်လမ်း ဇာတ်အိမ် ဖန်တီးပုံနှင့် ပတ်သက်၍-

'လူတစ်ဦးချင်းသည် မိမိရပ်တည်နေသော လူ့အဖွဲ့အစည်းနှင့် အဆင်ပြေ ချောမွေ့မှုရှိစေရန်မှာ ဝတ္ထုရေးဆရာတို့၏ တာဝန်ဖြစ်သည့်အလျောက် ဝတ္ထုရေးဆရာသည် လူမှုအဖွဲ့အစည်းနှင့် ဇာတ်ဆောင်၏ ပဋိပက္ခကို အခြေတည်၍ ဇာတ်အိမ်ဖွဲ့လေ့ ရှိသည်။ ထိုသို့ ဇာတ်အိမ်ဖွဲ့ရာတွင် ရှုပ်ထွေးခက်ခဲသော ဖြစ်ရပ်များ၊ ပြဿနာများကို စုဆောင်း၍ ဇာတ်ကွက်များအဖြစ် ဖန်တီးရာသည်။ ထိုဇာတ်ကွက်များတွင် ဇာတ်ဆောင်များကို ဆီလျော်အောင် နေရာချထားပြီးလျှင် လှုပ်ရှားစေရမည်။ တစ်နည်းအားဖြင့်ဆိုသော် လူမှုအဖွဲ့အစည်းနှင့် ဇာတ်ဆောင်ကို အားပြိုင်စေရခြင်း ဖြစ်သည်'[၂] ဟု ဖော်ပြထားပါသည်။

အထက်ပါ အဆိုအမိန့်အရ ကြည့်လျှင် ဇာတ်လမ်းဖန်တီးရာ၌ စာရေးသူတို့ သုံးလေ့ရှိသည့်နည်းကို တွေ့ရပါသည်။

ဇာတ်လမ်းတည်ဆောက်နည်းသည် စာရေးဆရာ၏ စေတနာပိုင်း (ဝါ) တာဝန်ပိုင်းနှင့် ဆက်စပ်နေပါသည်။ စာရေးဆရာသည် စာဖတ်သူတို့ အနေနှင့် လူမှုအဖွဲ့အစည်းနှင့် အဆင်ပြေ ချောမွေ့စွာ နေထိုင်တတ်ရန် နည်းပေးလမ်းပြလိုသည်။ နည်းပေးလမ်းပြရန် တာဝန်ရှိသည်။

ထိုအချက်သည် စာရေးဆရာများ၏ စေတနာ၊ ရည်ရွယ်ချက်ဖြစ်သည့်အလျောက် စေတနာ ရည်ရွယ်ချက်ကို အခြေခံ၍ ဇာတ်အိမ် ဖွဲ့စည်း

၁ Colwell, 1968, 5.

၂ Peck & Coyle, 1985, 103.

mgyoe.com

mgyoe.com SAMPLE BOOK

တည်ဆောက်ယူလေ့ရှိသည့် သဘောကို တွေ့ရသည်။

ထိုသို့ ဇာတ်အိမ်ဖွဲ့ရာတွင် လူ့ဘဝ၏ သမားရိုးကျအနေအထားမျိုးထက် ကျော်လွန်၍ ခက်ခဲရှုပ်ထွေးသော ဖြစ်ရပ်များကို ဆင့်ကဲဆင့်ကဲ ဇာတ်ကွက်ဆင်၍ ဇာတ်လမ်းအပေါ် သိလိုစိတ် ထက်သန်လာအောင် ဖန်တီးယူလေ့ရှိပါသည်။ ဇာတ်လမ်း၏ ဆန်းကြယ်မှု၊ ရှုပ်ထွေးမှုများ၏ အဖြေကို စူးစမ်းရှာဖွေရင်း စာဖတ်သူ၌ သိလိုစိတ် ထက်သန်လာရခြင်း ဖြစ်ပါသည်။

ဇာတ်လမ်း၏ ညှို့ငင်ဖမ်းစားမှုကြောင့် မိမိတို့၏ တကယ့်ဘဝတွင် နေ့စဉ် တွေ့ကြုံ၊ ကြားမြင်နေရသော ဖြစ်ရပ်များကိုပင် အသစ်အဆန်းပမာ စာဖတ်သူတို့ နှစ်သက်စွဲမက်ကြခြင်း ဖြစ်ပါသည်။

ဇာတ်လမ်းဟု ဆိုသော်လည်း ဇာတ်ဆောင်နှင့် မကင်းကွာနိုင်ပါ။ ဇာတ်လမ်းက ဇာတ်ဆောင်တို့အား အသီးသီး လှုပ်ရှားစေရန် နေရာသတ်မှတ်ပေးရပါသည်။ လူကောင်း ဇာတ်ဆောင်၏နေရာ၊ လူဆိုးဇာတ်ဆောင်၏ နေရာကို သတ်မှတ်ပေးရသည်။ ဇာတ်လမ်း၏ သတ်မှတ်ချက်အတိုင်း ဇာတ်ဆောင်တို့တွင် ပုဂ္ဂလိကစရိုက်များ ရရှိလာသည်။ ထိုပုဂ္ဂလိကစရိုက်ကို စာရေးသူက ပီပြင်အောင် အနုစိတ် သရုပ်ဖော် ရေးဖွဲ့ပေးခြင်း၊ ဇာတ်ဆောင် အချင်းချင်းကို အားပြိုင်ပေးခြင်း၊ လူ့အဖွဲ့အစည်းနှင့် အားပြိုင်ပေးခြင်းဖြင့် ဇာတ်လမ်းသည် အသက်ဝင်လာသည်။ ဇာတ်ရှိန်တက်လာသည်။ ဖတ်ချင်စဖွယ် ဖြစ်လာရပါသည်။ ဇာတ်လမ်းနှင့်အတူ မျောပါပြီး ဇာတ်ဆောင်တို့နှင့် စာဖတ်သူသည် တစ်ထပ်တည်း ကျလာတတ်ပါသည်။

ထိုအဆင့်သို့ရောက်အောင် ဇာတ်လမ်း၏ အခန်းကဏ္ဍနှင့် အစွမ်းအာနိသင်ကို ဂျွန်ပက်နှင့် မာတင်ကွိုင်း ရေးသားသော Literary Terms and Criticism စာအုပ်၌ –

> 'ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ဆောင်ကို ဖန်တီးရာ၌ ဝတ္ထုရေးဆရာတို့သည် လူ့အဖွဲ့အစည်းနှင့် ဇာတ်ဆောင်၏ ပဋိပက္ခကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် သရုပ်ဖော်ရသည်။ ရှုပ်ထွေးပွေလီလောကီဘုံ၌ ကျင်လည်ကြကုန်သော စာဖတ်သူတို့သည်လည်း ရှုပ်ထွေးပွေလီ ဆန်းပြားသည့် လောကီ ဖြစ်ရပ်စုံကို ဇာတ်လမ်း၊ ဇာတ်ဆောင်အနေနှင့် ခံစားတွေ့မြင်ရသောအခါ မိမိဘဝ၊ မိမိခံစားမှုနှင့် တစ်သားတည်းကျသည်ဟု ယုံကြည်လက်ခံကာ နှစ်သက်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ကြရသည်"[၁] ဟု ဖွင့်ဆို တင်ပြထားပါသည်။

အဆိုပါ ဖွင့်ဆိုတင်ပြချက်အရ ကြည့်လျှင် ဇာတ်လမ်းသည် **စာဖတ်**သူတို့ နေ့စဉ် တွေ့နေကျ ဒိဋ္ဌဓမ္မလောကရှိ ဖြစ်ရပ်များထက် ဆန်းကြယ်ရန်၊ ရှုပ်ထွေးရန် လိုအပ်ကြောင်း နားလည်ရပါသည်။

မိမိဘဝ၊ မိမိလောက၊ မိမိ ပတ်ဝန်းကျင်လည်းဖြစ်၊ ထို့ထက်လည်း ပို၍ ဆန်းပြားပွေလီ၍ ရင်ခုန်လှိုက်မောဖွယ်လည်းဖြစ်သော ဝတ္ထု၏ဇာတ်လမ်းအပေါ် စာဖတ်သူတို့ နှစ်သက်ခံစားလာရခြင်းတွင် အကြောင်းနှစ်ရပ်ရှိမည်ဟု ထင်မိပါသည်။

ပထမအချက် မိမိဘဝ၊ မိမိလောက၊ မိမိပတ်ဝန်းကျင်ကို ပြန်၍ မြင်ရသောကြောင့် ဖြစ်ပါသည်။

ဒုတိယအချက်မှာ မိမိကိုယ်တိုင် မဟုတ်ဘဲ ဇာတ်ဆောင်တို့ဘဝနှင့် ခံစားမှုများအပေါ်လိုက်၍ စိတ်လှုပ်ရှားခံစားရခြင်း ဆိုသည့် ခံစားမှုစည်းစိမ်ကို နှစ်သက်သောကြောင့် ဖြစ်နိုင်ပါသည်။ မိမိကိုယ်တိုင် မဟုတ်သည့်အတွက်လည်း အမှန်အတိုင်းမြင်၍ အမှန်အတိုင်း ဆင်ခြင်နိုင်ခြင်း ဖြစ်ပါသည်။

ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လမ်း၏ နေရာ (ဝါ) ဇာတ်လမ်း၏ အခန်းကဏ္ဍကို ဆန်းစစ်ကြည့်လျှင် (၁) ရည်ရွယ်ချက် ပေါ်လွင်စေရန်၊ (၂) ဇာတ်လမ်းဆိုသည့် ဘောင်အတွင်း၌ ဇာတ်ဆောင်၊ ကာလ၊ ဒေသနောက်ခံ၊ ပြောစကား၊ ရှုထောင့် စသည့် ဝတ္ထု၏ အင်္ဂါအစိတ်အပိုင်းများ တစ်စုတစ်စည်းတည်း ဖြစ်စေရန်၊ (၃) စာဖတ်သူ၌ သိလိုစိတ် ရှင်သန်နေစေရန်၊ (၄) စာဖတ်သူ၌ စိတ်လှုပ်ရှားခံစားမှု အမျိုးမျိုး ဖြစ်ပေါ်စေရန်၊ (၅) ရသနှစ်သက်ခြင်း ဖြစ်ပေါ်စေရန်နှင့် (၆) ဘဝအသိ ရရှိစေရန်တို့ ဖြစ်ပါသည်။

ဇာတ်လမ်း (Plot) နှင့် ဇာတ်ကြောင်း (Story) ၏ ခြားနားချက်ကို Aspects of the Novel ၌ အီးအမ်ဖော်စတာ (E.M Forster) က ဇာတ်ကြောင်းသည် ဖြစ်ရပ်များကို ကာလအစဉ်အတိုင်း စဉ်ထားသော ဖြစ်စဉ် ဖြစ်သည်။ ဖြစ်ရပ်များကို ကြောင်းကျိုးဆက်စပ်မှုကို အလေးထား၍ တင်ပြခြင်းသည် ဇာတ်လမ်း ဖြစ်သည်။ ဘုရင်ကြီးသေ၍ မိဖုရားကြီး နတ်ရွာစံခြင်းသည် ဇာတ်ကြောင်း ဖြစ်သည်။ ဘုရင်ကြီးသေသောကြောင့် မိဖုရားကြီးသည် ကြေကွဲ

---

၁ Peck & Coyle, 1985, 103.

mgyoe.com

၍ နတ်ရှာစံသည်တွင် ကြောင်းကျိုးဆက်စပ်မှုသဘောပါ၍ ဇာတ်လမ်းဖြစ်သည်'ဟု ဆိုထားပါသည်။

> အရစ်စတော်တယ် (Aristotle) က ပြဇာတ်နှင့် အက်ပစ် (Epic) တွင် ဇာတ်လမ်းကို အရေးအပါဆုံး အခြေခံအဖြစ် စဉ်းစားသည်။ ဇာတ်လမ်းဆိုသည်မှာ ဖြစ်ရပ်များ၏ အစီအစဉ်နှင့် တုပခြင်းဟု အနက်ဖွင့်သည်။ ထို ဇာတ်လမ်းတွင် အစ၊ အလယ်၊ အဆုံးပါ၍ အကြောင်းနှင့်အကျိုး ဆက်စပ်ပြီးလျှင် တစ်ပေါင်းတည်း ရွေ့လျားနေရမည်။ ထိုသို့ ရွေ့လျားရာတွင် အစီအစဉ်မကျသော အပိုင်းတစ်ပိုင်းပါလျှင် ဇာတ်လမ်းတစ်ခုလုံး ပျက်စီးနိုင်သည်'[၁] ဟုလည်း ဖွင့်ဆိုထားကြောင်း NTC's Dictionary of Literary Terms တွင် ကက်သရင်းမော်နာနှင့် ရက်ရှ်တို့က ဖော်ပြထားသည်။

ဇာတ်လမ်းသည် ဇာတ်ဆောင်နှင့် ကင်းကွာ၍ မရပါ။ ဇာတ်ဆောင်တို့၏ စရိုက်များ၊ ဖြစ်ရပ်များ၊ လှုပ်ရှားမှုများ၊ အချင်းချင်းအားပြိုင်မှုများ၊ ပဋိပက္ခများကို မှီ၍ ဇာတ်လမ်းဖြစ်ပေါ်လာရပါသည်။ ဇာတ်ဆောင်တို့မှာလည်း ရည်ရွယ်ချက်အတိုင်း သွားနေသည့် ဇာတ်လမ်း၏ ဘောင်အတွင်းမှသာ ပြုမူလှုပ်ရှားကြရပါသည်။ ဇာတ်လမ်း၏ ကန့်သတ်ချက်ကို ကျော်၍ စာရေးသူသည် ဇာတ်ဆောင်စရိုက်ကို ဖော်ပြမရပေ။ ဇာတ်ဆောင်တို့ကို ပြုမူလှုပ်ရှားစေခွင့် မပြုနိုင်ပေ။

ထိုသို့အားဖြင့် ဇာတ်လမ်းနှင့် ဇာတ်ဆောင်၏ ဆက်သွယ်မှုကို NTC's Dictionary of Literary Terms ၌ ကက်သရင်းမိုနာနှင့် ရက်ရှ်တို့က-

> 'အချို့သော ဝေဖန်ရေးဆရာများက ဇာတ်လမ်း၏ အဓိကကျမှုကို ငြင်းဆိုကြသည်။ ဇာတ်ဆောင်နှင့် ဇာတ်ဆောင်၏စရိုက်ဖော်မှုသာ အရေးပါသည်ဟု ဆိုကြသည်။ ထိုရှုထောင့်အရဆိုလျှင် ဇာတ်လမ်းသည် ဇာတ်ဆောင်တို့ ပေါ်လွင်လာစေရန်အတွက် ဖွဲ့စည်းတည်ဆောက်ထားသော ဘောင်တစ်ခုသာ ဖြစ်သည်။ အချို့ ဝေဖန်ရေးဆရာများကမူ ဇာတ်လမ်းနှင့် ဇာတ်ဆောင်သည် ခွဲထုတ်၍ မရနိုင်။ ဇာတ်ဆောင်တို့၏ဖြစ်ရပ် (ဝါ) ဇာတ်လမ်းသည် ဇာတ်

---

၁ Morner & Raush, 1998, 167.

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်တို့၏ ပင်ကိုစရိုက်ပေါ်၌ များစွာ တည်သည်။ စာရေးဆရာ၏ အခြေခံလုပ်ငန်းဖြစ်သည့် ဇာတ်လမ်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဇာတ်ဆောင်များကို အားပြုမှု လှုပ်ရှားစေခြင်းဖြင့် အကောင်အထည်ဖော်ရသည်'[၁] ဟု ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ဖွင့်ဆိုချက်များအရ ကြည့်လျှင် ဇာတ်လမ်းနှင့် ဇာတ်ဆောင်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်သွယ်နေပါသည်။ အပြန်အလှန် အထောက်အကူပြုနေပါသည်။ ဇာတ်ဆောင်တို့စရိုက် ပေါ်လွင်စေရန်၊ စရိုက်အပြောင်းအလဲ ဖြစ်ရန်မှာ ဇာတ်လမ်းက သတ်မှတ်ပေးရပါသည်။ ဇာတ်လမ်းဖွံ့ဖြိုးတိုးတက်ရန်၊ ဇာတ်ရှိန်မြင့်ရန်နှင့် ဇာတ်လမ်းအပြောင်းအလဲ ပြုလုပ်ရန်အတွက် ဇာတ်ဆောင်တို့က ပြုမူလှုပ်ရှားကြရသည်။ ဇာတ်လမ်း၏ အခန်းကဏ္ဍတွင် ဇာတ်ဆောင်တို့၏စရိုက်ဖော်ရန်ဆိုသည့် အခန်းကဏ္ဍလည်း ပါဝင်နေပါသည်။

## ၃း၂ ဇာတ်လမ်း၏ အင်္ဂါရပ်များ

ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကို အစပျိုးရာ၌ လူတစ်ယောက်၏ဘဝ အစပျိုးမှုနှင့် မတူပါ။ လူတစ်ယောက်၏ ဘဝသည် မွေးဖွားခြင်းမှ အစပျိုးသည်။ ဝတ္ထုဇာတ်လမ်းထဲမှ ဇာတ်ဆောင်တစ်ဦး၏ ဘဝကိုမူ သေဆုံးခြင်းမှ စချင်စသည်။ အသုဘပို့သည့် အခန်းမှစ၍ စာရေးသူ (ဝါ) အခြားဇာတ်ကြောင်းပြောသူ ဇာတ်ဆောင် တစ်ဦးဦး၏ နောက်ကြောင်းပြန် တင်ပြမှုဖြင့် ဘဝအစကို တင်ပြသည့် ဝတ္ထုမျိုးလည်း ရှိသည်။ အချို့ဝတ္ထုများသည် အဓိကဇာတ်ဆောင်၏ ဘဝအလယ်မှ စချင် စသည်။ ဇာတ်လမ်း၏ အရှိန်အမြင့်ဆုံးအပိုင်းမှ စ၍လည်း ပရိသတ်၏စိတ်ကို သိလိုစိတ် မြင့်မားအောင် ဖန်တီးနိုင်သည်။ ဇာတ်လမ်းဖန်တီးမှု (ဝါ) ဇာတ်ကွက်များ စီစဉ်ချိတ်ဆက်မှုတွင် စာရေးသူ၏ အတွေးစိတ်ကူးသည် အရေးပါသည်။ ရသစာပေ၏ သဘောမှာ တစ်ပါးသူ၏စိတ်ကို ရသခံစားမှုများဖြင့် ညှတ်နူးတိမ်းမက်လာအောင် စည်းရုံးဆွဲဆောင်ရသော အနုပညာဖန်တီးမှု ဖြစ်သည်။ ရသစာပေဖြစ်သော ဝတ္ထု၏

၁ Morner & Raush, 1998, 168.

mgyoe.com

mgyoe.com SAMPLE BOOK

သဘောမှာ တစ်ပါးသူ၏စိတ်ကို ရသခံစားမှုများနှင့် ပြည့်လျှမ်းစေပြီး မိမိအလိုသို့ လိုက်အောင် ညှို့ယူဖမ်းစားရာ၌ ဇာတ်လမ်းပညာကို အထူး အားပြုတတ်သည်။ ထို့ကြောင့် ဝတ္ထုတွင် ဇာတ်လမ်းဖန်တီးမှုအတတ်ပညာသည် အရေးပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ဇာတ်လမ်း ဖွဲ့စည်းတည်ဆောက်မှု ပညာလည်း ဖြစ်သည်။

ရှေ့ပိုင်းစာမျက်နှာများတွင် ဝတ္ထုဇာတ်လမ်းတို့မည်သည် အစ၊ အလယ်၊ အဆုံး သုံးပါးလုံး အဆင်ပြေညီညွတ်ရန် လိုသည်ဟူသော အချက်ကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်တွင် (၁) ဇာတ်ပျိုး[၁]၊ (၂) ဇာတ်တက်[၂]၊ (၃) ဇာတ်ထွတ်[၃]၊ (၄) ဇာတ်သိမ်း[၄] ဟူ၍ ဇာတ်လမ်း၏ အစိတ်အပိုင်းများ ပါဝင်သည်။

ထိုအကြောင်းနှင့် ပတ်သက်၍ Fundamental of Good Writing စာအုပ်တွင် ကလင့်ဘရု(စ်)နှင့် ရောဘတ်ပင်းဝါရင်တို့က -

> ဇာတ်လမ်းတွင် အဖြစ်အပျက်အစ (ဝါ) မူလ အခြေအနေကို ဇာတ်ပျိုးဟု ခေါ်သည်။ ဇာတ်ပျိုးပိုင်း[၁]တွင် လိုအပ်သည့် သတင်းအချက်အလက်များကို စာဖတ်သူအား တင်ပြရသည်။ ထိုမှတစ်ဆင့် တဖြည်းဖြည်း အဖြစ်အပျက်များ ဖွံ့ဖြိုးတိုးတက်သွားသော အပိုင်းကို ဇာတ်တက်ပိုင်း[၂]ဟု ခေါ်သည်။ ဇာတ်ရှိန် တဖြည်းဖြည်း မြင့်တက်သွားရာမှ ဘေးကျပ်နံကျပ်ကာလ (ဝါ) အဓိကဇာတ်ဆောင်အဖို့ အနာဂတ်အတွက် အစိုးရိမ်ရဆုံး အချိန်ကာလသို့ ရောက်လာသည်။ ထိုအပိုင်းသည် ဇာတ်အရှိန်အမြင့်ဆုံး အပိုင်းဖြစ်၍ ဇာတ်ထွတ်[၃]ဟု ခေါ်သည်။ ဇာတ်ထွတ်ပိုင်း ပြီးဆုံးပြီးနောက် အခြေအနေသစ်သို့ ရောက်သွားသောအပိုင်း၊ ဇာတ်ရှိန်ကျဆင်းသွားသောအပိုင်းကို ဇာတ်ဆင်းပိုင်း[၄] ခေါ်သည်ဟု ဆိုထားပါသည်။[၅]

ဇာတ်ပျိုးပိုင်းတွင် စာဖတ်သူတို့အား ဝတ္ထုပါ ဇာတ်ဆောင်နှင့် မိတ်ဆက်ပေးခြင်း၊ ဇာတ်လမ်း၏ အခြေအနေကို သတင်းပေးပို့ တင်ပြခြင်းတို့ဖြင့် အစပျိုးလေ့ ရှိသည်။ အချို့ဝတ္ထုများတွင် ကာလ၊ ဒေသနောက်ခံဖြင့်

---

၁ Exposition
၂ Complication
၃ Climax
၄ Denouement
၅ Brooks &Warren, 1956, 286.

mgyoe.com

mgyoe.com SAMPLE BOOK

အစပျိုးလေ့ ရှိသည်။ အချို့ဝတ္ထုများ၌ ကာလ၊ ဒေသနောက်ခံဖြင့် အစပျိုးသော်လည်း ထိုကာလ၊ ဒေသနောက်ခံ အဖွဲ့သည် ဇာတ်လမ်းအတွက် အတန်အသင့်သာ အရေးပါတတ်သည်။ ဆောင်းရာသီ၏ အလှအပသဘာဝကို ဖွဲ့ပြီးနောက် တိုက်ကြီးတစ်တိုက်၏ စောင်အထပ်ထပ်အောက်တွင် ကွေးနေသော ဇာတ်ဆောင်ကို ဖော်ပြခြင်းမျိုး ဖြစ်သည်။

အချို့ ဝတ္ထုများတွင် ဇာတ်ပျိုးပိုင်းမှ ကာလ၊ ဒေသနောက်ခံအဖွဲ့သည် ဇာတ်လမ်းနှင့် ဆက်စပ်ပြီး အရေးပါနေတတ်သည်။

မြသန်းတင့်၏ 'တောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်'တွင် ဇာတ်ပျိုးပိုင်း၌ ဇာတ်ဆောင်တစ်ဦးဖြစ်သည့် ကိုနန္ဒ ရောက်နေသည့် ကျွန်းတစ်ကျွန်း၏ နောက်ခံအဖွဲ့ကို အနုစိတ် သရုပ်ဖော်ထားသည်။ ထိုကျွန်းနောက်ခံသည် ဝတ္ထုတစ်ပုဒ်လုံးတွင် အဓိကကျသော ဇာတ်ဝင်ခန်းများ ဖြစ်တည်ရာဖြစ်၍ အရေးပါသည်။

'ရွှေပြည်စိုး'ဝတ္ထု၊ 'မောင်ရင်မောင် မမယ်မ'ဝတ္ထု များတွင် ဇာတ်ပျိုးပိုင်းဖြစ်ရပ်များက စာဖတ်သူအား သိလိုစိတ်ကို နှိုးဆွပေးနိုင်စွမ်း ရှိသည်ကို တွေ့ရသည်။

အချို့ဝတ္ထုများတွင် ဇာတ်ဆောင်၏ ပြင်းပြသော ခံစားမှုဖြင့် စဖွင့်တတ်သည်။

ကြည်အေး၏ 'တမ်းတတတ်သည်'တွင် ဇာတ်ဆောင် 'မောင်'၏ ချစ်သူအပေါ် စွဲလမ်းတမ်းတနေသည့် ဖရိုဖရဲ စိတ်ခံစားမှုဖြင့် အစပျိုးထားသည်။

ကျွမ်းကျင်သော ဝတ္ထုရေးသူသည် ဇာတ်ပျိုးပိုင်းမှစ၍ စာဖတ်သူ၏ စိတ်ကို စည်းရုံးဆွဲဆောင်နိုင်အောင် အားထုတ်လေ့ရှိကြပါသည်။

ဂျွန်ပက်(ခ်)နှင့် မာတင်ကွိုင်း ရေးသားသော Literary Terms and Criticism စာအုပ်တွင် ဇာတ်ပျိုးပိုင်းနှင့် ပတ်သက်၍ -

> 'ဝတ္ထု၏အစတွင် ဇာတ်ဆောင်သည် လူ့အဖွဲ့အစည်းနှင့် ဆန့်ကျင်မှုဖြင့် စလေ့ရှိသည်။ ဇာတ်ပျိုးခန်း၌ ဇာတ်ဆောင်များနှင့် သူနေထိုင်သော လူမှုအဖွဲ့အစည်းအကြောင်း ဖော်ပြသည်။ ထို့နောက် ဖြစ်ရပ်အစဉ်အတိုင်း ဖော်ပြပြီး ဇာတ်လမ်းကို ဖွံ့ဖြိုးတိုးတက်လာစေသည်။ ဇာတ်ဆောင်များသည် သူတို့၏ မိသားစု(ဝါ) လူမှု

mgyoe.com

mgyoe.com SAMPLE BOOK

အဖွဲ့အစည်း၏ တန်ဖိုးထားချက်များနှင့် ပြဿနာဖြစ်လေ့ရှိသည်"[၁] ဟု ဖော်ပြထားပါသည်။

ခင်နှင်းယု၏ 'ပန်းပန်လျက်ပါ' ဝတ္ထုတွင် ဇာတ်ပျိုးပိုင်းကို ကိုစောထွန်းသည် အိမ်ထောင်ရေးတွင် ဂုဏ်ပကာသနကိုကြည့်၍ ဆုံးဖြတ်ခြင်းဆိုသည့် ဖခင်၏ သဘောထားနှင့် ပဋိပက္ခဖြစ်နေသူ ဖြစ်သည်။

တက္ကသိုလ်မြစိမ်း၏ 'နောက်တိုး' ဝတ္ထုတွင်လည်း မြို့ပိုင် ဦးမောင်မောင်သည် အငြိမ့်သမခင်တိုးနှင့် ရခဲ့သော သားဖြစ်သူ နောက်တိုး ရောက်လာခြင်းကြောင့် မိသားစုနှင့် ပဋိပက္ခများ၊ ပြဿနာများ ဖြစ်ရခြင်းဖြင့် စထားပါသည်။

ဇာတ်ပျိုးပိုင်းမှ တစ်ဆင့် ဇာတ်တက်ပိုင်းတွင်မူ ဇာတ်ရှိန်တက်လာအောင် ဖန်တီးလေ့ရှိပါသည်။ ဇာတ်ရှိန်တက်လာစေရန် ဆန့်ကျင်ဘက်အုပ်စုများကြားတွင် စာဖတ်သူတို့ အာရုံစူးစိုက်လာအောင် ဇာတ်လမ်းကို တည်ဆောက်ယူသည်။ ထိုသို့ ဇာတ်ထွတ်ဆီသို့ ချီတက်ရာတွင် ဖြစ်ရပ်များကို ပိုမိုရှုပ်ထွေးလာအောင် ဖန်တီးရသည်။ ထိုနည်းဖြင့် ဇာတ်ထွတ်ပိုင်းဆီသို့ ရှေးရှုသည့် ဇာတ်တက်ပိုင်းကို Rising Action ဟုလည်း ခေါ်သည်။

ဇာတ်ထွတ်ပိုင်းသည် ဇာတ်ရှိန်အမြင့်ဆုံးအပိုင်း ဖြစ်သည်။ စာဖတ်သူအနေနှင့်လည်း သိလိုစိတ် အထက်သန်ဆုံး အပိုင်းလည်း ဖြစ်သည်။ အဓိကဇာတ်ဆောင် ပရိတ်ိုဝှန်းနစ် အနေနှင့် ဘေးကျပ်နံကျပ်ကာလ ဖြစ်သည်။ ဇာတ်ထွတ်ပိုင်းသည် ဇာတ်လမ်း အချိုးအကွေ့ပြုရာလည်း ဖြစ်သည်။

ဇာတ်ထွတ်ကို အရေးပါသော ဆုံးဖြတ်ချက်၊ တိုက်ရိုက်သော အကျိုးဆက်များ ဖြစ်စေသောအပိုင်းဟု သတ်မှတ်လေ့ ရှိသည်။ ဇာတ်ထွတ်ပိုင်းမှ အနိုင်၊ အရှုံး၊ အကောင်း၊ အဆိုးကို ဆုံးဖြတ်ပြီးလျှင် နောက်ထပ် ပြုပြင်၍ မရတော့ပေ။

'မားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထုတွင် လူသူကင်းမဲ့သော ကျွန်းပေါ်၌ အလုပ်သမားလူတန်းစား သံချောင်း၊ ဘွဲ့ရပညာတတ်ကိုနန္ဒ၊ ကျောင်းသားလူငယ် ရဲမြင့်၊ အရင်းရှင်လူတန်းစား ဦးရန်ဝေးတို့ကို ဆုံစည်းစေသည်။ သဘာဝတရားနှင့် သံချောင်း၏ စွမ်းရည်တို့ အားပြိုင်၍ အသက်ရှင်ရပ်တည်နိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းမှုဖြစ်ရပ် ဇာတ်

၁ Peck & Coyle, 1985, 110.

mgyoe.com

mgyoe.com SAMPLE BOOK

ကွက်များဖြင့် ဇာတ်လမ်းကို အရှိန်မြှင့်တင်ယူခဲ့သည်။ ဇာတ်ထွတ်ပိုင်းတွင် သံချောင်း၏ ဖောင်ဖွဲ့ပြီး လွတ်မြောက်အောင် ကြိုးပမ်းမှုအစီအစဉ် အောင်မြင်ရန် အလားအလာ ရှိလာသည်။ စာဖတ်သူသည် သဘာဝတရားနှင့် အားပြိုင်နေသော သံချောင်း၏ လွတ်မြောက်မှုကို သိလိုစိတ် ထက်သန်နေကြသည်။ ဇာတ်ထွတ်ပိုင်းတွင် သံချောင်းနှင့် ငါးမန်းတို့ အားပြိုင်ခန်းဖြင့် စာဖတ်သူအား သိလိုစိတ်နှင့်အတူ သည်းထိတ်ရင်ဖို ဖြစ်စေသည်။ ရဲမြင့်ကို ငဲ့ညှာလိုက်သောကြောင့် ငါးမန်း၏ လက်ချက်ဖြင့် သံချောင်း အသက်ဆုံးခဲ့ရသည်။ ဇာတ်ထွတ်ပိုင်းတွင် သံချောင်းအဖို့ အနာဂတ်သည် စိုးရိမ်စရာအပိုင်း ဖြစ်လာသည်။ အကောင်း (ဝါ) အဆိုး တစ်ခုခု၏ ဆုံးဖြတ်မှုကို ခံစားရတော့မည့်အပိုင်း ဖြစ်သည်။ ထိုအပိုင်းတွင် သံချောင်း၏ကံကြမ္မာကို အဆုံးအဖြတ်ပေးခဲ့သည်။ စာဖတ်သူသည် ရင်နင့်ကြေကွဲစွာနှင့် သိလိုစိတ် ပြေလျော့သွားသည်။ ဇာတ်ဆင်းပိုင်းတွင် ကျန်ရစ်သူများသည် သင်္ဘောတစ်စီးကို မြင်အောင် ကြိုးပမ်းမှုများကို တင်ပြသည်။ ဇာတ်သိမ်းတွင် သင်္ဘော၏ ကယ်တင်ခြင်း ခံကြရသည်။ ပင်လယ်အောက်တွင် ကျန်ခဲ့သော သံချောင်းအတွက် လွမ်းသူ့ပန်းခွေလေး ချခဲ့ပုံဖြင့် ဇာတ်သိမ်းထားပါသည်။

ထိုသို့သော ဇာတ်လမ်း၏ အင်္ဂါအစိတ်အပိုင်းများနှင့် ပတ်သက်၍ A Student's Guide to Literature စာအုပ်တွင် စီကာတာ ကောင်းဝဲလ်က-

> 'အကျပ်အတည်းနှင့် ကြုံတွေ့ခြင်းသည် အဓိကဇာတ်ဆောင်၏ ကံကြမ္မာအလှည့်အပြောင်း ဖြစ်သည်။ စာဖတ်သူ၏ သိလိုစိတ်ကို အမြင့်ဆုံးသို့ ရောက်စေသောအပိုင်းဖြစ်၍ ဇာတ်ထွတ်ဟု ခေါ်သည်။ ဇာတ်ထွတ်ကို အရေးပါသော ဆုံးဖြတ်ချက်နှင့် သတ်မှတ်လေ့ရှိသည်။ ဇာတ်ထွတ်သို့ရောက်ရန် ဦးဆောင်သွားနေသော ဖြစ်ရပ်အားလုံးသည် ဇာတ်တက်ပိုင်းဟု ခေါ်သည်။ အကျပ်အတည်းနှင့် ကြုံတွေ့ခြင်း (ဝါ) ဇာတ်လမ်းအချိုးအကွေ့ နေရာမှသည် အဆုံးအထိအပိုင်းကို ဇာတ်ဆင်းပိုင်း (ဝါ) ဇာတ်ပြေပိုင်းဟု ခေါ်သည်။ ဇာတ်တက်ပိုင်း Rising Action နှင့် ဇာတ်ဆင်းပိုင်းကို Falling Action ဟုလည်း ခေါ်သည်'[၁] ဟု ဖွင့်ဆိုထားပါသည်။

အချို့ ဝတ္ထုများတွင် ဇာတ်ဆင်းပိုင်းနှင့် ဇာတ်သိမ်းပိုင်းကို တစ်ပေါင်း

၁ Colwell, 1968, 6.

mgyoe.com

mgyoe.com SAMPLE BOOK

တည်း ထားတတ်သည်။ ဇာတ်ထွတ်ပိုင်းပြီးဆုံးလျှင် ဇာတ်သိမ်းပိုင်းသို့ ရောက်သွားသည့် ဝတ္ထုများလည်း ရှိသည်။

'မောင်ရင်မောင် မမယ်မ' ဝတ္ထုတွင် မောင်ရင်မောင်နှင့် မစောတင်တို့ ပြန်လည်ဆုံစည်းပြီး မစောတင် ကပ်ရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သောအပိုင်းသည် ဇာတ်ထွတ်ပိုင်း ဖြစ်သည်။ ဇာတ်ဆင်းပိုင်းတွင် မောင်ရင်မောင်သည် မင်းပြောင်းမင်းလဲနှင့်ကြုံ၍ ရာဇဝတ်ဘေးမှ လွတ်မြောက်ခဲ့ပြီးလျှင် မမယ်မနှင့် ပြန်လည်ဆုံတွေ့သည်။

မမယ်မနှင့် ဆုံတွေ့ခန်းသည် ဇာတ်သိမ်းပိုင်း ဖြစ်သည်။ ဇာတ်သိမ်းပိုင်းတွင် မမယ်မသည် မောင်ရင်မောင်ကိုတွေ့သောအခါ မောင်ရင်မောင်နှင့် ရုပ်တူသည်ဟု ထင်သည်။ မောင်ရင်မောင်သေဆုံးပြီဟု သိထားသောကြောင့် မောင်ရင်မောင်ဟု မထင်ခဲ့ပေ။ မောင်ရင်မောင်က အပျိုလော၊ အအိုလော့ဟု မေးမြန်းသည်။ မမယ်မက ယောကျ်ားဆုံးသည်မှာ နှစ်နှစ်ခန့်ရှိပါပြီဟု ဆိုသည်။ သေသူ လင်ယောကျ်ားမှာ ရည်းစားဦးလောဟု မေးရာ ရည်းစားဦးဖြစ်ပြီး ဤအိမ်မှ အမေ့သား ကိုရင်မောင် ဖြစ်ပါသည်ဟု ဆိုသည်။ ကိုရင်မောင်သေမှ မောင်မြတ်သာနှင့် ယူရပါသည်ဟု ဆိုသည်။

ကိုရင်မောင်သေ၍ မမယ်မ သင်္ဂြိုဟ်လိုက်ရပါသလားဟု မေးလျှင် မသင်္ဂြိုဟ်ရပါ။ ထောင်တွင်း၌ အကျဉ်းခံနေရာမှ လူရှင်ကို လူသေမှတ်ပြီးလျှင် မြစ်ထဲသို့ချလိုက်သောကြောင့် သေပါသည်ဟု ဆိုသည်။ ထိုအခါ ကိုရင်မောင်က မောင်ရင်မောင်ဆိုသောသူသည် ရေကူးမတတ်ပါလော မေးသည်။

ထိုသို့အားဖြင့် ဇာတ်သိမ်းခန်းသို့ ရောက်သည့်တိုင် ပရိသတ်အား မချင့်မရဲဖြစ်အောင် အမေး၊ အဖြေ စကားများဖြင့် တင်ပြထားခဲ့သည်။

အဆုံးတွင် ဇာတ်ဆောင်နှစ်ဦး၏ အတွေးကို -

'မမယ်မလည်း ဤသူသည် ကိုရင်မောင်ဖြစ်၍သာလျှင် ဤမျှလောက်မေးသည့် လက္ခဏာနှင့် တူသည် အောက်မေ့ပြီးလျှင် တတ်ပါ၏ဟု ပြန်ပြော၏။

ကိုရင်မောင်ကလည်း မမယ်မသည် ငါ့ကို သေပြီဟု အမှန်ထင်နေသည်။ မသေကြောင်း ရိပ်မိအောင် ငါ မေးဦးအံ့ဟု ကြံပြီးလျှင် ရေကူးတတ်လျှင် မည်သို့ သေနိုင်ပါမည်နည်း၊ ယခုအခါ မမယ်မ ရည်းစားဦးကို မြင်လျှင် မှတ်မိပါမည်လောဟု မေး၏။

mgyoe.com

mgyoe.com SAMPLE BOOK

မမယ်မကလည်း မှတ်မိကောင်း မှတ်မိ ပါလိမ့်မည်ဟု ပြန်ပြောရာတွင် ကိုရင်မောင်က မည်သူနှင့်တူပါသလဲဟု မေးရာ မမယ်မကလည်း ရှင်နှင့်ပင် တူပါသည်ဟုဆိုလျက် မျက်ရည်ကျရာတွင် တစ်ဦးကိုတစ်ဦး သိရှိကြသဖြင့် မျိုးမတတ် ချစ်ခင်စုံမက်ကြသော ကြင်သူနှစ်ဦးသည် ခြောက်နှစ်ကျော် ခုနစ်နှစ်ခန့် ဒုက္ခဆင်းရဲကြီးရောက်လျက် ကွဲ၍နေပြီးမှ တစ်ဖန် ပြန်၍ပေါင်းမိလျှင် ....'[၁] ဟု

ဝါကျကို အဆုံးမသတ်ဘဲ နိဂုံးချုပ်ထားပါသည်။

'မောင်ရင်မောင် မမယ်မ'ဝတ္ထုသည် ၂၀ ရာစုခေတ်ဦး၏ မြန်မာ့ပထမဆုံး ကာလပေါ်ဝတ္ထု ဖြစ်သော်လည်း ဇာတ်ပျိုးပိုင်းသည် ပရိသတ်၏ သိလိုစိတ်ကို နှိုးဆွနိုင်သည်။ ဇာတ်တက်ပိုင်းဖြစ်ရပ်များသည် ဖြစ်ရပ်များ တဖြည်းဖြည်း ရှုပ်ထွေးလာပြီးလျှင် စာဖတ်သူ၏ သိလိုစိတ်ကို စဉ်ဆက်မပြတ် ရှင်သန်စေနိုင်သည်။ ဇာတ်ရှိန်မြင့်မားစွာဖြင့် ဇာတ်ထွတ်ပိုင်းဆီသို့ အရောက်ချီတက်နိုင်သည်။ ဇာတ်ဆင်းပိုင်းနှင့် ဇာတ်သိမ်းပိုင်းကို ပြီးစလွယ် မရေးဘဲ စာဖတ်သူ၏စိတ်၌ မချင့်မရဲဖြစ်စေရန်နှင့် နှစ်သက်ကျေနပ်စေရန် စည်းရုံးရေးဖွဲ့နိုင်စွမ်း ရှိသည်။ မြန်မာ့ပထမဆုံး ကာလပေါ်ဝတ္ထု၏ ဝတ္ထုဇာတ်လမ်းဖန်တီးမှု အတတ်ပညာမှာ ထက်မြက်လှသည်ဟု ဆိုချင်ပါသည်။

ဇာတ်လမ်း၏ အင်္ဂါရပ်များနှင့် ပတ်သက်၍ NTC's Dictionary of Literary Terms တွင် -

> 'ဇာတ်လမ်းတွင် ဖြစ်ရပ်များသည် ဝတ္ထုအတွက် အရေးကြီးသော နောက်ခံအကြောင်းအရာများကို တင်ပြသောအပိုင်းဖြစ်သည့် ဇာတ်ပျိုးပိုင်း (Exposition) မှ စသည်။ ဇာတ်တက်ပိုင်း (Complication) တွင် ဇာတ်ရှိန်တက်လာစေရန် ဆန့်ကျင်ဘက်အုပ်စုများအကြားတွင် စာဖတ်သူတို့ အာရုံစူးစိုက်လာအောင် တည်ဆောက်ပြီး ဇာတ်ထွတ် (Climax) ဆီသို့ ရေးရှသည်။ နောက်ဆုံးတွင် ဇာတ်ဆင်းပိုင်း (Denouement) သို့မဟုတ် ဇာတ်ဖြေပိုင်း (Resolution) သို့ရောက်သည်။ ဇာတ်ဆင်းပိုင်းတွင် ဇာတ်တက်ပိုင်းမှ အားပြိုင်မှုများ ပြေလျော့၍ ဖြေရှင်းပြီး ဖြစ်ရသည်။ အချို့သော ခေတ်ဝတ္ထုများတွင်

[၁] ထုတ်ကျော်၊ ဂျိမ်းစ်၊ ၂၀၀၄၊ ၂၃၂။

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်လမ်းဖြစ်လာအောင် စုစည်းဖန်တီးသည်။ ဝတ္ထုအများစုနှင့် ပြဇာတ်များတွင်မူ ယခုတိုင် ရှေ့နောက်ညီညွတ်သော ဇာတ်လမ်းကို တည်ဆောက်ကြသည်'[၁] ဟု ဆိုထားပါသည်။

လူ့ဘဝ၏ ဖြစ်ရပ်များသည် ရုပ်တန့်မနေပါ။ အဆိုးမှအကောင်း၊ အကောင်းမှအဆိုးဆိုသည့် လောကဓံ၏ အလှည့်အပြောင်းအတိုင်း ရွေ့လျားပြောင်းလဲနေမြဲ ဖြစ်သည်။ ဝတ္ထုတွင်လည်း ဖြစ်ရပ်များသည် ရပ်တန့်နေ၍ မရပါ။ ဇာတ်ပိုးပိုင်း၏ မူလအနေအထားမှ အမျိုးမျိုး ရွေ့လျားပြောင်းလဲအောင် ဖန်တီးယူရပါသည်။ ထိုအပိုင်းတွင် အားပြိုင်မှုကိုသုံး၍ ဇာတ်ရှိန်မြင့်လာအောင် အားထုတ်ရသည်။ ဇာတ်ရှိန်အမြင့်ဆုံးသို့ ရောက်ပြီးနောက် အကောင်း (ဝါ) အဆိုးကို ဆုံးဖြတ်ပြီး အဖြစ်အပျက်တို့အပေါ် စာရေးသူ၏စိတ်ကို လျော့ပါးအောင် ဖန်တီးရပြန်ပါသည်။ မည်သို့ပင်ဖြစ်စေ ဇာတ်လမ်းသည် အစ၊ အလယ်၊ အဆုံး ညီညွတ်ရန် လိုပါသည်။

## ၃း၃ ဇာတ်လမ်း၏ သွင်ပြင်လက္ခဏာများ

ဇာတ်လမ်း၏ သွင်ပြင်လက္ခဏာသုံးရပ်မှာ (၁) ရည်ရွယ်ချက်ပြောင်းပြန်ဖြစ်ခြင်း (Reversal of Intention)၊ (၂) ကြေကွဲဖွယ်ရာဖြစ်ရပ် (ဝါ) ဘေးဒုက္ခနှင့်ကြုံခြင်း (Peripety)၊ (၃) သိလာခြင်း (Recognition) တို့ ဖြစ်ပါသည်။

ဝတ္ထုတစ်ပုဒ်တွင် ရည်ရွယ်ချက် ရှိပါသည်။ အများအားဖြင့် အဓိက ဇာတ်ဆောင်၏စရိုက်၊ အပြုအမူ၊ လှုပ်ရှားမှုများဖြင့် ရည်ရွယ်ချက်ကို ဖော်ဆောင်ရမည် ဖြစ်ပါသည်။ ဇာတ်ဆောင်သည် ရည်ရွယ်ချက်သို့ ချောမွေ့ဖြောင့်တန်းစွာ ရောက်သွားလျှင် ဇာတ်လမ်းသည် ရိုးစင်းလွန်းပြီး ရသမမြောက်၍ လူ့ဘဝသရုပ်ပီပြင်သော ဝတ္ထုတစ်ပုဒ် ဖြစ်လာတော့မည် မဟုတ်ပါ။ လူ့ဘဝသည် ပန်းခင်းသောလမ်း မဟုတ်ပါ။ ဖြောင့်ဖြူးသောလမ်း မဟုတ်ပါ။ လူ့ဘဝလမ်းကို လျှောက်လှမ်းရသော ဒိဋ္ဌလောကမှ လူသားတို့၏ ဘဝရည်မှန်းချက်များသည်လည်း ချောမွေ့ဖြောင့်တန်းစွာ အလွယ်တကူ ရရှိခဲ့ပါသည်။ အခက်

၁ Morner & Raush. 1998, 168.

mgyoe.com

mgyoe.com SAMPLE BOOK

အခဲ၊ အတားအဆီးများ၊ ဘဝ၏မာယာပရိယာယ်များကို ရင်ဆိုင်ဖြတ်သန်းရမြဲ ဖြစ်ပါသည်။ ဒိဋ္ဌလောကကို တူအောင် တုပထားသော ဝတ္ထုထဲမှ ဇာတ်ဆောင်၏ရည်မှန်းချက်သည် အပြိုင်အဆိုင် အခက်အခဲ မရှိဘဲ ပြီးဆုံးသွားလျှင် ဝတ္ထုသည် သရုပ်ပီပြင်မည် မဟုတ်ပါ။ သဘာဝကျမည် မဟုတ်ပါ။ ရသ မြောက်ရန်လည်း ခက်ခဲလှပါသည်။ ထိုသို့သော လူ့သဘော၊ လူ့သဘာဝနှင့် အညီ ဇာတ်ဆောင်ဘဝကို ဇာတ်အိမ်တည်ဆောက်ရာ၌လည်း ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ခြင်းသဘောသည် ပါရပါမည်။

ရည်ရွယ်ချက် ပြောင်းပြန် ဖြစ်စေရန်အတွက် ဇာတ်ဆောင်အား ဆန့်ကျင်ဘက်အုပ်စုများ၊ ဆန့်ကျင်ဘက်ဇာတ်ဆောင်များဖြင့် အားပြိုင်စေရပါမည်။ ကံကြမ္မာနှင့် အားပြိုင်စေရပါမည်။ အတွေးမှန်နှင့် အတွေးမှား အားပြိုင်ပြီး အတွေးမှားခြင်း၊ အထင်လွဲခြင်းတို့ဖြင့်လည်း ရည်ရွယ်ချက်ကို ပြောင်းပြန် ဖြစ်စေနိုင်ပါသည်။

'သူ'ဝတ္ထုတွင် အဓိကဇာတ်ဆောင် ကိုမြင့်မောင်သည် စိတ်ထား မွန်မြတ်၍ အများအကျိုးကို သယ်ပိုးလိုသော ဆရာဝန်ကောင်း တစ်ယောက် ဖြစ်သည်။ အကြော့၏မေတ္တာကို မျှော်လင့်နေသူလည်း ဖြစ်သည်။ အကြော့၏ မေတ္တာကိုရ၍ ဆရာဝန်ကောင်းတစ်ယောက်အဖြစ် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင် သွားရန် ဖြစ်သည်။

သို့ရာတွင် ဝတ္ထုဇာတ်လမ်းတို့၏သဘောမှာ ဇာတ်တက်ပိုင်းတွင် ရှုပ်ထွေးစေရပါမည်။ ထိုသို့သော ရှုပ်ထွေးမှုများတွင် ဇာတ်ဆောင်၏ ရည်ရွယ် ချက် ပြောင်းပြန်ဖြစ်စေခြင်းလည်း ပါဝင်ရပါမည်။

ကိုမြင့်မောင်အတွက် ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်စေရန် ပလိပ် ရောဂါကို ကိုမြင့်မောင်နေသော မြို့နှင့်မြို့ပတ်ဝန်းကျင် ကျေးရွာများတွင် ဖြစ်ပွားနေခြင်း ဆိုသည့် ဖြစ်ရပ်ကို ဖန်တီးပါသည်။ ကိုမြင့်မောင်သည် ကျေးရွာများအထိ ဆင်း၍ ကုသပေးနေရသောကြောင့် ပလိပ်ရောဂါကို စတင် ခံစားရသော အကြော့အကြောင်းကို မသိခဲ့ပေ။ အကြော့လာရှာသည့် အချိန် တွင်လည်း မရှိခဲ့ပေ။

ကိုသက်ထွန်းမှာမူ မြို့ပေါ်မှဆေးရုံတွင် လူနာများကို ကုသပေးနေခဲ့ သည်။ အကြော့ကိုလည်း ကုသပေးခဲ့သည်။ ထိုအကြောင်းများကြောင့် အကြော့သည် ကိုမြင့်မောင်ကို အထင်လွဲကာ ကိုသက်ထွန်းကို လက်ထပ်ရန်

mgyoe.com

mgyoe.com SAMPLE BOOK

ရွေးချယ်ခဲ့သည်။ ထိုနည်းဖြင့် ဇာတ်ဆောင်၏ ရည်မှန်းချက် ပြောင်းပြန်ဖြစ်ကာ မင်းလှသို့ ရွေ့လျားခဲ့ရသည်။

မင်းလှသို့ ရောက်သောအခါတွင်လည်း လဲ့လဲ့၏ဖခင် စက်သူဌေးကြီးနှင့် ဆရာဝန် ကိုဘဇံဆိုသည့် ဆန့်ကျင်ဘက်အုပ်စုများနှင့် ကိုမြင့်မောင်ကို အားပြိုင်စေခြင်းဖြင့် ဇာတ်ဆောင်အနေနှင့် အလုပ်သမား ဆင်းရဲသား လူတန်းစားအား အကျိုးပြုလိုသော ဆရာဝန်ကောင်းအဖြစ် ရပ်တည်ခွင့် မရခဲ့ပေ။ အရှက်တကွဲဖြစ်ရသည့်အပြင် လဲ့လဲ့၏ အထင်လွဲမှုကို ခံခဲ့ရသည်။ အရှုံးသမားဘဝနှင့် ပြည်သို့ လွင့်ခဲ့ရပြန်သည်။ ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ခြင်းဖြင့် ဖြစ်ရပ်များ ပိုမို ရှုပ်ထွေးပြီး ဇာတ်နာလာအောင် ဖန်တီးယူထားသည်။

ကြမ္မာဆိုးဝင်ခြင်းကို ဖန်တီး၍လည်း ဇာတ်ဆောင်၏ ရည်ရွယ်ချက် ပျက်ပြားစေသည်။ ဇာတ်လမ်း ပို၍ ရှုပ်ထွေးလာစေသည်။ ကံကြမ္မာနှင့် အားပြိုင်မှု ဖြစ်ပေါ်ကာ စာဖတ်သူ၏ သိလိုစိတ် မြင့်တက်လာအောင် ဇာတ်ရှိန်ကို မြှင့်တင်ပေးလေ့ ရှိပါသည်။ လူသားတိုင်းသည် ကံစီမံရာကို နာခံကြရသည်ဖြစ်ရာ ကံကြမ္မာဆိုးကြောင့် ဇာတ်ဆောင်၏ ရည်မှန်းချက် ပျက်ရသည့်သဘောကို စာဖတ်သူတို့ လွယ်လင့်တကူ လက်ခံလေ့ရှိသည်။

'ပန်းသာမစာဉ' ဝတ္ထုတွင် မစာဉသည် ဆင်းရဲသော်လည်း ရိုးသား၍ လှပသော တောသူလေး ဖြစ်သည်။ သူ့ဘဝတွင် ကိုဒေဝကို စိတ်ဝင်စားနေသည်။ သူ့ဘဝလေးသည် ရိုးရိုးစင်းစင်းနှင့် ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်သင့်သည်။ သို့ရာတွင် မိဘနှစ်ပါး၏ မိမိတို့ကိုယ်ကို မြို့စားမျိုးဟု အထင်ရောက်ကာ ကြီးပွားချမ်းသာလိုစိတ်ကြောင့် မစာဉ၏ဘဝသည် ပျက်ခဲ့ရသည်။ မည်သို့မျှ မျှော်လင့်မထားသည့် ကြိုးဒဏ်ကို ခံစားခဲ့ရသည်။ ထိုဝတ္ထုတွင် ဇာတ်ဆောင်၏ ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ရခြင်းမှာ ကံကြမ္မာကြောင့် ဖြစ်သည်။

သိလာခြင်းဆိုသည့် သဘောမှာ အထင်အမြင်လွဲမှားမှု၊ ဆန့်ကျင်ဘက်အုပ်စု၏ ရင်ဆိုင်တိုက်ခိုက်မှု၊ ကြမ္မာဆိုးဝင်မှု စသည်များကို အဓိက ဇာတ်ဆောင်အနေနှင့် ခံစားရပြီးနောက် အကျပ်အတည်းကာလဖြစ်သည့် ဇာတ်ထွတ်ပိုင်းသို့ ရောက်လာသည်။ ဇာတ်ထွတ်ပိုင်းတွင် ဇာတ်ဆောင်အပေါ် အထင်လွဲမှားမှုများကို အမှန်အတိုင်း သိလာခြင်း၊ ဇာတ်ဆောင်က အတွေးအမြင်လွဲမှားမှုများကို အမှန်အတိုင်း သိလာခြင်းသဘော ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်ထွတ်ပိုင်းတွင် ကြမ္မာဆိုးဝင်ခြင်းနှင့် သိလာခြင်းသဘောတို့ ဆုံစည်းမိပြီး ဇာတ်ဆောင်၏ အနာဂတ်အတွက် အဆုံးအဖြတ်ပေးရမည့်အပိုင်း ဖြစ်လာ သည်။

'သူ'ဝတ္ထုတွင် ကိုမြင့်မောင်အပေါ် အထင်လွဲမှားခဲ့ကြသော အကြော၊ လဲ့လဲ့တို့သည် ကိုမြင့်မောင်၏ အပြစ်ကင်းစင်မှု၊ စိတ်ဓာတ်မွန်မြတ်မှုများကို နားလည်လာကြသည်။ လဲ့လဲ့သည် ကိုဘဇံကို ကွာရှင်း၍ ကိုမြင့်မောင်နှင့် လက်ထပ်ရန် ဆုံးဖြတ်ခြင်းဖြင့် ဇာတ်ဆောင်၏ အနာဂတ်ကို ယတိပြတ် ဆုံးဖြတ်ပေးခဲ့သည်။

'ပန်းသာမစာဉ'ဝတ္ထုတွင် ကိုဒေဝသည် ဉအပေါ် ခွင့်မလွှတ်နိုင်သည့်အတွက် ဉအား စွန့်ခွာသွားခဲ့သည်။ ဇာတ်တက်ပိုင်းတွင် ဉသည် ကြမ္မာဆိုး၏ နှိပ်စက်မှုကြောင့် ပန်းသာမောင်မောင်အား ကတ်ကြေးနှင့် ထိုးသတ်ခဲ့သည်။ အဖမ်းမခံရမီတွင် ချစ်သူနှစ်ဦး ပြန်ဆုံ၍ ဉ၏အချစ်ကို နားလည်ခဲ့သည်။ ဉကို ခွင့်လွှတ်နိုင်လာသည်။ စာဖတ်သူတို့အနေနှင့် ဉအပေါ် ကရုဏာစိတ်နှင့် သိလိုစိတ် အမြင့်ဆုံးသို့ ရောက်နေကြသည်။ ဇာတ်ထွတ်တွင် ကြမ္မာဆိုးဝင်ခြင်းနှင့် သိလာခြင်းကို ပေါင်းစပ်ထားပြီး ဇာတ်ရှိန်ကို အမြင့်ဆုံးသို့ ရောက်စေခဲ့သည်။ ဇာတ်ထွတ်သည် အဓိကဇာတ်ဆောင် ဉ၏ ကံကြမ္မာကို အဆုံးအဖြတ် ပေးခဲ့သည်။ ဉကို ကြိုးပေး၍သတ်ရန် စီရင်ခြင်းခံခဲ့ရသည်။ ထိုခေတ်၏ အပေါ်ယံဖြစ်ရပ်အပေါ် ကြည့်၍ဆုံးဖြတ်သော တရားဥပဒေကြောင့် ကြမ္မာဆိုးနှင့် ကြုံရတတ်သော မြန်မာပြည်သူတို့၏ ဘဝကို ဉ၏ ဖြစ်ရပ်နှင့် ကိုယ်စားပြုတင်ပြလိုသော စာရေးသူ၏ ရည်ရွယ်ချက်အရ ဉသည် ကြိုးပေးခံခဲ့ရသည်ဟု မှန်းဆကြည့်မိပါသည်။ ဇာတ်ထွတ်တွင် ဇာတ်ဆောင်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးသူမှာ စာရေးဆရာပင် ဖြစ်ပါသည်။ စာရေးဆရာသည် ရည်ရွယ်ချက်အရ ဇာတ်လမ်းကို ဖန်တီးတည်ဆောက်သူ ဖြစ်ပါသည်။

ဇာတ်လမ်း၏ သွင်ပြင်လက္ခဏာ (၃) ရပ်နှင့် ပတ်သက်၍ A Student's Guide to Literature စာအုပ်တွင် စီကာတာကောင်းဝဲလ်က -

'ဇာတ်လမ်း၏ အခြား သွင်ပြင်လက္ခဏာ သုံးရပ်မှာ ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ခြင်း၊ သိလာခြင်း၊ ကြေကွဲဖွယ်ဖြစ်ရပ် (ဝါ) ဘေးဒုက္ခနှင့် ကြုံခြင်းတို့ ဖြစ်သည်။ ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ခြင်းမှာ တစ်စုံတစ်ခုပြုလုပ်ရန် အားထုတ်ကြိုးစားမှုသည် အောင်မြင်

mgyoe.com

mgyoe.com

စွာပြီးဆုံးရန်အတွက် ဆန္ဒကျင်မှု ဖြစ်သည်။ ယင်းသည် လှည့်ကွက် ပုံစံ ဖြစ်သည်။ သိလာခြင်းမှာ မသိနားမလည်ခြင်းမှ သိလာခြင်း ဖြစ်သည်။ ကံကြမ္မာ၏ အကောင်း၊ အဆိုးစိမံမှုဖြင့် ဇာတ်ဆောင်များကြား၌ အချစ် (ဝါ) အမုန်း ဖြစ်ပေါ်ခြင်း စသည်တို့၏ အဖြေမှန်ကို ရှာဖွေတွေ့ရှိခြင်း ဖြစ်သည်'[၁] ဟု ဖွင့်ဆိုထားပါသည်။

အရစ်စတော်တယ်(လ်) (Aristotle) က အကောင်းဆုံးဇာတ်လမ်းတွင် ဇာတ်ထွတ် (ဝါ) ဇာတ်လမ်းအချိုးအကွေ့တွင် ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ခြင်းနှင့် သိလာခြင်းတို့ ပါဝင်သည်ဟု ဆိုခဲ့ပါသည်။ ရည်ရွယ်ချက်ပြောင်းပြန်ဖြစ်ခြင်းနှင့် သိလာခြင်းတို့သည် ဇာတ်လမ်းနှင့် ဇာတ်ဆောင်ကို နီးစပ်အောင် ဆက်သွယ်ပေးသည်။ ထိုအချက် နှစ်ရပ်သည် ဇာတ်ဆောင်၏ စိတ်အခြေအနေ၊ ကိုယ်ကျင့်တရား၊ ပင်ကိုအရည်အသွေးနှင့် ဆက်စပ်နေသည်။ ဇာတ်လမ်းနှင့် ဇာတ်ဆောင် ဆက်သွယ်မှု အခြေခံမှာ ရည်ရွယ်ချက်ဖြစ်သည်။ ရည်ရွယ်ချက်သည် ဖြစ်ရပ်များကို အချိတ်အဆက်မိအောင် စွမ်းဆောင်ပေးသည်ဟုလည်း အရစ်စတော်တယ်(လ်)က ဆိုခဲ့ပါသေးသည်။

ဇာတ်ဆောင်၏ စိတ်နေသဘောထားနှင့် ကိုယ်ရည်ကိုယ်သွေးအပေါ် မူတည်၍ ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ခြင်းနှင့် သိလာခြင်းတို့ကို ဖန်တီးယူနိုင်သည်။ 'သူ'ဝတ္ထုတွင် ကိုမြင့်မောင် မွန်မြတ်၍ အနစ်နာခံတတ်သော၊ သူတစ်ပါးကို ဒုက္ခ မရောက်စေလိုသော စိတ်ဓာတ်အပေါ် အခြေခံ၍ သူ၏ ရည်ရွယ်ချက်များ ပြောင်းပြန်ဖြစ်ရပုံ၊ တစ်စုံတစ်ရာ ဖြေရှင်းချက်မပေးဘဲ ကြိတ်မှိတ်၍ ခံစားတတ်သော စိတ်ဓာတ်အပေါ်တွင် မူတည်၍ ဆန့်ကျင်ဘက် အုပ်စု၏ အနိုင်ကျင့်မှုများကို ဆင့်ကဲ ဆင့်ကဲ ခံစားစေကာ ရည်ရွယ်ချက်ကို ပြောင်းပြန်ဖြစ်စေပါသည်။ ကိုမြင့်မောင်၏ စိတ်ဓာတ်အမှန်ကို ဇာတ်ထွတ်ပိုင်း၌ သိလာအောင် ဖန်တီးရာ၌လည်း ကိုဘဖဲတို့၏ မတရားပြုမှုကို အစွမ်းကုန်ဖော်ပြပြီး ဇာတ်ဆောင်၏ ရန်သူအပေါ်၌ပင် ထားရှိသော စေတနာကိုလည်း အဆုံးစွန်သို့ ရောက်စေခြင်းဖြင့် အမှန်တရားကို သိလာအောင် တင်ပြခဲ့သည်။ ထိုသို့ တင်ပြရာတွင် ဇာတ်ဆောင်၏ ပင်ကိုစိတ်ဓာတ်နှင့် ဇာတ်လမ်းပါဖြစ်ရပ်များကို ဆက်စပ်ယူထားသည်ကို တွေ့ရပါသည်။ ဇာတ်လမ်းနှင့် ဇာတ်ဆောင်သည် ဆက်သွယ်မှုရှိရပါသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင် နှစ်ဦး

---

၁ Colwell, 1968, 6.

mgyoe.com

mgyoe.com SAMPLE BOOK

အဆင်ပြေစွာ ပေါင်းစပ်၍ စာရေးသူ၏ ရည်ရွယ်ချက်သို့ အရောက်ပို့ဆောင်ပေးရခြင်းသည် ဝတ္ထု၏ ဖန်တီးမှုအတတ်ပညာပင် ဖြစ်ပါသည်။

ဝတ္ထုရှည်မှ ဇာတ်လမ်းကို လေ့လာမှုနှင့် ပတ်သက်၍ Fundamental of Good Writing စာအုပ်တွင် ကလင့်ဘရုခ်နှင့် ရောဘတ်ပင်းဝါရင်တို့က -

(၁) ဇာတ်ပျိုးပိုင်းသည် လိုအပ်သည့် သတင်းအချက်အလက်များကို စာဖတ်သူအား ပေးနိုင်မှု ရှိ မရှိ၊

(၂) ဇာတ်တက်ပိုင်းသည် အဖြစ်အပျက်တို့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်မှု ရှိ မရှိ၊ ဖြစ်ရပ်ဖွံ့ဖြိုးမှုတွင် မပါဝင်သင့်သော အချက်များ ပါဝင်နေသည်ဟု ပရိသတ်စိတ်ကို ရှုပ်ထွေးစေမှု ရှိ မရှိ၊

(၃) ဇာတ်ဆင်းပိုင်းသည် ဇာတ်ကြောင်းပြန်မှုအတွက် ရှင်းလင်းစွာ ဖော်ပြနိုင်မှု ရှိ မရှိ ဆိုသော အချက်များကို ဆန်းစစ်ရမည်ဟု တင်ပြထားပါသည်။

## ၃း၄ ဇာတ်လမ်းဖန်တီးမှု အတတ်ပညာ

ဇာတ်လမ်းဖန်တီးရာတွင် (၁) အကြောင်းဆက်နည်းကို သုံးခြင်း၊ (၂) အားပြိုင်မှုကို သုံးခြင်း၊ (၃) အနုစိတ် ခြယ်မှုန်းရေးဖွဲ့ခြင်း၊ (၄) မြုပ်ကွက်ကိုသုံးခြင်း၊ (၅) လှည့်ကွက်ကို သုံးခြင်း၊ (၆) တိုက်ဆိုင်မှုကိုသုံးခြင်း၊ (၇) တော့လွဲဖြစ်ရပ်များကို ဖန်တီးခြင်း စသည့် နည်းပညာများကို သုံးလေ့ရှိပါသည်။

### ၃း၄း၁ အကြောင်းဆက်နည်းကို သုံးခြင်း

အကြောင်းဆက်နည်းဆိုသည်မှာ ဝတ္ထုပါဖြစ်ရပ်များကို ချိတ်ဆက်ယူ၍ ဇာတ်လမ်းအဖြစ် ဖန်တီးရာတွင် ရှေ့ဖြစ်ရပ်နှင့် နောက်ဖြစ်ရပ်ကို အကျိုးသင့်၊ အကြောင်းသင့်ဖြစ်အောင် ချိတ်ဆက်ယူသည့်သဘော ဖြစ်ပါသည်။ ဖြစ်ရပ်များကို တင်ပြရာ၌ ပထမဖြစ်ရပ်သည် ဒုတိယဖြစ်ရပ်၏ အကြောင်း ဖြစ်ရမည်။ ဒုတိယဖြစ်ရပ်သည် ပထမဖြစ်ရပ်၏ အကျိုး ဖြစ်ရမည်။ ဒုတိယ ဖြစ်ရပ်သည် တတိယဖြစ်ရပ်၏ အကြောင်း ဖြစ်ရမည်။ ထိုနည်းဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ရပ်များသည် တစ်ခုနှင့် တစ်ခု အချိတ်အဆက်မိနေရန် လိုပါသည်။ အကြောင်းခံ ဖြစ်ရပ်တစ်ခုကို ဖန်တီးပြီးသည်နှင့် အကျိုးဆက်ဖြစ်ရပ်တစ်ခုကို ဆက်လက် ဖန်တီးပေးရပါမည်။ အဆိုပါ အကြောင်းနှင့်အကျိုးသည် အကျိုးသင့်၊ အကြောင်းသင့် ဖြစ်ရပါမည်။ ဖွတ်အတင်း ဖန်တီးယူသည့်သဘော မဖြစ်သင့်ပါ။

ခင်နှင်းယု၏ 'မွေး'ဝတ္ထုတွင် အတွတ်နှင့် မွေးတို့သည် အိမ်ချင်း၊ မိဘချင်း ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြသည်။ အတွတ်သည် မွေးအပေါ် သံယောဇဉ်ရှိနေသည်။ အတွတ်၏ သံယောဇဉ်ကို မွေးအားဖွင့်ပြောပြီး ထိုသူနှစ်ဦး၏အချစ်ရေး အဆင်ပြေသွားနိုင်သည်။ ပျော်ရွှင်စွာ ဇာတ်သိမ်း၍ ဇာတ်လမ်းလည်း ပြီးဆုံးသွားနိုင်သည်။ သို့ရာတွင် ဒိဋ္ဌလောကကို အခြေခံ၍ ဒိဋ္ဌလောကကိုပင် ထင်ဟပ်ရေးဖွဲ့သော ဝတ္ထု၏သဘောမှာ ထိုသို့ မဟုတ်ပါ။ စာဖတ်သူ၏စိတ်တွင် မိမိတွေ့မြင်ခံစားနေကျဖြစ်သော ဒိဋ္ဌလောကထက် ပို၍ ဆန်းကြယ်သည်ဟု ထင်မှတ်စေရမည်။ စိတ်လှုပ်ရှား ခံစားမှုအမျိုးမျိုးကို ဝတ္ထုတစ်ပုဒ်ထဲ၌ပင် ခံစားစေရမည်။ လူ့သဘော၊ လူ့သဘာဝ အမျိုးမျိုးကို ဝတ္ထုဆုံးသည်နှင့် ပြီးပြည့်စုံအောင် နားလည်သွားစေရမည်။ ဘဝအသိတစ်ခု ရင်ထဲမှာ စွဲကျန်ရစ်စေရမည်ဟူသော အနုပညာစေတနာနှင့် အနုပညာမာန်သည် စာရေးသူ၌ ရှိပြီးဖြစ်သည့်အလျောက် သူ၏ ဝတ္ထုဇာတ်လမ်းကို ဒိဋ္ဌလောကထက် ပို၍ ဆန်းကြယ်၊ ရှုပ်ထွေး၊ ခက်ခဲလာအောင် ဇာတ်လမ်းဖန်တီးမှု၊ စိတ်ကူးအတတ်ပညာကိုသုံး၍ အမျိုးမျိုးဖန်တီးယူတတ်သည်။

'မွေး'ဝတ္ထုတွင် အတွတ်၏ သံယောဇဉ်ကို မွေးထံသို့ တိုက်ရိုက်ရောက်ရှိလာခွင့် မပေးပါ။ အတွတ်၏ သံယောဇဉ်တွင် အတားအဆီးတစ်ခုကို ဖန်တီးယူပါသည်။ အတွတ်နှင့်အတူ အတွတ်၏ သူငယ်ချင်း ဖရက်သည် အလည်လိုက်ပါလာရာမှ မွေးနှင့် ရင်းနှီးသွားကြသည်။ ဖရက်နှင့်မွေးသည် ချစ်သူများ ဖြစ်သွားကြခြင်းတွင် အတွတ်၏အချစ်သည် ရပ်တန့်လျက် ရင်ထဲ၌ သိုဝှက်သိမ်းဆည်းထားလိုက်ရသည်။ အဆိုပါ ဖြစ်ရပ်နှစ်ခုကို အကြောင်းအကျိုးဆက်စပ်ရာ၌ အကျိုးသင့်၊ အကြောင်းသင့် ဖြစ်ပါသည်။ အတွတ်အိမ်သို့ ဖရက် လိုက်ပါလာရာမှ အတွတ်၏သူငယ်ချင်းဖြစ်သော မွေးနှင့် ရင်းနှီးသွားခြင်း၊ ချစ်သွားကြခြင်းတို့မှာ ဖြစ်နိုင်ခြေရှိသော လောကသဘာဝများ ဖြစ်ပါသည်။ အတွတ်၏ နောက်ဆုတ်ရခြင်းသည်လည်း သဘာဝကျပါသည်။ ထိုမှ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဖန် ဖရက်နှင့် မွေးကို ဇာတ်လမ်းအရ ဝေးကွာစေပြန်သည်။ ထိုနေရာ၌လည်း ခေတ်၏ နိုင်ငံရေးအခြေအနေ၊ မွေးတို့ မိသားစု၏ စီးပွားရေး အခြေအနေအရ ဖရက်နှင့်မွေး၏ဘဝ ဝေးကွာလာပုံကို အကျိုးသင့်၊ အကြောင်းသင့် ချိတ်ဆက်တင်ပြခဲ့သည်။ ထိုဖြစ်ရပ်မျိုးသည်လည်း ဒိဋ္ဌလောက၌ တွေ့ရကြုံရမြဲဖြစ်၍ ဖြစ်နိုင်ခြေရှိပါသည်။ အကျိုးသင့်၊ အကြောင်းသင့် ဖြစ်ပါသည်။

ဝတ္ထုဇာတ်လမ်း၌ ဆန်းကြယ်သောဇာတ်လမ်း ဖြစ်စေ၊ ရိုးစင်းသောဇာတ်လမ်း ဖြစ်စေ အကြောင်းဆက်နည်းကို မသုံး၍ မရပါ။ ဝတ္ထု၏ အမျိုးအစားကိုလိုက်၍ ချိတ်ဆက်ပုံ၊ ဇာတ်လမ်းဆင်ပုံ ကွာခြားသွားမည်သာ ဖြစ်ပါသည်။ အချို့သော ဝတ္ထုများတွင် ကာလ၊ ဒေသနောက်ခံကို အခြေခံ၍ ဖြစ်ရပ်များကို အကျိုးသင့်၊ အကြောင်းသင့်ဖြစ်အောင် ချိတ်ဆက်ယူလေ့ရှိပါသည်။ မောင်ထင်၏ 'ဘော'ဝတ္ထုတွင် ဘော၏ လယ်သမားဘဝ ရုန်းကန်မှုများကို တစ်ဆင့်ပြီးတစ်ဆင့် အားပြိုင်ဖော်ပြခြင်းဖြင့် ဇာတ်ရှိန်ကို မြင့်လာစေခြင်း ဖြစ်သည်။ ဆင်းရဲသော ဘောသည် ဂျပန်ခေတ်ကြောင့် ဖြိုးတုတ်ကဲ့သို့ အလိုတော်ရိတို့၏ သတင်းပေး နှိပ်စက်ခြင်းကို ခံရသည်။ ဂျပန်တို့ကြောင့် ချွေးတပ်နှင့်အတူ လိုက်ပါပြီး နှိပ်စက်ခြင်းကို ခံရသည်။ ဘော၏ လွတ်မြောက်ရေးကို ကြိုးပမ်းရင်း ဘော၏သမီး မိနီသည် ဂျပန်၏ စော်ကားခြင်းခံရသည်။ ထိုနာကြည်းဖွယ်ဖြစ်ရပ်ကြောင့် မိနီ၏ချစ်သူသည် ဖက်ဆစ်တော်လှန်ရေးရဲဘော်ဗိုလ်ကြယ်နီ ဖြစ်လာခဲ့သည်။ နိုင်ငံရေးအမြင်၊ တော်လှန်ရေးအသိ ရှိလာခဲ့သည်။ ဂျပန်ခေတ်ဆိုသည့် ကာလ၊ ဒေသနောက်ခံကြောင့် ဖြစ်ရပ်များသည် အကျိုးသင့်၊ အကြောင်းသင့်ဖြစ်ကာ ဇာတ်နာလာသည်။ ဘော၏ ဆင်းရဲတွင်းနက်လှသော ဖက်ဆစ်ဂျပန်လက်အောက်ရှိ လယ်သမားဘဝ ဒုက္ခသည် ဇာတ်ရှိန်မြင့်လာသည်နှင့်အမျှ ရင်နင့်ဖွယ် ဖြစ်လာသည်။ ဘဝသည် ပီပြင်လာသည်။ ဘဝသရုပ်ဖော်ဝတ္ထုပီသစွာ သရုပ်မှန်လာခြင်းကြောင့် ဘောဝတ္ထုဇာတ်လမ်းသည် မြှုပ်ကွက်၊ လှည့်ကွက်များ မပါဘဲ ဇာတ်လမ်းအားကောင်းလာသည်။ ဘော၏ ကရုဏာသက်စရာ ဖြစ်ရပ်များကို ချိတ်ဆက်လိုက်ခြင်းဖြင့် ဇာတ်လမ်းဖြစ်လာသည်။ ဖြစ်ရပ်များသည် ရင်နင့်ကြေကွဲဖွယ်၊ ကရုဏာသက်ဖွယ်၊ ရယ်မောဖွယ်၊ ကြောက်ရွံ့အံ့သြဖွယ် ခံစားမှုအမျိုးမျိုးကို ပေးစွမ်းနိုင်သည့်အတွက် စာဖတ်သူ၏စိတ်ကို ဆွဲဆောင်နိုင်စွမ်း ရှိလာပါသည်။

ဝတ္ထုဇာတ်လမ်းမှန်လျှင် ဖြစ်ရပ်နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ရပ်များကို အသင့်ယုတ္တိရှိသည်၊ ဖြစ်နိုင်ခြေရှိသည်ဟု ထင်ရအောင် ချိတ်ဆက်ပေးရမည် ဖြစ်ပါသည်။

### ၃း၄း၂ အားပြိုင်မှုကို သုံးခြင်း

ဝတ္ထုတွင် အားပြိုင်မှုနှင့် မကင်းနိုင်ပါ။ အားပြိုင်မှု၏ အခန်းကဏ္ဍမှာ အရေးပါလှပါသည်။ လူ့ဘဝသည် ငယ်စဉ်မှစ၍ သေဆုံးခါနီးအချိန်အထိ အားပြိုင်မှုနှင့် စဉ်ဆက်မပြတ် ယှဉ်တွဲနေရပါသည်။ မိသားစု မောင်နှမ အချင်းချင်းတွင်လည်း မိဘ၏ ချစ်ခြင်းမေတ္တာ၊ မျက်နှာသာပေးမှုတို့ကို ရစေရန် သူ့ထက်ငါ အားပြိုင်ကြရပါသည်။ လုပ်ငန်းခွင် ဝင်ရာ၌လည်း ဘဝအရေးအတွက် အားပြိုင်ကြရပါသည်။ အချစ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့် လူ့ဘဝတွင် ကြုံတွေ့ရသမျှ အရေးကိစ္စများတွင် အားပြိုင်မှုနှင့် မကင်းပါ။ သေဆုံးခါနီးအချိန်အထိ မိမိအသက်ကို သေမင်း၏လက်တွင်းသို့ အလွယ်တကူ ထိုးအပ်၍ ပျော်ရွှင်ပေါ့ပါးစွာ လိုက်ပါသွားကြသည် မဟုတ်ပါ။ ငွေကုန်ကြေးကျခံ၍ ဆေးဝါးကုသမှုခံယူကာ သေမင်းနှင့် စစ်ခင်း အားပြိုင်ကြပါသေးသည်။

လူ့ဘဝသည် မိမိကိုယ်တိုင်က သတိမထားမိသော်လည်း အားပြိုင်မှုများနှင့် အတိပြီးနေပါသည်။ အားပြိုင်လိုစိတ်ကင်းသူသည် သေသူနှင့် မခြားတော့ပေ။ ရှင်သန်ခြင်းနှင့် အားပြိုင်ခြင်းသည် ထာဝရ အဖော်မွန်များ ဖြစ်ပါသည်။

မိမိဘဝရေးအတွက် မဖြစ်မနေ အားပြိုင်ကြရသည့်အပြင် မိမိ၏ သားသမီးများ သူ့ထက်ငါသာအောင် မိဘများဘဝတွင် အားပြိုင်ကြိုးပမ်းကြရသေးသည်။ အားပြိုင်ခြင်း အလေ့အကျင့်နှင့် ထာဝစဉ် ရင်းနှီးနေသော လူသားအနေနှင့် အားပြိုင်မှုကို နှစ်သက်ကြသည်။ မိမိဘဝအတွက် အားပြိုင်မှု၌သာမက အခြားသူများ၏ အားပြိုင်မှုများကိုလည်း နှစ်နှစ်ခြိုက်ခြိုက် စိမ့်ဝင်ခံစားကြသည်။ ဘောလုံးပွဲများတွင် မိမိနှစ်သက်သည့် အသင်းဘက်မှနေ၍ တက်တက်ကြွကြွ အားပေးခံစားကြသည့် အချက်ကို ကြည့်လျှင် လူသားသည် အားပြိုင်မှုကို နှစ်သက်သည်ဟူသော သဘောသည် ထင်ရှားလှပါသည်။ အားပြိုင်မှုနှင့် မကင်းနိုင်သည့်အလျောက် အားပြိုင်မှုကို နှစ်သက်ခံစားကျင့်

mgyoe.com

mgyoe.com SAMPLE BOOK

ရှိသော လူသားတို့ဖတ်ရန်အတွက် လူ့ဘောင်လောကအကြောင်းကို ပြန်၍ ရေးပြသော ဝတ္ထုတွင်လည်း စာဖတ်ပရိသတ်သည် အားပြိုင်မှုကို နှစ်သက်ကြသည်မှာ သဘာဝကျပါသည်။ လောကအကြောင်း၊ လူ့အကြောင်းကို နားလည်သော ဝတ္ထုရေးသူသည် အားပြိုင်မှုအမျိုးမျိုးကို ဖန်တီး၍ သူ၏ ဇာတ်လမ်းအပေါ် စာဖတ်သူတို့ အာရုံ စူးစိုက်အောင် စည်းရုံးဆွဲဆောင်ကြပါသည်။

အားပြိုင်မှုနှင့် ပတ်သက်၍ A Hand Book To Literature စာအုပ်တွင် ဝီလျံဟာမွန်က -

'အားပြိုင်မှု ဆိုသည်မှာ ဆန့်ကျင်ဘက် အုပ်စုနှစ်ခု၏ ရန်းကန်ယှဉ်ပြိုင်မှုများမှ ပေါက်ပွားလာသည်။ အားပြိုင်မှုများသည် စိတ်ဝင်စားမှု၊ အံ့သြထိတ်လန့်မှု၊ အာရုံစူးစိုက်မှုများကို ဖြစ်ပေါ်စေသည်။ အနည်းဆုံး ဆန့်ကျင်ဘက်အုပ်စုအဖြစ် လူတစ်ဦး ပါဝင်လေ့ရှိသည်'[၁] ဟု ဆိုထားပါသည်။

အားပြိုင်မှုဖြစ်ရန်အတွက် စာရေးသူသည် အဓိကဇာတ်ဆောင်အား ဆန့်ကျင်ဘက် ဇာတ်ဆောင်တစ်ဦး၊ သို့မဟုတ် အများနှင့် အားပြိုင်စေရပါသည်။ အနိုင်၊ အရှုံးကို စိတ်ဝင်စားလေ့ရှိပြီးဖြစ်သော စာဖတ်သူတို့အနေနှင့် အဓိကဇာတ်ဆောင်နှင့် ဆန့်ကျင်ဇာတ်ဆောင်ကြားမှ အနိုင်၊ အရှုံးကို သိလိုစိတ် ထက်သန်လာကြသည်။ အများအားဖြင့် စာဖတ်သူ၏ ကရုဏာကို ခံယူရသော အဓိကဇာတ်ဆောင်ဘက်မှ လိုက်ပါခံစားပြီး အဓိကဇာတ်ဆောင်ကို သနားခြင်း၊ ချစ်ခြင်း၊ အနိုင်ရစေလိုခြင်းများ ဖြစ်ပေါ် ခံစားနေတတ်သည်။ ဆန့်ကျင်ဘက်ဇာတ်ဆောင်အပေါ် မုန်းတီးခြင်း၊ အံ့သြခြင်း၊ ကြောက်ရွံ့ခြင်း၊ စက်ဆုပ်ခြင်း၊ ရှုံးစေလိုခြင်းဆိုသည့် စိတ်လှုပ်ရှားခံစားမှု အမျိုးမျိုး ဖြစ်ပေါ်စေသည်။

ဇာတ်လမ်းတွင် ဇာတ်ဆောင်အချင်းချင်း၊ ဇာတ်ဆောင်နှင့် လူ့အဖွဲ့အစည်း၏ ပဋိပက္ခများ၊ အားပြိုင်မှုများသည် အရေးပါသည်။ ယင်းတို့နှင့် ကင်း၍ ဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးယူ၍ မရနိုင်ပေ။

ထိုအကြောင်းနှင့် ပတ်သက်၍ A Student's Guide to Literature စာအုပ်တွင် စီကာတာ ကောင်းဝဲလ်က -

---

၁ Harmon, 1996, 104.

mgyoe.com

mgyoe.com SAMPLE BOOK

'ဇာတ်လမ်းတွင် ဇာတ်ဆောင်များအား ရှုပ်ထွေးစေသည်။ ဇာတ်ဆောင်တို့၏ ရည်ရွယ်ချက်များကို ရှာဖွေသည်။ ထို့နောက် ပဋိပက္ခများကို ဖန်တီးသည်။ ထိုပဋိပက္ခများ (ဝါ) အားပြိုင်မှုများက ဇာတ်လမ်းဖြစ်ရပ်များကို ဖြစ်စေသည်။ ပဋိပက္ခ (ဝါ) အားပြိုင်မှုသည် သဘာဝကျပါက ဇာတ်ဆောင်၏ ရည်ရွယ်ချက်သည် ဇာတ်လမ်းတစ်စိတ်တစ်ဒေသ ဖြစ်လာသည်။ အားပြိုင်မှုမရှိလျှင် ဇာတ်လမ်း မဖြစ်နိုင်ပေ။ ရည်ရွယ်ချက်နှင့် ဆန့်ကျင်မှုများသည် ရုတ်တရက် မျက်လှည့်ပြသလို ပြီးပြည့်စုံသွားလျှင် အဖြစ်အပျက်တို့သည် အချိတ်အဆက် မမိတော့ပေ။ ဝတ္ထုဇာတ်လမ်း၏ အစနှင့်အဆုံး ခွဲခြား၍ မရတော့ပေ။ ပြင်ပအားပြိုင်မှုများ၌ပင် အားထုတ်မှု၊ တွန်းလှန်ချေဖျက်မှုများ ပါမြဲ ဖြစ်သည်။ ထိုနည်းဖြင့် ဇာတ်လမ်းကို ဖန်တီးယူသည်'[၁] ဟု ဆိုထားပါသည်။

အားပြိုင်မှုနှင့် ပတ်သက်၍ A Hand Book To Literature စာအုပ်တွင် ဝီလျံဟာမွန်က –

(၁) သဘာဝတရားနှင့် အားပြိုင်ခြင်း၊
(၂) အဓိကဇာတ်ဆောင်ကို ဆန့်ကျင်ဇာတ်ဆောင်များနှင့် အားပြိုင်ခြင်း၊
(၃) လူ့အဖွဲ့အစည်းနှင့် အားပြိုင်ခြင်း၊
(၄) လူတစ်ဦးတည်း၏ အတွင်းစိတ်ချင်း အားပြိုင်ခြင်း၊
(၅) ကံကြမ္မာနှင့် အားပြိုင်ခြင်းတို့ ဖြစ်သည်ဟု ဖော်ပြထားပါသည်။

ထို့အပြင် ဝီလျံဟာမွန်က –

'လူတစ်ဦးချင်းသည် မိမိရပ်တည်နေသော လူ့အဖွဲ့အစည်းနှင့် အဆင်ပြေချောမွေ့မှုရှိရန်မှာ ဝတ္ထုရေးသူတို့၏တာဝန် ဖြစ်သည့်အလျောက် ဝတ္ထုရေးသူသည် လူမှုအဖွဲ့အစည်းနှင့် ဇာတ်ဆောင်၏ ပဋိပက္ခကို အခြေတည်၍ ဇာတ်အိမ်ဖွဲ့လေ့ရှိသည်။ ထိုသို့ ဇာတ်အိမ်ဖွဲ့ရာတွင် ရှုပ်ထွေးသောဖြစ်ရပ်များ၊ ဘဝပြဿနာများကို စုဆောင်း၍

[၁] Calwell, 1968, 6.

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်ကွက်များဖြင့် ဖန်တီးရသည်။ ထိုဇာတ်ကွက်များတွင် ဇာတ်ဆောင်များကို ဆီလျော်အောင် နေရာချထားပြီးလျှင် လှုပ်ရှားစေရသည်။ တစ်နည်းအားဖြင့်ဆိုသော် လူ့အဖွဲ့အစည်းနှင့် ဇာတ်ဆောင်တို့ အားပြိုင်စေရခြင်း ဖြစ်သည်'[၁] ဟု ဆိုထားပါသည်။

## ၃း၄း၂း၁ သဘာဝတရားနှင့် အားပြိုင်ခြင်း

သဘာဝတရားနှင့် အားပြိုင်မှုမျိုးကို မြသန်းတင့်၏ 'ဓားတောင်ကို ကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထုတွင် တွေ့ရပါသည်။ ထိုဝတ္ထုတွင် ထားဝယ်ဘက်မှလာသော စက်လှေပျက်ရာတွင် သံချောင်း၊ တင်ထွန်းအောင်၊ ကိုနှမ္ဘာ၊ ရဲမြင့် စသည့် ဇာတ်ဆောင်များ အသက်ရှင်ရေးအတွက် ရုန်းကန်အားပြိုင်ကြရပုံများကို ဖော်ပြပြီး ပင်လယ်ပြင်နှင့် လူသားတို့ အားပြိုင်စေခဲ့သည်။ တင်ထွန်းအောင် သေဆုံးပြီး ကျန်ဇာတ်ဆောင်များအားလုံး လူသူကင်းမဲ့သည့် ကျွန်းတစ်ကျွန်းတွင် တင်၍ ကျန်ခဲ့သည်။ ထိုကျွန်းပေါ်တွင် အသက်ရှင်နိုင်ရေး၊ အစားအစာ ရရှိရေးနှင့် ထိုကျွန်းမှ လွတ်မြောက်နိုင်ရေးတို့အတွက် သံချောင်းကို အဓိကထား၍ သဘာဝတရားဖြင့် အားပြိုင်စေခဲ့သည်။ သဘာဝတရားနှင့် လူသား၏ စွမ်းအားတို့ အားပြိုင်ခန်းများကို ပေါ်လွင်အောင် ရေးသားတင်ပြနိုင်သည့်အတွက် ဇာတ်လမ်းသည် စိတ်ဝင်စားဖွယ် ဖြစ်လာသည်။

ကမ္ဘာကျော် စာရေးဆရာကြီး အမ်းနက်(စ်)ဟဲမင်းဝေး၏ 'ပင်လယ်ပြာနှင့် တံငါအို' (The Old Man and The Sea) ဝတ္ထုတွင်လည်း သဘာဝတရားနှင့် လူသား၏ အားပြိုင်မှုကို ဇာတ်လမ်းအဖြစ် ဖန်တီးယူထားသည်။

## ၃း၄း၂း၂ အဓိကဇာတ်ဆောင်ကို ဆန့်ကျင်ဇာတ်ဆောင်များနှင့် အားပြိုင်စေခြင်း

ရွှေလင်းယုန်၏ 'သူ' ဝတ္ထုတွင် အဓိကဇာတ်ဆောင် ကိုမြင့်မောင်ကို ဆရာဝန်ကောင်းစရိုက်၊ သူတော်ကောင်းစရိုက် ဖန်တီးထားပြီး ဆန့်ကျင်

---

၁ Harmon, 1996, 521.

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်ဆောင်များဖြစ်သည့် ကိုသက်ထွန်း၊ ကိုဘဖဲ၊ ကိုဘပုတို့နှင့် အားပြိုင်စေသည်။ ဆန့်ကျင်ဇာတ်ဆောင်များနှင့် အားပြိုင်မှုကြောင့် ကိုမြင့်မောင်၏ ရည်ရွယ်ချက်များ ပြောင်းပြန် ဖြစ်ခဲ့ရသည်။ နေရာအမျိုးမျိုးသို့ ရွှေ့ပြောင်းခဲ့ရသည်။ အချစ်ရေးအတွက် စိတ်ဆင်းရဲမှုအမျိုးမျိုး၊ ဘဝအရေးအတွက် မရေရာမှုအမျိုးမျိုးနှင့် ကြုံတွေ့စေခဲ့သည်။ ဆန့်ကျင်ဇာတ်ဆောင်များနှင့် အားပြိုင်ခြင်းဖြင့် ဇာတ်လမ်းသည် ပို၍ ရှုပ်ထွေးလာသည်။ ဇာတ်နာလာသည်နှင့်အမျှ ဇာတ်ရှိန် မြင့်တက်လာသည်။ ဇာတ်တက်ပိုင်းတွင် ဆန့်ကျင်ဘက်အုပ်စုမှ တစ်ယောက်ပြီးတစ်ယောက်နှင့် ဇာတ်ဆောင်ကို ဆန့်ကျင် အားပြိုင်စေပြီးလျှင် အရှိန်အဟုန်ဖြင့် ဇာတ်ထွတ်ပိုင်းသို့ အရောက် ချီတက်သွားနိုင်ခဲ့သည်။ ကိုဘဖဲတို့က ကိုမြင့်မောင်အား လူမိုက်များငှား၍ လုပ်ကြံစေခြင်းသည် ဇာတ်ရှိန်အမြင့်ဆုံး ဇာတ်ထွတ်ပိုင်း ဖြစ်သည်။ ကိုမြင့်မောင်၏ အမှန်တရားကို သိလာကြပြီး ကိုဘဖဲတို့ အဖမ်းခံရသည်။ လှဲ့လှဲ့သည် ကိုမြင့်မောင်နှင့် လက်ထပ်ရန် ဆုံးဖြတ်ခဲ့သည်။

ခင်နှင်းယု၏ 'သရဖူ'ဝတ္ထုတွင် 'အေး'ကို ဆန့်ကျင်ဇာတ်ဆောင်သူ၏ ယောက္ခမကြီးနှင့် အားပြိုင်စေခဲ့ခြင်းဖြင့် ဇာတ်ရှိန်ကို မြင့်လာစေခဲ့သည်။ အဓိကဇာတ်ဆောင်နှင့် ဆန့်ကျင်ဘက်ဇာတ်ဆောင်တို့ အားပြိုင်ခန်းကို ဖန်တီးရာတွင် စာရေးဆရာ၏ ရည်ရွယ်ချက်ပေါ်တွင် မူတည်သည်။ အဓိကဇာတ်ဆောင်သည် ရည်ရွယ်ချက် ပေါ်လွင်စေရန် ရည်ရွယ်ချက်အတိုင်း သွားရသောဇာတ်ဆောင် ဖြစ်သည်။ ဆန့်ကျင်ဇာတ်ဆောင်သည် ရည်ရွယ်ချက်အတိုင်းသွားသောဇာတ်ဆောင်ကို ဆန့်ကျင်ရသော ဇာတ်ဆောင် ဖြစ်သည်။ အချို့ဝတ္ထုများ၌ ဇာတ်ဆောင်အချင်းချင်း အားပြိုင်ရာတွင် အဓိကဇာတ်ဆောင်သည် ဇာတ်ထွတ်သို့ မရောက်မချင်း အနာခံရလေ့ ရှိသည်။ မတရားသည့် ဇာတ်ဆောင်များက ရှေးဦးစွာ အနိုင်ရနေလေ့ရှိသည်။ ဇာတ်ထွတ်ရောက်မှ အမှန်တရားပေါ်လာကာ ဇာတ်ဆောင်က အသာရလာလေ့ရှိသည်။ ဇာတိမာန်ဝတ္ထုများတွင်မူ စာရေးသူ၏ ဇာတိမာန်စိတ် နိုးကြားလာစေလိုသော ရည်ရွယ်ချက်အရ ဇာတိမာန်ဇာတ်ဆောင်အဖြစ် ပါဝင်လှုပ်ရှားရသူ အဓိကဇာတ်ဆောင်နှင့် ဆန့်ကျင်ဇာတ်ဆောင်တို့ အားပြိုင်ရာတွင် အဓိကဇာတ်ဆောင်၏ ကိုယ်၊ နှုတ်၊ နှလုံး အမူအရာကို အသားပေးတင်ပြပြီး စာဖတ်သူ၏ စိတ်အာရုံ၌ နှစ်သက် စွဲမက်စေသည်။ ထိုနည်းဖြင့် ရည်ရွယ်ချက်သည် စာဖတ်သူ၏

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်အာရုံ၌ စွဲထင်လာအောင် ဖန်တီးယူလေ့ရှိသည်။ ဆန့်ကျင်ဇာတ်ဆောင်၏ ကိုယ်၊ နှုတ်၊ နှလုံး အမူအရာကို စာဖတ်သူ မနှစ်မြို့ဖွယ်၊ မုန်းတီးစက်ဆုပ်ဖွယ် ဖြစ်အောင် ဖွဲ့လေ့ရှိသည်။ တစ်ခါတစ်ရံတွင် ဆန့်ကျင်ဇာတ်ဆောင်၏ စရိုက်ကို ခပ်မှိန်မှိန် တင်ပြခြင်းဖြင့်လည်း စာရေးသူ တင်ပြလိုသည့် ရည်ရွယ်ချက် ပေါ်လွင်လာအောင် အားထုတ်လေ့ ရှိပါသည်။

မင်းဆွေ၏ 'တေး'ဝတ္ထုတွင် မျိုးမြင့်ရန်နောင်သည် မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို ပေါ်လွင်စေသည့် ဇာတ်ဆောင် ဖြစ်သည်။ ကိုမြင့်ဒင်သည် နယ်ချဲ့အလိုတော်ရိဖြစ်သည့် ဆန့်ကျင်ဇာတ်ဆောင် ဖြစ်သည်။ ဇာတ်ဆောင်နှစ်ဦး အားပြိုင်ရာတွင် စာရေးသူသည် အဓိကဇာတ်ဆောင် မျိုးမြင့်ရန်နောင်၏ စရိုက်ကို စာဖတ်သူတို့ စိတ်အာရုံ၌ စွဲထင် ကျန်ရစ်အောင် ဖွဲ့ပြီး ကိုမြင့်ဒင်၏ စရိုက်ကို ခပ်မှိန်မှိန် ဖွဲ့ထားသည်ကို တွေ့ရပါသည်။ ထိုသို့ တင်ပြခြင်းဖြင့် ဇာတ်ဆောင်တို့၏ အားပြိုင်မှု အရှိန် လျော့နည်းသည်။ 'တေး'ဝတ္ထုကို နှစ်သက်ကြခြင်းမှာ အားပြိုင်မှုကြောင့်ဟု မဆိုသာပါ။ မျိုးမြင့်ရန်နောင် ဇာတ်ဆောင်စရိုက်အဖွဲ့ ထူးခြားမှုကြောင့်သာ ဖြစ်ပါသည်။

'တေး'ဝတ္ထုတွင် မျိုးမြင့်ရန်နောင်၊ မြင့်မြင့်နှင့် ကိုမြင့်ဒင်တို့ စကားပြောခန်း၌ -

"ကျုပ်တို့ဟာ အမျိုးနဲ့ တိုင်းပြည်အတွက် အသက်ကို စွန့်စားထမ်းရွက်ခဲ့ကြတဲ့ စစ်သားမျိုးတွေ၊ စစ်မတိုက်ရရင် ထမင်းစားမဝင်ဘူး၊ ခံတွင်းပျက်တယ်"

"ဟုတ်ပေလိမ့်မယ်"

ယောက်ျားပျိုသည် ထိုင်ရာမှ ထပြီး ကြမ်းပြင်ပေါ် ခြေထောက်လျက် လေး ငါးလှမ်း လျှောက်၏။ ထို့နောက် ပြန်လာထိုင်ချပြန်လျက် -

"ကျုပ်အဖေက အသက်ကြီးမှ ဆရာစံသူပုန်မှာ ကျဆုံးခဲ့တယ်၊ နာမည်က ဦးဖြိုးတင့်တဲ့၊ ငွေအားနဲ့လည်း ထောက်ပံ့ခဲ့တယ်၊ နောက်ဆုံး ကျည်သင့်ပြီး အိမ်ပြန်ပြေး အသက်ပါသွားတာပဲ"

"သြော် - ဖြစ်မှ ဖြစ်ရလေဗျာ၊ ကျွတ် ... ကျွတ်"

"ဘာတုံး၊ ခင်ဗျား ကျုပ်အဖေကို မထီလေးစား လုပ်တာလား၊ ခင်ဗျား စိတ်မကောင်းပေမယ့် ကျုပ်အဖေ ကျုပ် မနှမြောဘူး၊

mgyoe.com

mgyoe.com SAMPLE BOOK

လောကမှာ လူဖြစ်လာပြီး သူ့ဝတ္ထုရေး သူ နားလည်သွားတာ"

မြင်မြင် မျက်ရိပ်ပြသဖြင့် ကိုမြင်ဒင် ဆိတ်ဆိတ် နေလိုက်ရလေ၏။

"မှတ်ထား၊ ကျုပ်အဖေ နာမည် ဦးဖြိုးတင့်တဲ့၊ ကျုပ်အဘိုးက ဦးရန်ဖြိုးလို့ ခေါ်တယ်၊ သီပေါမင်းလက်ထက်က တပ်မှူးကလေးပေါ့၊ ပါတော်မူပြီး ၁၅ နှစ်အကြာမှာ သီပေါမင်းရဲ့ သစ္စာတော်ခံများ ပုန်ကုန်ထကြွမယ် လုပ်တဲ့ဆီမှာ ကြံရာပါခဲ့တယ်၊ ဒါပေမဲ့ အထမမြောက်ခဲ့ဘူး"

"အကြောင်းမညီညွတ်ဘူးပေါ့ဗျာ"

"သည့်အထက်က ကျုပ်ရဲ့ ဘိုးတော်ကြီး ဦးရန်အောင်ပေါ့၊ ပုဂံမင်းလက်ထက် အင်္ဂလိပ်နဲ့ ဒုတိယစစ်ပွဲမှာ တပ်ရေးအရာရှိ နေရာက အမှုတော်ထမ်းခဲ့တယ်၊ မင်းတုန်းမင်း လက်ထက် လည်း ဆက်လက် ဆောင်ရွက်တယ်"[၁] ဟု ရေးဖွဲ့ထားသည်။

မျိုးမြင့်ရန်နောင်၏စရိုက် ပေါ်လွင်ပြီး ကိုမြင်ဒင်စရိုက် မှေးမှိန်စေရန် ပြောစကားများဖြင့် ဖန်တီးယူထားသည်။ ဇာတိမာန် ဇာတ်ဆောင်ကို အလင်းပေး၍ ရည်ရွယ်ချက်ကို ပေါ်လွင်စေသည့်နည်း ဖြစ်သည်။

ထို့အတူပင် မဟာဆွေ၏ 'သူပုန်အိမ်' ဝတ္ထုတွင်လည်း ဇာတိမာန်ရှိသော ဇာတ်ဆောင် စောရန်နောင်၏ ကိုယ်၊ နှုတ်၊ နှလုံး အမူအရာများကို အလင်းပေးဖွဲ့ဆိုပြီး ဆန့်ကျင်ဇာတ်ဆောင် စုံထောက်ဝန်ကလေး မောင်ဗွေးအောင်၏ စရိုက်ကို မှိန်၍ ဖွဲ့ထားသည့်အတွက် အားပြိုင်မှု အားနည်းသည်။ ဇာတ်လမ်းသဘောအရ စာဖတ်သူ၏ သိလိုစိတ်ကို သိသိသာသာ မထက်သန်စေသော်လည်း ဇာတ်ဆောင်အချင်းချင်း အားပြိုင်ရာတွင် ကိုယ်ရည်ကိုယ်သွေးကို အဆင့်ခြားနားအောင် ပြလိုက်ခြင်းဖြင့် ရည်ရွယ်ချက် ပို၍ ပေါ်လွင်လာစေပါသည်။ စာဖတ်သူ၌ ရည်ရွယ်ချက်ကို ဖော်ဆောင်မည့် အဓိကဇာတ်ဆောင်ကို အားပေးလိုစိတ် ထက်သန်လာစေသောနည်း ဖြစ်ပါသည်။

စုံထောက်ဝတ္ထုနှင့် လျှို့ဝှက်သည်းဖိုဝတ္ထုများတွင်မူ ဇာတ်ဆောင်တို့ စရိုက် အချင်းချင်း အားပြိုင်ရာ၌ ဇာတ်ထွတ်သို့ မရောက်မချင်း စုံထောက်

---

[၁] [illegible] ၁၉၉၂၊ ၁၀၅

mgyoe.com SAMPLE BOOK

ဇာတ်ဆောင်နှင့် လူဆိုးဇာတ်ဆောင်တို့၏ အားပြိုင်မှုကို တစ်ပြန် တစ်လှည့်မီ တန်းတူတင်ပြခြင်းဖြင့် တစ်ဖက်သတ် မဖြစ်ဘဲ စာဖတ်သူ၏ သိလိုစိတ်ကို ပို၍ ထက်သန်လာစေသည်။ ထိုနည်းဖြင့် ဇာတ်ရှိန် မြင့်တက်လာပြီး ဇာတ်လမ်းသည် စိတ်ဝင်စားဖွယ် ဖြစ်လာပါသည်။

ဇာတ်ဆောင်တို့၏ အားပြိုင်မှုကို စာရေးသူက မျှမျှတတ တင်ပြပေးခြင်းဖြင့် မည်သူ့ကိုမျှ အပြစ်မဆိုသာတော့ဘဲ လောကသဘော၊ လူ့သဘောဟု နားလည်လာစေပါသည်။ ခင်နှင်းယု၏ ဝတ္ထုများတွင် အားပြိုင်မှုများကို တင်ပြရာ၌ ဇာတ်ဆောင်များကြားတွင် ကွာခြားမှု မများပေ။

'ကျွန်းဧကရီနှင့် မိန်းမရိုင်း' ဝတ္ထုများသည် ဗိုလ်တင်မောင်၊ ပညာရေးမှူး ဦးကျော်မင်းနှင့် မမြလေးတို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ဖြစ်သည်။

မမြလေးသည် လင်ယောက်ျားနှင့် ခွဲခွာနေရခိုက်တွင် စန္ဒရားတီးသင်ရင်း ဦးကျော်မင်းနှင့် ငြိတွယ်မိသည့် ဇာတ်လမ်း ဖြစ်သည်။ အိမ်ထောင်ရေးဖောက်ပြန်မှုဇာတ်လမ်း ဖြစ်သော်လည်း အားပြိုင်မှုကို မျှမျှတတ တင်ပြသွားသောကြောင့် မည်သူ့ကိုမျှ အပြစ်မတင်သာတော့ပေ။ အားပြိုင်မှု အချိုးအစား ညီမျှသောကြောင့် ဇာတ်လမ်းသည် သိမ်သိမ်မွေ့မွေ့ ဖြစ်လာပြီး စာဖတ်သူအား လောက၏ ဖြစ်ပျက်တတ်သည့်သဘောကို ဆင်ခြင်မိလာစေပါသည်။

ဇာတ်ဆောင်အချင်းချင်း အားပြိုင်ရာတွင် အချစ်နှင့်ဘဝ၊ အချစ်နှင့်မာန၊ အချစ်နှင့် အမုန်း၊ ပညာနှင့် ဥစ္စာ စသည်ဖြင့် အားပြိုင်ရေးဖွဲ့လေ့ရှိသည်။ အချစ်နှင့် အချစ်ကိုလည်း ရသမြောက်အောင် အားပြိုင် ရေးဖွဲ့နိုင်ပါသည်။ ဂျာနယ်ကျော်မမလေး၏ 'မုန်း၍မပြေ' ဝတ္ထုတွင် ဦးစောဟန်၏အချစ်နှင့် ဝေဝေ၏ အချစ်ကို နှစ်သက်စွဲမက်ဖွယ်၊ ဆင်ခြင်ဖွယ်ဖြစ်အောင် အားပြိုင်ထားပါသည်။ ဦးစောဟန်၏ အချစ်မှာ လွှမ်းမိုးပိုင်စိုးလိုသောအချစ် ဖြစ်သည်။ ဝေဝေ၏ အချစ်မှာ ကြိတ်မှိတ်သည်းခံ၍ ပေးဆပ်အနစ်နာခံလိုသောအချစ် ဖြစ်သည်။ မတူညီသော အချစ်နှစ်မျိုးဖြင့် ဇာတ်ဆောင်နှစ်ဦးကို အားပြိုင်စေရာ၌ အားပြိုင်အချိုးအစား ညီမျှသည်။ စာရေးသူ၏ ဆန့်ကျင်ဘက်စရိုက်နှစ်မျိုးကို ပီပြင်အောင် သရုပ်ဖော် ခြယ်မှုန်းနိုင်သည့်အတွက် အားပြိုင်မှုအားကောင်းကာ ရသမြောက် ဝတ္ထုတစ်ပုဒ် ဖြစ်လာရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတွင် အားပြိုင်မှုကို သုံးရာ၌ စာရေးသူတို့သည် နည်းပရိယာယ် အမျိုးမျိုးကို သုံးတတ်ကြပါသည်။ အားပြိုင်မှုသုံးရာ၌ လည်းကောင်း၊ ဇာတ်ထွတ်ပိုင်းတွင် အားပြိုင်မှု၏ အနိုင်၊ အရှုံးကို ဆုံးဖြတ်ရာ၌ လည်းကောင်း အကျိုးသင့်၊ အကြောင်းသင့်ဖြစ်ရန်နှင့် သဘာဝကျရန် လိုအပ်သည်ဟု ထင်မြင်မိပါသည်။

## ၃း၄း၂း၃ လူ့အဖွဲ့အစည်းနှင့် အားပြိုင်ခြင်း

ထူးခြား ထင်ရှားသော ဝတ္ထုအများစုတွင် လူ့အဖွဲ့အစည်းနှင့် ဇာတ်ဆောင်၏ ပဋိပက္ခကို အခြေခံ၍ ဇာတ်အိမ်ဖွဲ့လေ့ရှိသည်။ ဇာတ်ဆောင်သည် မိမိ ရင်ဆိုင်နေရသော မိသားစု (ဝါ) လူ့အဖွဲ့အစည်းနှင့် ပဋိပက္ခဖြစ်ရသည်။ အားပြိုင်ရသည်။ ထိုသို့သော အားပြိုင်မှုများသည် ဒိဋ္ဌလောက၌ အမြဲလိုလို ကြုံတွေ့နေရသည်။ စာဖတ်သူသည်လည်း လူ့အဖွဲ့အစည်းနှင့် အားပြိုင်နေရသူပီပီ အဖြေကို သိလိုကြသည်။ လူ့အဖွဲ့အစည်းနှင့် အဆင်ပြေစေမည့် နည်းလမ်းကို စူးစမ်းရှာဖွေရင်း ဝတ္ထုများကို တစိုက်မတ်မတ် ဖတ်လေ့ရှိကြပါသည်။ ထိုအဖြေကို ပေးရမည့်သူမှာ ဝတ္ထုရေးသူ ဖြစ်ပါသည်။

ဒဂုန်တာရာ၏ 'မေ'ဝတ္ထုတွင် မေသည် လူ့အဖွဲ့အစည်းနှင့် ပဋိပက္ခဖြစ်ကာ အားပြိုင်နေရသောဇာတ်ဆောင် ဖြစ်သည်။ မေသည် ဆရာအတတ်သင်ကျောင်းထွက် ပညာတတ်တစ်ဦး ဖြစ်သည်။ ငယ်ရွယ်၍ ရုပ်ရည်ချောမောသည်။ စန္ဒရားတီးတတ်သည်။ အင်္ဂလိပ်စကားကို ကောင်းစွာ ပြောတတ်သည်။ ဖခင်သေဆုံးပြီးနောက် ပဲခူးရှိ အိမ်တစ်အိမ်တွင် စန္ဒရားသင်သည့် ဆရာမအဖြစ် သွားရောက်လုပ်ကိုင်ခဲ့သည်။ ထိုအိမ်မှ ကျင်းပသည့် ဧည့်ခံပွဲတွင် မေ၏ အလှ၊ စန္ဒရားလက်သံနှင့် အင်္ဂလိပ်စကားပြော ကောင်းမှုကြောင့် ထင်ရှားကျော်ကြားလာခဲ့သည်။ သို့ရာတွင် လူအားလုံးအပေါ် ညှို့ယူဖမ်းစားလိုသောစိတ်ကြောင့် ထိုအသိုက်အဝန်းနှင့် ပဋိပက္ခ ဖြစ်လာခဲ့သည်။ ထိုအိမ်မှ ထွက်ခဲ့ပြီးနောက် ရိုးသားဖြူစင်သော သူငယ်ချင်း၏အိမ်တွင် နေရင်း သူငယ်ချင်း၏အစ်ကို ကိုကျော်မြင့်နှင့် လက်ထပ်ဖြစ်ခဲ့သည်။ ကိုကျော်မြင့်နှင့် ဘဝတင့်တယ်၍ သားတစ်ယောက်ရသည့်တိုင် မေ၏ လူမှုရေးဖောက်ပြန်မှုကြောင့် အောက်တန်းလွှာ လူ့အဖွဲ့အစည်းထဲသို့ ပြန်လည် ရောက်ရှိသွားခဲ့သည်။ မေ၏

mgyoe.com

mgyoe.com SAMPLE BOOK

ပင်ကိုစရိုက်အားဖြင့် ရူးသွပ်မိုက်မဲမှု၊ မကောင်းမှု၌ မွေ့လျော်တတ်မှုတို့ကြောင့် လူ့အဖွဲ့အစည်းနှင့် အမြဲတမ်း အဆင်မပြေရပုံတို့ကို အားပြိုင် တင်ပြထားပါသည်။ လူ့အဖွဲ့အစည်းနှင့် အားပြိုင်ရင်း ကိုယ်ကျင့်သိက္ခာမဲ့မှုကြောင့် မေသည် ရှုံးနိမ့်ခဲ့ရပါသည်။

လင်းယုန်သစ်လွင်၏ 'ဓမ္မဝိလာသ'ဝတ္ထုတွင် ပုလဲသည် လူ့အဖွဲ့အစည်းနှင့် အားပြိုင်ရသော ဇာတ်ဆောင် ဖြစ်သည်။ ပုလဲသည် မောင်ညို၏ လှေနှင့် ပြန်လာရာတွင် လေထန်လှိုင်းကြီးသော မြစ်ပြင်၌ ညကာလတွင် မောင်ညို၏ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ရသည်။ ရုတ်တရက် လူတစ်ယောက် ပေါ်လာပြီး မောင်ညိုကို ကြိုးနှင့် တုပ်ထားခဲ့သည်။ ပုလဲသည် လွတ်မြောက်လာခဲ့သည်။ နောက်တစ်နေ့တွင် လှေထဲသို့ ရေများဝင်၍ မောင်ညို ရေမွန်းပြီး သေဆုံးသွားသည့်အလောင်းကို တွေ့ကြရသည်။ ပုလဲမှာ မောင်ညိုကြောင့် ကိုယ်ဝန်ဆောင်ခဲ့ရသည်။ ပုလဲနေထိုင်သည့် စက္ကော့ရွာမှ ရွာသားများသည် ရေလုပ်ငန်းဖြင့် အသက်မွေးပြီး စရိုက်ကြမ်းသူများ ဖြစ်ကြသည်။ မိမိတို့ရွာသူတစ်ယောက် ကိုယ်ဝန်ရှိလာသည့် ဖြစ်ရပ်ကို သိလျှင် ဓားဆွဲ၊ တုတ်ဆွဲနှင့် ကြမ်းမည့် ရမ်းမည့်သူများ ဖြစ်သည်။ ပုလဲ၏ဖြစ်ရပ်မှာလည်း မည်သူ့ကိုမျှ ဖွင့်ပြော၍ မရနိုင်ပေ။ ရွာသားများသိလျှင် ပုလဲအတွက် မသက်သာနိုင်ပေ။ ပုလဲကိုယ်ဝန်ကို မွေးဖွားပြီးသည်အထိ ဇာတ်လမ်းကို အချိန်ဆွဲနိုင်ရန် ဖက်ဆစ်ဂျပန်တို့က ရွာသားများအား ချေးတပ်ဆွဲသွားသည့်အတွက် မိန်းမများ၊ လူအိုနှင့် ကလေးများသာ ကျန်သည့် အနေအထားကို ဖန်တီးထားသည်။ ပုလဲ မွေးဖွားပြီးနောက် ခိုကိုးရာမဲ့ဖြစ်ကာ ရှင်ဓမ္မဝိလာသ၏ ကျောင်းတွင် မှီခိုနေရသည်။ ရွာသားများသည် ပုလဲကို ရှင်ဓမ္မဝိလာသနှင့် သံသယဖြစ်ကာ ကျောင်းကို ဖျက်ဆီးပစ်လိုက်ကြသည်။ ရွာသားများမလာမီ ပုလဲတို့ သတင်းရကာ ကပ္ပိယကြီးနှင့်အတူ လှေတစ်စင်းနှင့် ထွက်ပြေးသွားသည်။ ရှင်ဓမ္မဝိလာသလည်း ကျောင်းကို စွန့်ခွာသွားတော့သည်။

ထိုဇာတ်လမ်းတွင် ပုလဲသည် သူကျင်လည်ရာ လူ့အဖွဲ့အစည်းနှင့် ပဋိပက္ခဖြစ်ရသော ဇာတ်ဆောင် ဖြစ်သည်။ ပုလဲသည် လူ့အဖွဲ့အစည်းနှင့် အားပြိုင်ရသည်။ ဇာတ်လမ်းအဆုံးတွင် လူတစ်ယောက်၏ ကံကြမ္မာကို ဆင်ခြင်တုံတရား ကင်းမဲ့သည့် လူ့အဖွဲ့အစည်းက အနိုင်ယူ လွှမ်းမိုး ဝါးမျိုလိုသည့် လောကသဘောသည် ကွက်ကွက်ကွင်းကွင်း ပေါ်လာရပါသည်။ စရိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုး၊ သံသယဆိုးတို့၏ ဆိုးကျိုးကြောင့် အပြစ်မဲ့သူတို့ ဒုက္ခရောက်ရပုံကို ဆင်ခြင်မိသည်နှင့်အမျှ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုနှင့် မကင်းနိုင်သော လူ့ဘဝ၏ဖြစ်ရပ်များအပေါ် ဆင်ခြင်မိလာစေသည်။ ဇာတ်လမ်းဖန်တီးပုံ ကောင်းမွန်၍ ထူးခြားသော ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ 'ဓမ္မဝိလာသ' ဝတ္ထုတွင် ဇာတ်ဆောင်ပုလဲနှင့် လူ့အဖွဲ့အစည်း၏ အားပြိုင်မှုအပေါ် စာဖတ်သူတို့ စိုးတထိတ်ထိတ်ဖြင့် နစ်မျော လိုက်ပါသွားကြရပါသည်။ အားပြိုင်မှုအား ကောင်းသော ဝတ္ထုတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။

## ၃း၄း၂း၄ လူတစ်ဦးတည်း၏ အတွင်းစိတ်ချင်း အားပြိုင်ခြင်း

တကယ့်လောက၊ တကယ့်ဘဝ၌လည်း လူသားသည် မိမိတစ်ဦးတည်း စိတ်တွင်းအားပြိုင်မှုများနှင့် ရှုပ်ထွေးနေမြဲ ဖြစ်ပါသည်။ အချစ်နှင့် အမုန်း၊ ခွင့်လွှတ်ခြင်းနှင့် ရန်ငြိုး၊ စိတ်ကောင်းနှင့် စိတ်ယုတ်တို့ အချင်းချင်း ပဋိပက္ခ ဖြစ်နေတတ်ပါသည်။ တစ်ခါတစ်ရံတွင် ပဋိပက္ခစိတ်များ၏ အားပြိုင်မှုကြောင့် မိမိကိုယ်ကိုယ်ပင် မိမိ နားမလည်နိုင်သည့် အနေအထားမျိုးသို့ ရောက်ရှိတတ်ပါသည်။ ထိုသို့ အားပြိုင်မှုများကြားမှ ရုန်းထွက်ရန် ကြိုးစားနေခြင်းသည်ပင် ဆင်ခြင်တုံတရားဖြင့် တွေးတောနေသည်ဟုလည်း ဆိုနိုင်ပါသည်။ ဦးပုည၏ 'ရေသည်ပြဇာတ်'တွင် ရေသည်ယောကျ်ား၏ စိတ်ကောင်းနှင့် စိတ်ယုတ် အားပြိုင်မှုသည် ဇာတ်ဆောင်၏စရိုက်ကို ပီပြင်လာစေပါသည်။ လူသားဆန်လာစေသည့်အတွက် သဘာဝကျလာပါသည်။

လူသည် အမြဲထာဝရ စိတ်ကောင်းချည်း မမွေးနိုင်သကဲ့သို့ စိတ်ယုတ်စိတ်ညံ့ဖြင့်လည်း ထာဝရ ရှင်သန်နေသည် မဟုတ်ပါ။ လူ့လောကကို ထင်ဟပ်ရေးဖွဲ့သော ဝတ္ထုမှဇာတ်ဆောင်များကိုလည်း အကောင်းနှင့်အဆိုး အားပြိုင်မှုများ ဖန်တီးပေးရပါသည်။ ဇာတ်ဆောင်စရိုက် ပေါ်လွင်၍ သရုပ်မှန်သည်ဟု ထင်မြင်လာစေရန် ဖြစ်ပါသည်။ စိတ်တွင်းအားပြိုင်မှုများဖြင့် ဇာတ်ဆောင်၏ ခံစားမှု မြင့်မားလာသည်နှင့်အမျှ ခံစားမှုက စေညွှန်းသည့်အတိုင်း ကိုယ်၊ နှုတ်၊ နှလုံး အမူအရာများကို လိုက်ပါ လှုပ်ရှားစေခြင်းဖြင့် ဖြစ်ရပ်များ တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလာစေနိုင်ပါသည်။ ဖြစ်ရပ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်ရှိန်မြင့်မားလာပြီး စိတ်ဝင်စားဖွယ် ဖြစ်လာစေပါသည်။

ခင်နှင်းယု၏ 'အောင်မြင်သောနေ့' ဝတ္ထုတွင် ဇာတ်ဆောင် ကိုဖေမောင်သည် ဖခင်နှင့် နှမကို သေစေခဲ့သူ ကိုကျော်ညွှန့်အား သတ်၍ လက်စားချေလိုစိတ်များဖြင့် ပူလောင်နေသူ ဖြစ်ပါသည်။ ဇာတ်လမ်းတစ်လျှောက်လုံးတွင် ပြင်းပြသော လက်စားချေလိုစိတ်နှင့် တစ်ဖက်မှလည်း မိမိ မိသားစုအပေါ် ငဲ့ညှာသော စိတ်ချင်း အားပြိုင်ထားပါသည်။ ကိုဖေမောင်၏ စိတ်ချင်းအားပြိုင်မှုသည် ဇာတ်ထွတ်ပိုင်းသို့ ရောက်သောအခါ လက်စားချေလိုစိတ်ကို လက်လျှော့လိုက်ပါသည်။ ဇာတ်ဆောင်နှင့်အတူ မောခဲ့ရသော စာဖတ်သူတို့လည်း ဘဝအမော ပြေသွားရပါသည်။ ဇာတ်ထွတ်ပိုင်းတွင် ဆုံးဖြတ်ချက်အမှန်ကို ချနိုင်ရန် စာရေးသူသည် ကိုဖေမောင်၏ ဇာတ်လမ်းနှင့်အပြိုင် ကိုဘကွန်းနှင့် မေဘယ်လ်တို့၏ ဇာတ်လမ်းကို တင်ပြခဲ့သည်။ ကိုဘကွန်းသည် ဒေါသရှေ့ထား၍ လူသတ်မှုကို ကျူးလွန်မိသည့်အတွက် လူသတ်တရားခံအဖြစ် တရားရင်ဆိုင်နေရသူ ဖြစ်သည်။ မေဘယ်လ်သည် လင်ယောကျ်ားလွတ်မြောက်ရေးအတွက် မိမိကိုယ်ကိုပါ ပေးဆပ်ခဲ့ရသည်။

အဆုံးတွင် ကိုဘကွန်း ကြိုးမိန့်ကျခဲ့သည်။ မေဘယ်လ် သီလရှင်ဝတ်သွားသည်။ တစ်ဦးတည်းသော သားလေး အပါခမျာ မိဘမဲ့ ဖြစ်ရရှာသည်။ ထိုအတွေ့အကြုံကြောင့် ဇနီးနှင့်သမီးကို ငဲ့ကာ ဦးဖေမောင် စရိုက်ပြောင်းသွားခဲ့ခြင်း ဖြစ်သည်။

တစ်ခါတစ်ရံတွင် စာရေးသူသည် အသင့်ယုတ္တိ ရှိစေရန်အတွက် စိတ်တွင်းအားပြိုင်မှုများကို သုံးလေ့ ရှိပါသည်။ ဆရာကြီးပီမိုးနင်း၏ 'နေရီရီ' ဝတ္ထု၏ ရည်ရွယ်ချက်မှာ ရိုးသားသန့်စင်သော မေတ္တာစစ်၊ မေတ္တာမှန်တို့မည်သည်မှာ မည်သို့ပင် အခြေအနေ ခြားသော်လည်း အဆုံးတွင် အောင်မြင်ရမြဲဖြစ်သည်ဟူသော အတွေးအသိကို တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ အဆိုပါရည်ရွယ်ချက်အတိုင်း ဇာတ်လမ်းဆင်ရာတွင် အဓိကဇာတ်ဆောင် မောင်နေဝင်းသည် မိဘမဲ့ ဖြစ်သည်။ ရီရီမှာ အရေးပိုင်၏သမီး ဖြစ်သည်။ အထီးကျန်မောင်နေဝင်းကို ရီရီသည် ငယ်ဘဝတွင် ချစ်ခင်ကြင်နာစွာ ဆက်ဆံခဲ့သည်။ မောင်နေဝင်းနှင့် ရီရီတို့ ကွဲကွာသွားကြသည်။ ရီရီ၏ဖခင် အရေးပိုင်မင်းသေဆုံးပြီးနောက် ရီရီသည် မိဘအမွေများဖြင့် ချမ်းသာကြွယ်ဝသူ မိန်းမပျို

mgyoe.com SAMPLE BOOK

လေးတစ်ဦး ဖြစ်လာသည်။ မြို့အုပ်မင်း ကိုဖုန်းကျော်က ရီရီကို လက်ထပ်လို သည်။ မောင်နေဝင်းမှာမူ ဦးလေးဖြစ်သူ သေဆုံးပြီးနောက် ဦးလေးမိန်းမ အိမ်မှ ထွက်ခွာခဲ့ရသည်။ ခါးပိုက်နှိုက်လောကသို့ ရောက်ခဲ့ရသည်။ ထိုလောက မှ ရုန်းထွက်သော်လည်း ခါးပိုက်နှိုက် ဘကျော်နှင့် ဘသော်၏လက်မှ မလွတ်ဘဲ ပန်းထိမ်ဆရာကြီး ဦးကောင်း၏ ရွှေငွေများကို မောင်နေဝင်းထံမှ လုယူသွား ခဲ့ကြသည်။ မိမိအား သားကဲ့သို့ ဆက်ဆံ၍ ယုံကြည်ခဲ့သူများ၏ ပစ္စည်းများ ဆုံးရှုံးသောကြောင့် ဦးကောင်းတို့ထံသို့ မပြန်ရဲတော့ပေ။ တံငါရွာသို့ ရောက်နေ ခဲ့သည့် မောင်နေဝင်းနှင့် ရီရီတို့ ပြန်၍ ဆုံစည်းခဲ့ကြပါသည်။ သင်္ဘော ပျက်ရာတွင် ရီရီအသက်ကို မောင်နေဝင်းက ကယ်တင်ခဲ့ပါသည်။ ရီရီသည် မောင်နေဝင်းအား သံယောဇဉ်ရှိသည်။ သို့ရာတွင် အဆင့်အတန်းချင်း ကွာခြား လှသည်။ အဆင့်အတန်းချင်း ကွာခြားလှသော မောင်နေဝင်းအား ရွေးချယ်ရန် မှာ သဘာဝ မကျနိုင်ပေ။

စာရေးသူ၏ ရည်ရွယ်ချက်အတွက် ရီရီအား ဇွတ်အတင်း မောင် နေဝင်းဘက်သို့ လျင်မြန်စွာ တိမ်းညွတ်စေလျှင် ရီရီ၏စရိုက်သည် အားနည်း သွားမည်။ စာရေးသူသည် မောင်နေဝင်းအပေါ် သံယောဇဉ်ရှိသော်လည်း မတိမ်းညွတ်မိအောင် ဆင်ခြင်တုံတရားဖြင့် အတန်တန် ထိန်းသိမ်းသည့် အခန်း များကို အသင့်ယုတ္တိရှိအောင် ရေးသားတင်ပြသည်။

ထိုသို့ မေတ္တာစိတ်ကို ဆင်ခြင်တုံတရားဖြင့် အားပြိုင်၍ ချိုးနှိမ်တင်ပြ ခဲ့ပါသည်။ တစ်ဖက်မှလည်း မြို့အုပ်မောင်ဖုန်းကျော်၏ စိတ်ထားယုတ်ညံ့သော အပြုအမူများကို တစ်ဆင့်ပြီးတစ်ဆင့် တင်ပြခဲ့သည်။ မောင်နေဝင်း၏ ဖြူစင် သောစိတ်နှင့် မြို့အုပ်မင်း၏ ကောက်ကျစ်သောစိတ်များကို ဖြစ်ရပ်များဖြင့် အားပြိုင်ပေးသည်။ ထိုနည်းဖြင့် အသင့်ယုတ္တိ အားကောင်းလာပြီး ဇာတ်သိမ်း တွင် မောင်နေဝင်းနှင့် ရီရီတို့အား ပေါင်းဖက်စေသောအခါ စာဖတ်သူတို့ အနေနှင့် အကျိုးသင့်၊ အကြောင်းသင့် ဖြစ်သည်ဟု လက်ခံလာစေပါသည်။

### ၃း၄း၂း၅ ကံကြမ္မာနှင့် အားပြိုင်ခြင်း

လူသားသည် ကံကြမ္မာနှင့် မကင်းနိုင်ပေ။ ကံကြမ္မာနှင့် စိုးမိုးခြယ်

mgyoe.com

mgyoe.com
SAMPLE BOOK

လှယ်မှုကို ခံရမြဲ ဖြစ်သည်။ ဒိဋ္ဌလောကတွင် လူသားသည် ကံကြမ္မာနှင့် အားပြိုင်နေရသကဲ့သို့ ဝတ္ထုထဲမှ ဇာတ်ဆောင်သည်လည်း ကံကြမ္မာနှင့် အားပြိုင်ရပါသည်။

ဂျိမ်း(စ်)လှကျော်၏ 'မောင်ရင်မောင် မမယ်မ' ဝတ္ထုတစ်ပုဒ်လုံးတွင် မောင်ရင်မောင်၊ မမယ်မ၊ မစောတင်တို့သည် ကံကြမ္မာနှင့် အားပြိုင်ရသော ဇာတ်ဆောင်များ ဖြစ်သည်။ မောင်ရင်မောင်သည် ငယ်စဉ်ကတည်းက မိဘမဲ့ ဖြစ်ခဲ့ရသည်။ သို့ရာတွင် မွေးစားမိဘများက သားအရင်းပမာ ချစ်ခင်ခဲ့သည်။ ချစ်သူ မမယ်မနှင့် လက်တွဲရမည့် ဘဝခရီးသည် ချောမွေ့လျက် ရှိလာပြန်သည်။ သို့ရာတွင် ကံဆိုးမိုးမှောင်ကျ၍ ရာဇဝတ်သား ဖြစ်ခဲ့ရသည်။ ကံအားလျော်စွာ ဖခင်ရင်း ဦးပေါ်လာနှင့် ပြန်တွေ့ခဲ့သည်။ ပညာများ သင်ခဲ့ရသည်။ ရတနာမြေပုံကို ရခဲ့သည်။ ထောင်တွင်းမှ လွတ်မြောက်ခဲ့သည်။ မမယ်မထံသို့ လာခဲ့ရာတွင် မမယ်မသည် မောင်မြတ်သာနှင့် လက်ထပ်သွားပြီ ဖြစ်သည်။ ရွှေဘိုမြို့ဝန်၏သမီး မစောတင်နှင့် ဆုံစည်းခဲ့ရပြန်သည်။ မစောတင်နှင့် ပြန်လည် ပေါင်းဖက်အံ့ဆဲဆဲတွင် ကပ်ရောဂါဖြင့် မစောတင် သေဆုံးခဲ့ပြန်သည်။ မောင်ရင်မောင်သည် ကံတရားကြောင့်ပင် မင်းပြောင်းမင်းလဲနှင့်ကြုံ၍ ရာဇဝတ်ဘေးမှ လွတ်မြောက်ခဲ့ရပြန်သည်။ မမယ်မနှင့် ပြန်လည်ဆုံစည်းပေါင်းဖက်ခွင့် ရခဲ့ပါသည်။ ဇာတ်လမ်းအစမှ အဆုံးတိုင် ဇာတ်ဆောင်တို့သည် ကံကြမ္မာနှင့် အားပြိုင်ခဲ့ကြပါသည်။

ကံကြမ္မာနှင့် အားပြိုင်မှုများဖြင့် ဇာတ်လမ်းဆင်ထားသော ဝတ္ထုများသည် ကံကြမ္မာ၏ လှည့်စားမှုအတိုင်း ဖြစ်ရ၊ ပျက်ရရှာသော လူ့ဘဝအမျိုးမျိုးကို ဝမ်းနည်းဖွယ်၊ ပျော်ရွှင်ဖွယ်၊ အံ့သြဖွယ် ခံစားမှုများ ဖြစ်ပေါ်အောင် ဇာတ်ကွက်ဆင် ရေးဖွဲ့လေ့ရှိသည်။ အများအားဖြင့် ကံကြမ္မာနှင့် အားပြိုင်သော ဝတ္ထုများသည် ကြေကွဲဝမ်းနည်းဖွယ် ဖြစ်ရပ်များ ပါဝင်လေ့ ရှိပါသည်။ စာဖတ်သူတို့အနေနှင့် ဖတ်ပြီးလျှင် တသသဖြစ် ကျန်ရစ်တတ်ပါသည်။

သခင်ဘသောင်း၏ 'ပန်းသာမစာဥ' ဝတ္ထုမှ ဥသည် စာဖတ်သူ၏ ရင်၌ စွဲထင် ကျန်ရစ်သော ကရုဏာသက်ဖွယ် ဇာတ်ဆောင်တစ်ဦးဖြစ်ပြီးလျှင် ဝတ္ထုပါ ဖြစ်ရပ်များမှာလည်း အမှတ်ထင်ထင် ကျန်ရစ်တတ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၃း၄း၃ အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း

ဝတ္ထုဇာတ်လမ်း၏ သဘောမှာ စာရေးသူ ပြောလိုသော ဖြစ်ရပ်များကို စိစဥ်ရွေးချယ်ရသည်။ ချိတ်ဆက်ရသည်။ ဖြစ်ရပ်များနှင့် လိုက်ဖက်သော ဇာတ်ဆောင်များကို ပါဝင်လှုပ်ရှားစေရသည်။ အချင်းချင်း အားပြိုင်စေရသည်။ စကားပြောစေရသည်။ အဆိုပါ အချက်များအားလုံးသည် စာရေးသူ၏ စိတ်ကူးထဲ၌ ရှိပြီး ဖြစ်သည်။ ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်း၊ စိတ်နေသဘောထား၊ ဇာတ်ဝင်ခန်းအလိုက် လှုပ်ရှားမည့် အမူအရာ၊ ပြောဆိုမည့်စကားများကို စာရေးသူ သိမြင်ခံစားရသကဲ့သို့ စာဖတ်သူတို့အနေနှင့် သိမြင်ခံစားလာရန် ကြိုးပမ်းရသည်။ စာရေးသူ၏ ဇာတ်အိမ်ဖွဲ့ထားသော အတွေးစိတ်ကူးအားလုံး စာဖတ်သူထံသို့ အရောက်ပို့ဆောင်ရာတွင် ဇာတ်လမ်း၏နေရာ၊ ဒေသ၊ အချိန်ကာလနောက်ခံ အခင်းအကျင်းကို စာဖတ်သူ၌ ထင်မြင်လာအောင် ရေးဖွဲ့ရပါသည်။ ဇာတ်ဆောင်တို့၏ သွင်ပြင်အမူအရာ လှုပ်ရှားမှုကို ထင်မြင်လာအောင် သရုပ်ဖော်ရပါသည်။ ဇာတ်ဆောင်တို့၏ ပြောသံဆိုသံကို ကြားလာအောင် ဖန်တီးရပါသည်။ ဇာတ်ဆောင်တို့၏ ခံစားမှုအတွေးများကို စာဖတ်သူ ခံစား တွေးတောလာနိုင်အောင် စွမ်းဆောင်ရပါသည်။ ထိုအချက်များ ပြီးပြည့်စုံရန် စာရေးသူသည် အနုစိတ် ခြယ်မှုန်းရေးဖွဲ့ တင်ပြရန် လိုအပ်လှပါသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ပွန်ပက်နှင့် မာတင်ကွိုင်း ရေးသားသော Literary Terms and Criticism စာအုပ်တွင် -

> 'ဇာတ်ဆောင်ကို ဖန်တီးသူမှာ စာရေးဆရာဖြစ်၍ စာရေးဆရာ၏ လူ့ဘောင်အဖွဲ့အစည်းနှင့် လူသားဆက်စပ်နေမှုအပေါ် စာရေးသူ၏ အမြင်သည် သူတင်ပြသော ဇာတ်ဆောင်တိုင်း၏ စရိုက်တွင် ထင်ဟပ်နေလိမ့်မည်။ စာရေးဆရာသည် မိမိအမြင် ပေါ်လွင်ထင်ရှားလာစေရန် အနုစိတ်ခြယ်မှုန်းရေးသားရန် လိုပါသည်။ ဇာတ်ဆောင်များသာမက ဝတ္ထုတစ်ပုဒ်လုံး၏ သက်ဆိုင်ရာ အစိတ်အပိုင်းတိုင်းတွင် အသေးစိတ် ရေးသားရပါမည်'[၁] ဟု ဖော်ပြထားပါသည်။

---

၁ Peck & Coyle, 1985, 105.

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတွင် အနုစိတ် ခြယ်မှုန်းရေးဖွဲ့ခြင်း၏ အရေးပါမှုကို အထက်ဖော်ပြပါ စာအုပ်၌ပင် -

'ဝတ္ထုရှည်သည် စာမျက်နှာတိုင်း၌ အနုစိတ်ရေးသားမှုပေါင်းများစွာပါဝင်သည့် ရှည်လျားသော လုပ်ငန်းတစ်ခု ဖြစ်သည်။ စာရေးသူသည် ရှုပ်ထွေးသောအချက်များကို တင်ပြသည်။ ထိုအချက်များသည် အဖြေတစ်ခုခု၊ သို့မဟုတ် ဆုံးဖြတ်ချက်တစ်ခုခု ရရန်အတွက် လိုအပ်သည်။ ထိုသို့ အနုစိတ်ရေးသားခြင်း၏ ရလဒ်မှာ ဇာတ်ဆောင် (ဝါ) ဖြစ်ရပ်၏ ရှုပ်ထွေးသည့် သရုပ်မှန်ကို အလိုလို သိရှိ နားလည်လာနိုင်သည်'

ဟု လည်းကောင်း၊

'ဇာတ်ကြောင်းကို ဝတ္ထုအသွင်ပြောင်းရာ၌ အခြေခံပုံ ဝတ္ထုကို အနုစိတ် ခြယ်မှုန်းရေးသားမှုများစွာဖြင့် ခက်ခဲရှုပ်ထွေးလာစေသည်။ ထိုသို့ အနုစိတ်ရေးသားခြင်းဖြင့် ရှုပ်ထွေးသော ဖြစ်ရပ်များ၏ ဖြစ်ပျက်ပုံနှင့် လူတို့၏ အကြောင်းကို အနီးကပ် တွေ့မြင်ခံစားစေနိုင်သည်'[၂] ဟု လည်းကောင်း ဖော်ပြထားပါသည်။

ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လမ်းသရုပ်ပေါ်ရန်အတွက် ဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်၊ ကာလ၊ ဒေသနောက်ခံ၊ ပြောစကားတို့ကို အနုစိတ်ရေးသားတင်ပြရန် လိုပါသည်။ ဇာတ်ဆောင်တို့၏ သွင်ပြင်ပုံပန်း၊ အမူအရာ၊ လှုပ်ရှားမှု၊ ခံစားမှု၊ အတွေးတို့ကို စာဖတ်သူ၏ စိတ်အာရုံ၌ ထင်မြင်လာစေရန်နှင့် စာဖတ်သူထံသို့ ခံစားမှု ကူးစက်လာစေရန် အနုစိတ် ရေးသားတင်ပြရပါမည်။ ကာလ၊ ဒေသနောက်ခံ၏ အနေအထား၊ အဆင်အပြင်တို့ကို အမြင်၊ အကြား အာရုံ၌ ထင်ဟပ်လာအောင် အနုစိတ် သရုပ်ဖော်ရပါမည်။ ပြောစကားများမှာလည်း ဇာတ်လမ်း၏ ရည်ရွယ်ချက်၊ ဇာတ်ဆောင်တို့၏ သွင်ပြင်ပုံပန်း၊ အမူအရာ၊ ခံစားချက်၊ အတွေးများ ပေါ်လွင်လာစေမည့် ပြောစကားဖြစ်အောင် အသေးစိတ် ဖန်တီးရေးဖွဲ့ရပါမည်။ ဇာတ်လမ်းတွင် ပါဝင်သမျှအရာအားလုံး စာဖတ်သူ၏စိတ်၌ ထင်မြင်ခံစားလာနိုင်အောင် အားထုတ်ရာတွင် အနုစိတ်ခြယ်မှုန်းတင်ပြမှု အတတ်ပညာသည် အဓိက ကျပါသည်။

---

၁ Peck & Coyle, 1985, 103.

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်လမ်း၏ဖြစ်စဉ်ကို အရိုးခံအတိုင်း တင်ပြရေးသားနေလျှင် ဇာတ်ကြောင်း ပုံပြင်အဆင့်ကို ကျော်လွန်မည် မဟုတ်ပါ။ ရသမြောက် ဝတ္ထုတစ်ပုဒ် ဖြစ်လာစေရန် ဝတ္ထုပါဖြစ်ရပ်နှင့် ဇာတ်ဆောင်တို့နှင့် ပတ်သက်သမျှ အရာအားလုံးကို စာဖတ်သူထံသို့ အနုစိတ် ခြယ်မှုန်းရေးဖွဲ့ခြင်းဖြင့် အရောက်ပို့ဆောင်ရမည် ဖြစ်ပါသည်။ ဇာတ်လမ်းအဖြစ်အပျက်နှင့် ဇာတ်ဆောင်တို့ကို စာဖတ်သူတို့ အနီးကပ် ရှုမြင်ခံစားနိုင်စေရန် စာရေးသူအနေနှင့် စိတ်ကူးနှင့် ဖန်တီးမှုတွင် စိတ်ရှည်ရသကဲ့သို့ စိတ်ကူးကို သရုပ်ဖော်ရေးဖွဲ့ရာ၌လည်း စိတ်ရှည်ရန် လိုအပ်ပါသည်။

အနုစိတ် ခြယ်မှုန်းရေးဖွဲ့မှုနှင့် ပတ်သက်၍ (၁) ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်း အမူအရာကို အနုစိတ် သရုပ်ဖော်ခြင်း၊ (၂) ဇာတ်ကွက်အလိုက် ဇာတ်ဆောင်၏ လှုပ်ရှားဟန်ကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်း၊ (၃) ဇာတ်ဆောင်၏ခံစားမှုကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်း၊ (၄) ဇာတ်ဆောင်၏ အတွေးစဉ်ကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်း၊ (၅) ကာလ၊ ဒေသ နောက်ခံကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်းဟူ၍ ခွဲခြားနိုင်ပါသည်။

### ၃း၄း၃း၁ (၁) ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်း အမူအရာကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ခြင်း

ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်း အမူအရာကို အနုစိတ် ရေးဖွဲ့ခြင်းဖြင့် ဇာတ်ဆောင်၏ စိတ်အခြေအနေကို ခန့်မှန်းနိုင်စေပါသည်။ ရှေ့ဆက်မည့် ဇာတ်လမ်းတွင် ဇာတ်ဆောင် မည်သို့ ပါဝင်လှုပ်ရှားမည်ကို သိလိုစိတ် ဖြစ်ပေါ်လာစေပါသည်။ ဇာတ်ဆောင်မှတစ်ဆင့် ဇာတ်ဆောင် ပါဝင်လှုပ်ရှားမည့် ဇာတ်လမ်းအပေါ် စာဖတ်သူတို့ အာရုံဝင်စားလာရပါသည်။

ခင်နှင်းယု၏ 'ပန်းများကိုပွင့်စေသူ' ဝတ္ထု၏ ဇာတ်ပျိုးပိုင်းတွင် အဓိကဇာတ်ဆောင် ဦးထင်ပေါ်နှင့် စာဖတ်သူတို့အား ဇာတ်ဆောင် မခင်သိုက်၏ အမြင်နှင့် မိတ်ဆက်တင်ပြပေးခဲ့သည်။

ထိုသို့ တင်ပြရာ၌ ဦးထင်ပေါ်၏ သွင်ပြင်ပုံပန်းကို –

'သူ့ပုံပန်းသဏ္ဌာန်မှာ လှသည်ဟု မဆိုနိုင်သော်လည်း တွေးတောရခက်သော မူဟန်ပိုင်ရှင်ဖြစ်၍ ထူးဆန်းသည်ဟု ဆိုရပေ

mgyoe.com

mgyoe.com SAMPLE BOOK

မည်။ ပခုံးထောင့်ကျယ်ကျယ်၊ ခြေတံရှည်ရှည်နှင့် နောက်က ကြည့်လျှင် ယောက်ျားပီသသော လူချောတစ်ယောက်လို ကြည့်၍ ကောင်းပေသည်။ သူ့မျက်နှာကမူ မြင့်မားသောခန္ဓာကိုယ်နှင့် မလိုက်ဖက်အောင် ပုတိုလှသည်။ များသောအားဖြင့် ထိုကဲ့သို့ ခန္ဓာကိုယ်များတွင် ရှည်လျားသွယ်တန်းသော နှာတံများ ပါနေကျ ဖြစ်သော်လည်း သူ့နှာခေါင်းသည် အရင်းနိမ့်၍ အဖျားပွထူကာ ဝက်နှာခေါင်းလို ရှိပေသည်။ အသားဖြူ၍ အစဉ်ပြုံးချိုနေသော ကြောင့်သာ မျက်နှာမှာ အကြည့်ရမဆိုးပေ။ သေး၍ ရှည်မျောမျော မျက်လုံးလေးများမှာ သူ ဘာကို စဉ်းစားနေသည်ကို အသိရခက် သော သဏ္ဌာန်ရှိသည်။ အခြားသူများနှင့် စကားပြောနေစဉ် တဟဲဟဲ နှင့် ရယ်မောကာ ကိုယ်ကို လှုပ်ရှားနေတတ်၏။ လက်ချောင်းများမှ တီးလုံးတစ်ခုခုကို တီးနေဟန် ရှိပေသည်။ စကားပြောလျှင်လည်း သက်သောင့်သက်သာ အေးအေးဆေးဆေးပင် ပြောတတ်ပေသည်'[၁] ဟု အနုစိတ် ရေးဖွဲ့တင်ပြထားပါသည်။

ဇာတ်ဆောင် ဦးထင်ပေါ်သည် ထိုဝတ္ထုတွင် ထူးခြားသော စရိုက် ပိုင်ရှင်ဖြစ်သည်။ လက်စားချေတတ်ခြင်းသည် သူ၏ အဓိကစရိုက် ဖြစ်သည်။ ဇာတ်ပျိုးပိုင်းတွင် မခင်သိုက်၏ ရှုထောင့်မှ ဦးထင်ပေါ်၏ ရုပ်အသွင်ကို အနုစိတ် တင်ပြလိုက်ခြင်းဖြင့် စာဖတ်သူ၏ စိတ်မျက်စိ၌ ဦးထင်ပေါ်၏ ရုပ်အသွင်နှင့် အမူအရာသည် ထင်မြင်လာရပါသည်။ ရုပ်အသွင်၏ ထူးခြားမှု အပေါ် အလေးဂရုပြုမိလာသော စာဖတ်သူအနေနှင့် ဇာတ်ဆောင်၏စရိုက်ကို စိတ်ဝင်စားစ ပြုလာပါသည်။ ရှေ့ဆက်မည့် ဇာတ်လမ်း၏ အလားအလာကို မှန်းဆစ ပြုလာပါသည်။ ဇာတ်ဆောင်အပေါ် အခြေတည်၍ ဇာတ်လမ်းရွေ့ လျားမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို ခန့်မှန်းစ ပြုလာပါသည်။ အနုစိတ်ခြယ်မှုန်းမှု ကြောင့် ဇာတ်ပျိုးပိုင်း၌ပင် စိတ်ဝင်စားဖွယ် ဖြစ်လာရပါသည်။

---

၁ ခင်နှင်းယု၊ ၁၉၉၄၊ ၂-၃။

mgyoe.com